မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက် ၂၀၁၉ ခုနှစ်၊ ဇွန် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၂၆၉)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

မြန်မာ-ဂျာမနီ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၂၅

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး Mrs. Dorothee Janetzke- Wenzel အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ဂျာမနီ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ အထူးသဖြင့် ပညာရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်ရေးကဏ္ဍတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး Mrs. Dorothee Janetzke- Wenzel အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

အမေရိကန်၏ အရေးယူပိတ်ဆို့မှုများက သံတမန်ဆက်ဆံရေးကို ပစ်မှတ်ထားနေသည်ဟု အီရန်ဆို

စာ » ၁၄

ယနေ့ထုတ် သတင်းစာတွင် ဖတ်ရှုရမည့် ယနေ့ရန်ကုန် အချပ်ပို လေးမျက်နှာ

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၅-၆-၂၀၁၉

မချမ်းဘောမြို့	၄	ဒသမ	၁၇	လက်မ
သိမ်ဇရပ်မြို့	၃	ဒသမ	၀၃	လက်မ
နမ့်စန်မြို့	၂	ဒသမ	၆၃	လက်မ
ရွှေကျင်မြို့	၂	ဒသမ	၄၀	လက်မ
ကြာအင်းဆိပ်ကြီးမြို့	၂	ဒသမ	၃၂	လက်မ
ပူတာအိုမြို့	၂	ဒသမ	၀၉	လက်မ
ပျဉ်းမနားမြို့(ဝဲကြီး)	၁	ဒသမ	၇၇	လက်မ
ကော့ကရိတ်မြို့	၁	ဒသမ	၃၈	လက်မ
သံတောင်ကြီးမြို့	၁	ဒသမ	၀၂	လက်မ

KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

ကလေးများအတွက်

ကလေးစာပေ

လူ့ဘဝသို့ ရောက်ရှိလာသည့် ကလေးငယ်တစ်ယောက်၏ ပထမဆုံး သုံးနှစ်တာကာလတွင် ဦးနှောက်၏ ၈၀ ရာခိုင်နှုန်းခန့် ဖွံ့ဖြိုးပြီး အသက်ရှစ်နှစ်အထိ ကာလတစ်လျှောက်သည် ကလေးငယ်များ၏ ဉာဏ်ရည်နှင့် ဦးနှောက်ဖွံ့ဖြိုးမှုအကောင်းဆုံးအချိန်ဖြစ်သည်။ ထိုအရွယ်မှာပင် ဘာသာစကားကို သင်ယူမှုနှင့် ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာမှု၊ မိသားစုအပါအဝင် အနီးမှ လူများ၏ ဓလေ့စရိုက်၊ အပြုအမူတို့ကို အတုခိုးမှုတို့ကို ပြုလုပ်ကြသည်။ ငယ်စဉ်ဘဝမှာ ကျင်လည်ကြီးပြင်းခဲ့ရသည့် မိသားစုနှင့် ပတ်ဝန်းကျင်အခြေအနေတို့က ကလေးတစ်ယောက်၏ အနာဂတ်ဘဝအပေါ်တွင် အကျိုးသက်ရောက်မှုရှိသည့်အလျောက် ငယ်ဘဝကတည်းက ကလေးငယ်များ၏ ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးနှင့်အတူ ဉာဏ်ရည်ဖွံ့ဖြိုးရေး၊ စိတ်ခံစားမှုဖွံ့ဖြိုးရေးတို့ကိုပါ လေ့ကျင့်သင်ကြားပေးကြရန် သုတေသီတို့က အကြံပြုကြသည်။

ကလေးများ ပျော်ရွှင်စွာဖြင့် ပညာဗဟုသုတများ ရှာဖွေလိုစိတ်တို့ ရင့်သန်လာစေရန်၊ စာဖတ်ခြင်းကို နှစ်သက်ပျော်မွေ့ပြီး စာပေမှတစ်ဆင့် သုတနှင့် ရသခံစားမှုတို့ ခံယူရရှိနိုင်ကြစေရန်အတွက် ကလေးစာပေပွဲတော်များကို ကျင်းပလာခဲ့သည်မှာ သုံးနှစ်သုံးမိုးပင် ရှိခဲ့ပြီဖြစ်သည်။ ကလေးစာပေပွဲတော်များတွင် ပါဝင်ဆင်နွှဲကြရင်း ကိုယ်ကာယကြံ့ခိုင်ရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးရေးနှင့် ခံစားမှုဖွံ့ဖြိုးရေးတို့အတွက် အတွေ့အကြုံများကိုလည်း ရရှိနိုင်ခဲ့ကြသည့်အပြင် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်နှင့် စုပေါင်းလုပ်ဆောင်လိုသည့် စိတ်ဓာတ်တို့ကိုပါ ရရှိနိုင်ကြသည်။

"ကလေးများသည် စာဖတ်ခြင်းမှ မသိသေးသည့် အကြောင်းအရာများကို စာပေမှ သိရှိလာမည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင် ခေါင်းဆောင်မည့်ကလေးများသည် စာဖတ်ခြင်းတွင် မွေ့လျော်ပြီး စာပေသည် မိတ်ဆွေဖြစ်သည်ဆိုသည့် သဘောမျိုးခံယူသွားမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ သန္နိဋ္ဌာန်ချစိတ်ရှိစေရန် မိဘဆရာသမားများက ဝိုင်းဝန်းကူညီအားပေးပံ့ပိုးပေးရန် လိုအပ်ပါကြောင်း၊ ကလေးများအတွက် စာဖတ်ခန်းများ ရှိစေရန်၊ စာကြည့်တိုက်များဖြစ်မြောက်လာစေရန် ဝိုင်းဝန်းအားပေးကူညီကြရန် လိုအပ်ပါကြောင်း၊ ကလေးများအတွက် စာကောင်းပေကောင်းဖတ်ရှုနိုင်ရန် ၊ လက်လှမ်းမီနိုင်ရန်အတွက်လည်း မိဘဆရာများက ဝိုင်းဝန်းပံ့ပိုးကြရန် လိုအပ်ပါကြောင်း" စသည်ဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ဇွန် ၂၅ ရက်က ကျင်းပသည့် ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ ကလေးများနှင့် စာအုပ်စာပေတို့ ရင်းရင်းနှီးနှီးထိတွေ့နိုင်စေရေးအတွက် အရေးကြီးသော အချက်များပင်ဖြစ်သည်။

ကလေးစာပေဟူသည် ကလေးများဖတ်ရှုဖို့ပင်ဖြစ်သည့်အလျောက် ကလေးများစိတ်ဝင်စားဖွယ်ဖြစ်သော၊ ကလေးများနှင့် လိုက်ဖက်ဆီလျော်သော၊ ကလေးများ ဖတ်ရှုနားလည်နိုင်ပြီး ဗဟုသုတကြွယ်ဝနိုင်စေသော စာအုပ်စာပေများကို ရေးသားပြုစု ဖန်တီးထုတ်လုပ်နိုင်ကြရန် လိုအပ်သကဲ့သို့ ကလေးများအတွက် စာအုပ်စာစောင်များကို ကလေးများနှင့် လက်တစ်လှမ်းအမီတွင် ထားရှိရမည်လည်းဖြစ်သည်။ ဦးနှောက်နှင့် ဉာဏ်ရည်တို့ လျှင်လျှင်မြန်မြန် ဖွံ့ဖြိုးနေဆဲအရွယ်၊ ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုကို အခံရဆုံးအရွယ်ဖြစ်သည့် ကလေးငယ်များအတွက် ကလေးစာပေများ ဖတ်ရှုနိုင်မည့် ကလေးစာဖတ်ခန်း၊ ကလေးစာကြည့်တိုက်များ မြို့တိုင်း၊ ရွာတိုင်း၊ ကျောင်းတိုင်းမှာ ဖန်တီးပေါ်ပေါက်နိုင်ကြပါစေကြောင်း။ ။

ဆက်သွယ်စုံစမ်းနိုင်

သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း - ၀၉-၄၄၂၅၅၀၇၆၄

ကြေးမုံ - ၀၉-၂၅၀၁၈၉၂၇၇

ကနေဒါနိုင်ငံ Canada day အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၅

ကနေဒါနိုင်ငံ၏ Canada day အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ချက်ထရီယမ် ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ကနေဒါနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး Ms.Karen Macarthur နှင့် ပြည်ထောင်စုဝန်ကြီးဦးဟန်ဇော်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ကနေဒါနိုင်ငံ၏ Canada day အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညစာစားပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

ဘားအံမြို့၌ အုပ်ချုပ်ရေးနှင့်စီးပွားရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၅

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ နည်းပညာအကူအညီဖြင့် **"အုပ်ချုပ်ရေးနှင့်စီးပွားရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု"** ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ သီရိဘားအံဟိုတယ်၌ ကျင်းပသည်။

အဂတိကင်းစင်ရန်

အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်ရာတွင် ပြည်နယ်မှပူးပေါင်းပါဝင်သွားမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများကို ချက်ချင်းပပျောက်အောင် မဆောင်ရွက်နိုင်ဘဲ ထိန်းချုပ်ပြီး တဖြည်းဖြည်း လျော့နည်းအောင်သာ လုပ်၍ရပြီး ထိုသို့လျော့နည်းရန် လူတိုင်းအသိပညာရှိကာ အဂတိတရားလေးပါးကင်းရန်လိုပါကြောင်း၊ နယ်မြေ/ဒေသအလိုက် မူးယစ်ကင်းစင်ရန်၊ အမှိုက်ကင်းစင်ရန်အပြင် အဂတိကင်းစင်ရန် ဆောင်ရွက်ရာတွင် အဂတိကင်းစင်သော နယ်မြေငယ်မှ တဖြည်းဖြည်းကျယ်ပြန့်လာအောင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှု သို့မဟုတ် အကျင့်ဖောက်ပြန်မှုသည် အစိုးရရုံးဌာနများ၊ စီးပွားရေးလုပ်ငန်းများအပါအဝင် လူ့အဖွဲ့အစည်းအသီးသီးတွင် ကျယ်ပြန့်စွာ လိုက်စားဖျက်ဆီးနေသည့် တိတ်တိတ်ပုန်းအကျင့်ဆိုးတစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ အုပ်ချုပ်ရေးအဆင့်ကို လျော့နည်းကျဆင်းစေ၍ လူ့အခွင့်အရေးဖောက်ဖျက်မှုများဆီသို့ ဦးတည်စေသည့်အပြင် အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် အများယုံကြည်လက်ခံနိုင်စွမ်း ဆုံးရှုံးစေခြင်း၊ ပြည်သူ့ဘဏ္ဍာရန်ပုံငွေများကို လမ်းလွှဲသို့ရောက်ရှိစေခြင်း၊ အထွေထွေကုန်ပစ္စည်းဈေးနှုန်းများ ကြီးမြင့်စေခြင်းနှင့် လူ့အဖွဲ့အစည်းများတွင် တန်းတူညီမျှမှုနှင့် သင့်တော်မျှတမှု ပျောက်ဆုံးခြင်းတို့ကို ဖြစ်ပေါ်စေလျက်ရှိပါကြောင်း။

ပြုပြင်ပြောင်းလဲစေခြင်း

အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည် ကော်မရှင်တစ်ခုတည်းသို့မဟုတ် အစိုးရဌာနများဘက်ကချည်းသာ လုပ်ဆောင်ရသည့် အလုပ်မျိုးမဟုတ်ဘဲ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစုအဖွဲ့အလိုက်နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်လည်း ပါဝင်ဆောင်ရွက်ကြရမည့် အလုပ်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု(သို့မဟုတ်) အကျင့်ဖောက်ပြန်မှုကို တိုက်ဖျက်ရာတွင် အကျင့်ဖောက်ပြန်မှုများ ဆက်လက်မလုပ်ဖြစ်စေရန်အတွက် မိမိကိုယ်ကိုယ်မိမိ ပြုပြင်ပြောင်းလဲစေခြင်းသည်သာလျှင် အဓိကလိုရင်းဖြစ်ပါကြောင်း။

စုပေါင်းအင်အားဖြင့် တိုက်ဖျက်သွားမည်

အဂတိလိုက်စားမှု သို့မဟုတ် အကျင့်ဖောက်ပြန်မှုများသည် နယ်စပ်ဒေသများတွင် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ တောရိုင်းတိရစ္ဆာန်ကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ တရားမဝင် ကုန်သွယ်မှုနှင့် အခြားနယ်စပ်ဖြတ်ကျော် အုပ်စုဖွဲ့ကျူးလွန်သောပြစ်မှု အားလုံးလိုလိုနှင့် ဆက်စပ်ပြီး ရှုပ်ထွေးသောကွင်းဆက်များ၏ အခြေခံပြဿနာဖြစ်ကြောင်း၊ အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုကြီးတစ်ရပ်လုံးက အဂတိလိုက်စားမှုကို လုံးဝသည်းမခံ၊ ခွင့်မလွှတ်သောမူဝါဒ ချမှတ်လျက် ဖြောင့်မတ်တည်ကြည်မှု အစုအဖွဲ့အဖြစ် စုဖွဲ့ပြီး အဂတိလိုက်စားမှုကို စုပေါင်းအင်အားဖြင့် တစ်ပြိုင်နက် တိုက်ဖျက်သွားနိုင်ကြမည် ဆိုပါက အဆိုပါ ဒုစရိုက်ကွင်းဆက် အများအပြားကို သေချာဖြတ်တောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က "ဖြောင့်မတ်တည်ကြည်မှုရှိသော အုပ်ချုပ်ရေးကဏ္ဍ"၊ ဒေါက်တာတင်မောင်သန်း (သင့်ဘဝ)က "ဖြောင့်မတ်တည်ကြည်မှုရှိသော အုပ်ချုပ်ရေးကဏ္ဍ"၊ ကုန်သည်/ စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်က "ဖြောင့်မတ်တည်ကြည်မှုရှိသော စီးပွားရေးကဏ္ဍ"၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်မွန်က "အများပြည်သူဝန်ဆောင်မှု၌ ဖြောင့်မတ်တည်ကြည်မှု"၊ ဘားအံမြို့မှ ဒေသခံစီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ် ဦးစောဟန်အေးက "ဖြောင့်မတ်တည်ကြည်မှုရှိသော စီးပွားရေးလုပ်ငန်းများ"၊ ဘားအံမြို့မှ ဒေသခံCSO ကိုယ်စားလှယ် ဦးစောကျော်ဇွာက "ဖြောင့်မတ်တည်ကြည်မှုရှိသော CSO ကဏ္ဍ"၊ UNDP ကိုယ်စားလှယ် ဦးအောင်ထွန်းက "အဂတိလိုက်စားမှုအန္တရာယ်ဖြစ်နိုင်ခြေရှိမှု" ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်ကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ဧည့်သည်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၅

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်၏ ဒုတိယအကြိမ် အပစ်အခတ်ရပ်စဲရေး ကာလအတွင်း ငြိမ်းချမ်းရေးနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ဆွေးနွေးဆောင်ရွက်မှု၊ NCA လက်မှတ်ရေးထိုးရန် ကျန်ရှိသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာန လူသားလုံခြုံရေးဌာန အကြီးတန်းစေ့စပ်ညှိနှိုင်းရေးမှူး Dr Julian Thomas Hottinger နှင့်အဖွဲ့အား တွေ့ဆုံပြီး တပ်မတော်၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဒေါက်တာဝင်းမြတ်အေးတို့ ဖားကန့်ဒေသ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဒေါက်တာဝင်းမြတ်အေးတို့သည် ဖားကန့်မြို့နယ်ရှိ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ရေမဆေးကျောက်ရှာဖွေသူများနှင့် ယမန်နေ့ နံနက်ပိုင်းက ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဒေါက်တာဝင်းမြတ်အေးတို့ ဆန်ခါနွံကန် မပြိုစေရန် အကေးရှား (မန်ဂျန်ရှား) ပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

လွတ်မြောက်ရေးကြိုးပမ်း

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီများ အသီးသီးဖွဲ့စည်းထားပြီး အစီအမံများရေးဆွဲကာ ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးကာ မူးယစ်သံသရာမှ လွတ်မြောက်ရေးကြိုးပမ်းပေးရန်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေချိန်တွင် လောဘကြောင့် အသက်အန္တရာယ်ဖြစ်စေမည့် လုပ်ငန်းမျိုးကို ရွေးချယ်ခြင်းမပြုဘဲ ရှောင်ရှားသင့်ပါကြောင်း၊ သစ်တောကြိုးဝိုင်းမြေနှင့် ရတနာမြေဆိုသည်မှာ ဥပဒေအရ အမြဲတမ်းအခြေချနေထိုင်ခွင့်မရှိပါကြောင်းနှင့် နိုင်ငံတော်က ဥပဒေနှင့်အညီ ဘေးကင်းလုံခြုံသည့် လုပ်ငန်းခွင်ဖြစ်အောင် ဖော်ဆောင်ပေးရန် ကြိုးပမ်းနေပါကြောင်း၊ အလုပ်သမားများ၊ ဒေသခံများ၊ လုပ်ငန်းရှင်များအားလုံးက ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် အတူတကွ ပူးပေါင်းပါဝင်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဖားကန့်ဒေသထွက် ကျောက်စိမ်းကို ကမ္ဘာပေါ်တွင် လူသိများပါကြောင်း၊ ရတနာဆိုသည်မှာဖြစ်ထွန်းတည်ရှိရန် သက်တမ်းကြာရှည်ပါကြောင်း၊ နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ရန် ကျောက်မျက်မှရရှိသည့် အခွန်ငွေများသည် များစွာအကျိုးပြုလျက်ရှိပါကြောင်း၊ ဖားကန့်ဒေသသည် နှစ်စဉ်မိုးရေချိန် လက်မ ၆၀ အထက် ရွာသွန်းလေ့ရှိပြီး သစ်တောများပြုန်းတီးမှုကြောင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်လာသဖြင့် သစ်ပင်စိုက်ပျိုးခြင်းကို ဆောင်ရွက်ကြရန်၊ လက်လုပ်လက်စားများအတွက်လုပ်ကွက်များ ခွင့်ပြုပေးမည်ဖြစ်သဖြင့် စနစ်တကျ တူးဖော်လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် စိတ်စေတနာကောင်းနှင့် ဆောင်ရွက်ပါက အကျိုးပေးလည်း ကောင်းမည်ဖြစ်သဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ဖားကန့်ဒေသရှိ လက်ရှိအခြေအနေ၊ တွေ့ကြုံနေရသော အခက်အခဲနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့်သူများက ရတနာမြေကို မိုးတွင်းကာလ (၃) လတာ ရပ်နားထားမည့် အခြေအနေ၊ ဥရုချောင်းမြေထိန်းနံရံနှင့် နုန်းတားတာများ ဆောင်ရွက်နိုင်မည့် အခြေအနေ၊ မိုးကောင်း - ဖားကန့် ကားလမ်းပြင်ဆင်ပေးနိုင်မည့် အခြေအနေနှင့် ပြန်လည်နေရာချထားပေးမည့် အစီအမံများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ပြန်လည် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝေအောင်ကမ္ဘာကျောက်မျက်ကုမ္ပဏီ၊ ရတနာရွှေအိတ်၊ တောက်ပသောကြယ်အလင်း၊ မြန်မာပထမကျောက်မျက်ကုမ္ပဏီတို့က စိုက်ပျိုးထားသော အကေးရှား (မန်ဂျန်ရှား) ပင်များ ဆန်ခါနွံကန် မပြိုစေရန်ဆောင်ရွက်နေသော လုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၅

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စ၊ ရပ်ဝန်းနှင့်ပိုးလမ်းမ အစီအစဉ်အောက်တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စ၊ မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးနှစ် (၇၀) ပြည့်မြောက်မည့် ၂၀၂၀ ပြည့်နှစ်တွင် အခမ်းအနားများ ပူးတွဲကျင်းပရန်ကိစ္စ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီပံ့ပိုးရေးကိစ္စ၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံမှ တိုးမြှင့်ကူညီဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

၂၀၁၉ ခုနှစ်၊ ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့် မေးခွန်းပုံစံနှင့် ပတ်သက်၍ အချက်အလက်အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၅

၂၀၁၉ ခုနှစ်၊ ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရာတွင် အသုံးပြုမည့် မေးခွန်းပုံစံနှင့် ပတ်သက်၍ အချက်အလက် အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ၂၀၁၉ ခုနှစ်၊ ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရာတွင် အသုံးပြုမည့် မေးခွန်းပုံစံနှင့် ပတ်သက်၍ အချက်အလက် အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းမှ ရရှိခဲ့သည့် ကိန်းဂဏန်း၊ အချက်အလက်များအပေါ် အခြေခံကာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မူဝါဒများ ချမှတ်နိုင်ရေးနှင့် လိုအပ်သည့် စီမံကိန်းများ ရေးဆွဲဆောင်ရွက်နိုင်ရေး၊ ရွေးကောက်ပွဲဆိုင်ရာမဲစာရင်းများ တိကျမှန်ကန်စေရေးတို့အတွက် ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ သို့သော် စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များသည် ပြောင်းလဲလာသည့် လက်ရှိအခြေအနေများကို ကိုယ်စားပြုနိုင်ရန် အဓိကကျပါကြောင်း။

(၁၀) နှစ် တစ်ကြိမ်ကောက်ယူသည့် သန်းခေါင်စာရင်း၏ အချက်အလက်များကို လက်ရှိအခြေအနေနှင့် ကွာဟမှုမရှိစေရန်နှင့် ပြောင်းလဲမှုကိုသိရှိနိုင်စေရန်အတွက် ကမ္ဘာ့နိုင်ငံများ၌ ဆောင်ရွက်လျက်ရှိသည့် အတွေ့အကြုံများကို လေ့လာသုံးသပ်ကာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီး (၅) နှစ်အကြာဖြစ်သည့် ယခု ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ကော်မတီများကိုလည်း အဆင့်ဆင့်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစီမံချက်အရ ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းပြုစုခြင်းနှင့် အစီရင်ခံစာ ထုတ်ပြန်ခြင်းစသည့် လုပ်ငန်းများ လျာထားချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုလက်ရှိတွင် နမူနာကောက်ကွက်ရွေးချယ်ခြင်းနှင့် ကောက်ကွက်အရွယ်အစား သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် မြေပုံရေးဆွဲခြင်းနှင့် update ပြုလုပ်ခြင်း၊ နမူနာကောက်ကွက်များအား Digitize မြေပုံများထုတ်လုပ်ခြင်း၊ မြေပြင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေပုံထုတ်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ စာရင်းကောက်ကွက် ၄၀၀၀ ကျော်အတွက် မြေပုံများ update ပြုလုပ်ခြင်းနှင့် Digitize ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ နေပြည်တော် ကောင်စီနယ်မြေ၊ ရောဝတီနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ချင်းနှင့် ကရင်ပြည်နယ်တို့တွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လက်ရှိတွင် ကယား၊ မွန်နှင့် ကချင်ပြည်နယ်တို့တွင် ကွင်းဆင်းဆောင်ရွက်နေဆဲဖြစ်ပါကြောင်း။

ယခုဆောင်ရွက်မည့် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့် မေးခွန်းလွှာ(မူကြမ်း)ကို ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း မေးခွန်းလွှာကို အခြေခံပြုစုကာ စာရင်းအချက်အလက် အသုံးပြုသည့် ဌာနများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ထည့်သွင်းကောက်ယူလိုသည့် အကြောင်းအရာ အချက်အလက်များနှင့် သဘောထားမှတ်ချက်များကို တောင်းခံပြုစုထားခြင်းဖြစ်ပါကြောင်း၊ ကြားဖြတ်သန်းခေါင်စာရင်းမေးခွန်းလွှာ (မူကြမ်း) အပေါ် တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအရ အဆင့်ဆင့်တင်ပြအတည်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရာတွင် ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူစဉ်ကကဲ့သို့ မေးခွန်းစာရွက်များနှင့် Manual ကောက်ယူခြင်းမျိုးမဟုတ်ဘဲ Mobile Tablets များ အသုံးပြု၍ ကွန်ပျူတာအခြေပြုလူတစ်ဦးချင်း အင်တာဗျူးသည့်စနစ် (Computer Assisted Personal Interviewing-CAPI) နည်းပညာကို အသုံးပြုကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စာရင်းကောက်ကြာချိန်နှင့် ကာလကန့်သတ်ချက်တို့ကို ထည့်သွင်းစဉ်းစား၍ လိုအပ်သော အညွှန်းကိန်းများ ရရှိစေရေးနှင့် မေးခွန်းများဖောင်းပွမှုမဖြစ်စေရေး၊ အခြားဌာနများမှ ကောက်ယူထားသည့်စာရင်းများနှင့် မထပ်စေရေးတို့အတွက် ဂရုပြုကြစေလိုပါကြောင်း၊ ၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး နည်းပညာနှင့်ဆက်စပ်သည့် ပံ့ပိုးမှုများအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ယခုအခါ UNFPA ၊ World Bank ၊ OneMap Myanmar ၊ ADB တို့မှ နည်းပညာအပါအဝင် လိုအပ်သည့် ပံ့ပိုးမှုများအတွက် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် လူဦးရေစာရင်းဇယားများ၊ လူဦးရေနှင့် ဆက်စပ်သည့် အညွှန်းကိန်းများရရှိရေးအတွက် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ အားလုံးက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ ကြားဖြတ်သန်းခေါင်စာရင်း မေးခွန်းလွှာပြင်ဆင်အတည်ပြုနိုင်ရေးအတွက် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် UNFPA ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan နှင့် ADB ကိုယ်စားလှယ် Mr. Chris Spohr တို့က ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်နှင့် တာဝန်ရှိသူများက ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ မေးခွန်းပုံစံများကို ရှင်းလင်းတင်ပြကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီတွင် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားဒူဝါ ဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်၊ ကချင်ပြည်နယ်တာဝန်ခံဦးညွန့်စိန်၊ ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲခေတ္တဥက္ကဋ္ဌ ဦးမလန်ကမ်ဖန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိများ၊ ပါတီရုံးဖွင့်လှစ်ထားရှိသော နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြသောအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်စိန်က ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရေးနှင့် မှန်ကန်တိကျသော မဲဆန္ဒရှင်စာရင်းများ ရရှိစေရေးအထူးအလေးထားဆောင်ရွက်နေပါကြောင်း၊ အမျိုးသမီးများ၊ မသန်စွမ်းများ၊ အသက် (၁၈) နှစ်ပြည့်ပြီး ပထမဆုံးအကြိမ် မဲပေးမည့်လူငယ်များ၊ ရွှေ့ပြောင်းလုပ်သားများနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုချိန်ကတည်းကပင် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲဆန္ဒရှင်စာရင်းကောက်ယူသည့် အဖွဲ့များ လာရောက်ချိန်တွင် အချက်အလက်များ မှန်ကန်စေရန် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်ပြည်သူလူထုသို့ မဲဆန္ဒရှင်အသိပညာပေးခြင်းကို ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့ပြီး ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးထွန်းအောင်ခိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ နှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြသည်။

အခမ်းအနားတွင် တက်ရောက်လာသော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များနှင့် သိရှိလိုသည်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်စိန်က ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၅

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။ **မိုး/ဇလ**

ငမြှောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေးအတွက် ဒရုန်းဖြင့် ဆေးဖျန်းခြင်း လက်တွေ့သရုပ်ပြပွဲကျင်းပ

တောင်ကြီး ဇွန် ၂၅

တောင်ကြီးမြို့နယ် မိုင်းသော်အရှေ့ကျေးရွာအုပ်စု ဟဲကယ်ကျေးရွာရှိ တောင်သူဦးလှသော်၏ အစေ့ထုတ်ပြောင်းစိုက်ခင်းတွင် ငမြှောင်တောင် ကာကွယ်နှိမ်နင်းရန်အတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြင်းကျားကုမ္ပဏီတို့ ပူးပေါင်း၍ ဒရုန်းဖြင့် ဆေးဖျန်းခြင်း လက်တွေ့သရုပ်ပြပွဲနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်က ရှမ်းပြည်နယ်အတွင်း ငမြှောင်တောင် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ထောက်ပံ့ပစ္စည်း ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ စွန့်ဦးတီထွင်လူငယ်ပညာရှင်များအသင်းမှလည်း ငမြှောင်တောင် ကာကွယ်နှိမ်နင်းနည်းများကို ပါဝင် ဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော ပစ္စည်းများနှင့် ကုမ္ပဏီမှ ထောက်ပံ့ပေးအပ်သော ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးအဖွဲ့သည် ပြောင်းစိုက်ခင်းအတွင်း ဒရုန်းဖြင့်ဆေးဖျန်းခြင်း လက်တွေ့သရုပ်ပြဆောင်ရွက်နေမှုကို ကြည့်ရှုကြသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြင်းကျားကုမ္ပဏီတို့ ပူးပေါင်းပြီး ငမြှောင်တောင် ကာကွယ်နှိမ်နင်းရေးအတွက် သက်သာသောနှုန်းထားများဖြင့် လိုက်လံဆောင်ရွက်ပေးနေကြောင်း သိရသည်။ **မောင်ကျော်ကြီး**

မဟာဗျူဟာမြောက် ကျန်းမာရေးဆက်သွယ်မှုလုပ်ငန်းပညာရပ်ဖြင့် မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၅
မဟာဗျူဟာမြောက် ကျန်းမာရေး ဆက်သွယ်မှု လုပ်ငန်းပညာရပ်ဖြင့် မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အောင်မြင်မှုရရှိစေရေးအတွက် ကျန်းမာရေး အသိပညာဗဟုသုတများနှင့် သတင်းစကားများအား ပြည်သူများထံသို့ ရောက်ရှိစေရေးအတွက် ဆက်သွယ်ဖြန့်ဝေခြင်း လုပ်ငန်းများသည် အရေးကြီးသဖြင့် ယနေ့ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတွင် မဟာဗျူဟာမြောက် ကျန်းမာရေး ဆက်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုမည့် အချက်များမှာ လွန်စွာအရေးကြီးပါကြောင်း။

ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုဆိုင်ရာ အသိအမြင်များရရှိကာ ခံယူချက်ကောင်းများဖြင့် အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးနိုင်ရေးအတွက် သိပ္ပံနည်းကျ ဆက်သွယ်ခြင်း၊ အသိပေးခြင်း၊ စည်းရုံးခြင်းနှင့် လှုံ့ဆော်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများ အားလုံးသိရှိနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အဆုတ်ရောဂါ၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါများအပါအဝင် ရောဂါအမျိုးမျိုးဖြစ်ပွားနိုင်ပြီး ဘဝနေထိုင်မှု အရည်အသွေးကျဆင်းခြင်း၊ အချိန်မတိုင်ခင်စောစီးစွာ သေဆုံးခြင်း၊ ရောဂါဖြစ်ပွားသူ၏ မိသားစုတွင်လည်း စိတ်ပူပင်သောကဖြစ်ခြင်း၊ လူမှုစီးပွားဘဝများ ထိခိုက်ဆုံးရှုံးခြင်းတို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ကြီးမားစွာသော အဟန့်အတားဖြစ်စေပါကြောင်း။

ပြည်သူများအတွက် ကောင်းကျိုးမရှိဘဲ ဆိုးကျိုးအန္တရာယ်အလွန်များပြားသော ဆေးလိပ်နှင့် ဆေးရွက်ကြီး ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲမှုများ လျော့နည်းပပျောက်စေရန်အတွက် နီးနွယ်ဝန်ကြီးဌာန၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ အားလုံး ဝိုင်းဝန်းပါဝင်၍ ဥပဒေများ၊ မူဝါဒများ၊ မဟာဗျူဟာလုပ်ငန်းစဉ်များချမှတ်ကာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ ပညာရှင်များပါဝင် တက်ရောက်သည်ဖြစ်သဖြင့် နိုင်ငံတကာတွင် ဆောင်ရွက်ခဲ့သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု လျော့နည်းကျဆင်းရေးဆိုင်ရာ မဟာဗျူဟာမြောက် ဆက်သွယ်ရေးလုပ်ငန်း အတွေ့အကြုံများကို ဝေမျှနိုင်မည်ဖြစ်ပါကြောင်း။

ပြည်သူများအားလုံး ကျန်းမာပြီး နိုင်ငံတော် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေး လုပ်ငန်းများကို ရှုထောင့်စုံ၊ ပညာရပ်ကဏ္ဍစုံ၊ ဌာနစုံဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Vital Strategies အဖွဲ့မှ Senior Advisor Dr. Tom Carroll နှင့် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာ သန်းစိန်တို့က အမှာစကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ကြီးဌာန၊ Vital Strategies အဖွဲ့၊ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းတို့မှ ပညာရှင်များ၊ သြစတြေးလျ၊ အင်ဒိုနီးရှား၊ ဟော်လန်နှင့်ဖိလစ်ပိုင်နိုင်ငံတို့မှ ပညာရှင်များပါဝင်တက်ရောက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းထိန်းချုပ်ရေးဆိုင်ရာ မဟာဗျူဟာမြောက် ဆက်သွယ်ရေးလုပ်ငန်း အတွေ့အကြုံများကို ဟောပြောဆွေးနွေးခြင်း၊ ဝိုင်းဖွဲ့အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လုပ်ငန်းများဆောင်ရွက်ရာတွင် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကို အရှိန်အဟုန်မြှင့် အသုံးချဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိန်က ဝန်ကြီးဌာနရှိ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးချဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်တင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ကြီးဌာန၏လုပ်ငန်းများကို ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာအား အကျိုးရှိ ထိရောက်စွာအသုံးချ၍ ပိုမိုလျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၁/၂၀၁၉
၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

ပြည်နယ်ဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဘိုဘိုဝေမောင်(ခ)စောဘိုဘိုကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၂၅
၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် (၉၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်အဖြစ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲကို နေပြည်တော် ရုံးအမှတ်(၁၆) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၌ ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဈေးရောင်းပွဲတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်များ၊ အဝတ်အထည်အမျိုးမျိုး၊ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် လက်မှုပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး အများပြည်သူများအနေဖြင့် လာရောက်ကြည့်ရှု၍ လွတ်လပ်စွာ ဝယ်ယူအားပေးနိုင်ကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့၏ ဆောင်ပုဒ်မှာ "အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖို့ သမဝါယမအသင်းများ ဆောင်ရွက်စို့"ဖြစ်သည်။ **မောင်လူမော်**

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၅- စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ (၁/၂၀၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၂၅
နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီ၏ (၁/၂၀၁၉)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက UEHRD ကော်မတီ၏လုပ်ငန်းတာဝန်များဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရေး စသည့် အချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ UEHRD ကော်မတီ၏ Task Forces ၁၀ ဖွဲ့နှင့်လည်း လုပ်ငန်းများပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းကော်မတီ (၄)ရပ်ဖြင့်လည်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးကိစ္စများနှင့် ပတ်သက်၍ ASEAN-EART နှင့် AHA Centre အဖွဲ့မှ တာဝန်ရှိသူများ လာရောက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်လည်လက်ခံရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ကနဦးလေ့လာဆန်းစစ်ချက်ကို ဆောင်ရွက်ခဲ့ပါကြောင်း။

လက်ခံရေးစခန်းများနှင့် ကြားစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသူများအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းများပေးရေး၊ နည်းပညာအကူအညီများပံ့ပိုးရေး၊ သတင်းဖြန့်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ရရှိရေး စသည့်ကဏ္ဍများတွင် အာဆီယံနိုင်ငံများက ပူးပေါင်းကူညီ ဆောင်ရွက်ရေးတို့ကို ရှေ့လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်အကောင်အထည်ဖော်ကြမည် ဖြစ်ပါကြောင်း၊ ပြန်လည်နေရာချထားရေးကိစ္စတွင် လက်ရှိဖြစ်ပေါ်နေသော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် တိုင်းရင်းသားများအတွက်လည်း မိုးရာသီအမီ တိုက်ပွဲရှောင်စခန်းများအား ပြည်နယ်အစိုးရရန်ပုံငွေနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ပေးနေကြောင်း၊ နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ IDP စခန်းများပိတ်သိမ်းရေး၊ အမျိုးသားအဆင့်မဟာဗျူဟာ ရေးဆွဲပြီးဖြစ်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို စနစ်တကျရေးဆွဲရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းများ ပြန်လည်ဆန်းစစ်ရန်နှင့် ယနေ့အစည်းအဝေးက ဆွေးနွေးဆုံးဖြတ်ချက်များကို တာဝန်ယူ၍ ဆက်လက် ဆောင်ရွက်ကြပါရန် ပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ ပူးတွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကမောင်တောခရိုင်အတွင်း ပြန်လည်နေရာချထားပေးမည့် အစီအစဉ်များ၊ ဆောက်လုပ်ထားသော ပြန်လည်လက်ခံရေးစခန်းများကို ထိန်းသိမ်းထားရှိမှု အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်- မြန်မာ နှစ်နိုင်ငံသဘောတူညီချက်များအတိုင်း စိစစ်၍ ပြန်လည်လက်ခံဆောင်ရွက်မည့် အခြေအနေများ၊ IDP စခန်းများ ပိတ်သိမ်းဆောင်ရွက်မည့် အခြေအနေများ၊ လက်ရှိဖြစ်ပေါ်နေသော တိုက်ပွဲရှောင် ပြည်သူများအတွက် ပြန်လည်နေရာချထားပေးရမည့် ကိစ္စရပ်များ၊ ASEAN- EART Team နှင့် AHA Centre တို့နှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မည့်အခြေအနေတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေရန် ကြိုတင်အသိပညာပေးခြင်းသည် ထိရောက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ် ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်အန္တရာယ်အသိပညာများ ရောက်ရှိစေရန် နည်းလမ်းအမျိုးမျိုး ဆောင်ရွက်လျက်ရှိ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သည့် သဝဏ်လွှာ

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့)

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျင်းပလျက်ရှိရာ ယနေ့ ၂၀၁၉ ခုနှစ်မှာဆိုလျှင် (၃၂) ကြိမ်ရှိပြီ ဖြစ်ပါသည်။ နိုင်ငံသူ/ နိုင်ငံသားများအားလုံး အနေဖြင့် မူးယစ်ဆေးဝါး၏ ခြိမ်းခြောက်မှုမှ ကင်းဝေးကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့နိုင်ငံများတွင်ရှိသည့် လူသားများ၏ ကျန်းမာရေး၊ လူမှုစီးပွားရေးတို့ကို ခြိမ်းခြောက်လျက်ရှိပြီး နိုင်ငံဖြတ်ကျော်မှုခင်းများကိုဖြစ်ပေါ်စေသကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်စွဲကိုင်တော်လှန်မှုများနှင့် လက်နက်ကိုင်သောင်းကျန်းမှုများသည် မူးယစ်ဆေးဝါးမှ ရရှိသည့် ငွေကြေးများကို အသုံးပြု၍ ဆောင်ရွက်နေလျက်ရှိသဖြင့် နယ်မြေတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို လှိုက်စားလာကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့လူဦးရေ၏ ၅.၆% ဖြစ်သည့် လူဦးရေ ၂၇၅ သန်းသည် တစ်နှစ်အတွင်း မူးယစ်ဆေးဝါးအနည်းဆုံးတစ်ကြိမ် သုံးစွဲဖူးသူများ ဖြစ်ပါသည်။ ထိုသူများထဲမှ လူဦးရေ ၃၁ သန်းသည် မူးယစ်ဆေးစွဲနေသဖြင့် ဆေးကုသရန် လိုအပ်နေကြသူများ ဖြစ်ကြပါသည်။ သို့ဖြစ်၍ တရားစီရင်မှု၊ အကျဉ်းထောင်များ၊ ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ငွေကြေးကုန်ကျမှု များပြားလျက်ရှိပါသည်။ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် မိသားစုတွင် စီးပွားရေး၊ လူမှုရေး အခက်အခဲများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်လာနိုင်ပါသည်။

ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်ရန်

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် ကြိုတင်ကာကွယ်ရေးသည် အဓိကကျသည့် အချက်တစ်ချက်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးများ အန္တရာယ်အသိပညာပေးရန်နှင့် လိုက်နာကျင့်သုံးရန် ကလေးအရွယ်မှ အစပြု၍ ကျောင်းနေအရွယ်မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာသင်ကြားနေသည့် အရွယ်အထိ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်သူလူထုအတွင်း မူးယစ်ဆေးဝါး အန္တရာယ်အသိပညာဗဟုသုတများ ပိုမိုကျယ်ပြန့်လာစေရန် ၁၉၉၈ ခုနှစ်မှ စတင်ပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ဆောင်ပုဒ်အလွတ်တန်းပြိုင်ပွဲများနှင့် ကျောင်းသား/ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်ရန်အတွက် နှစ်စဉ်ကျင်းပခဲ့ပါသည်။ ဆုရရှိသည့် ပြည်သူလူထုနှင့် ကျောင်းသူ/ ကျောင်းသားများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တစ်ချိန်တည်း ဆုချီးမြှင့်နေသကဲ့သို့ ဗဟိုအဆင့်ပထမဆုရရှိသူများကိုလည်း နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ဆုချီးမြှင့်ခြင်းအခမ်းအနားများကို ကျင်းပပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဖွဲ့ဝင်များပါဝင်သည့် အဖွဲ့ဝင် ၁၆ ဦးနှင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဗဟိုအဖွဲ့အောက်တွင် လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းပြီး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအဆင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းလျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါး အထူးသတင်းပေးတိုင်ကြားရေးဌာန ဖွဲ့စည်းထား

မူးယစ်ဆေးဝါးအလွဲသုံးမှုများကို ကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်းများ ဆောင်ရွက်နေသကဲ့သို့ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ခြင်းများကိုလည်း တိုက်ဖျက်သွားရမည် ဖြစ်ပါသည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏ ကြပ်မတ်လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး အထူးသတင်းပေးတိုင်ကြားရေးဌာနကို နိုင်ငံတော်သမ္မတရုံး၌ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် စတင်ဖွဲ့စည်းထားရှိပြီး ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် တိုင်ကြားစာသတင်းအချက်အလက်များကို စနစ်တကျလက်ခံဖော်ထုတ်ဖမ်းဆီးခဲ့သည့်အတွက် ဘိန်းဖြူအပါအဝင် အခြားမူးယစ်ဆေးဝါးအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် အထူးစစ်ဆင်ရေးများကို မူးယစ်ဆေးဝါး ဖြစ်ပွားမှုများပြားသည့် နယ်မြေများအလိုက် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ အထူးစစ်ဆင်ရေး ၂၅ ခု ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဘိန်းဖြူအပါအဝင် အခြားမူးယစ်ဆေးဝါးအမြောက်အမြား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့မှုများကိုလည်း ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်မှစ၍ အပတ်စဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိတာကိုလည်း တွေ့ရှိရပါသည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ စွမ်းအားမြှင့်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် နည်းပညာမြင့် ခေတ်မီရှာဖွေရေးစက်ကိရိယာများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည့်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများအား ယခင်ထက်ပိုမို၍ ထိထိရောက်ရောက်ဆောင်ရွက်လာနိုင်ပြီး အောင်မြင်မှုများရရှိလာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေနှင့် တရားမဝင်ဘိန်းစိုက်ပျိုးမှု စစ်တမ်းများအရ ၂၀၁၇ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ဟက်တာ ၄၁၀၀၀ နှင့် ထုတ်လုပ်မှု ၅၅၀ မက်ထရစ်တန်ဖြစ်ပြီး ၂၀၁၈ ခုနှစ်မှာ ဟက်တာ ၃၇၃၀၀ နှင့် ထုတ်လုပ်မှု ၅၂၀ မက်ထရစ်တန် ရှိခြင်းကြောင့် ယခုနှစ် ဘိန်းစိုက်ပျိုးမှုမှာ ၉.၁ ရာခိုင်နှုန်းနှင့် ထုတ်လုပ်မှု ၅.၄၅ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။

မူးယစ်ကင်းစင်သည့်နိုင်ငံကို တည်ဆောက်နိုင်မည်

ဘိန်းစိုက်ပျိုးမှု လျော့ကျခဲ့သော်လည်း တစ်ဖက်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ဖမ်းဆီးရမိမှုများသည် တစ်နှစ်ထက်တစ်နှစ် မြင့်မားလာလျက်ရှိသည်ကိုလည်း တွေ့မြင်ရပါသည်။ မူးယစ်ဆေးဝါးများကို ဘိန်းမှထုတ်လုပ်ခြင်းထက် စိတ်ပြောင်းဆေးဝါးအဖြစ် ဓာတုပစ္စည်းများကို အခြေခံသည့်ထုတ်လုပ်မှုများ မြင့်တက်လာသည်နှင့်အမျှ ၎င်းဆေးဝါးများကို သုံးစွဲမှုများပြားလာခြင်းနှင့် ဈေးကွက်ဝယ်လိုအားမှာလည်း ကျဆင်းသွားခြင်းမရှိသည်ကို နှိုင်းယှဉ်သုံးသပ်ပြီး ပြည်သူလူထုတစ်ရပ်လုံးမှ အသိရှိရှိသတိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် အရေးကြီးပါသည်။ သို့မှသာ နိုင်ငံတော်အစိုးရမှ မျှော်မှန်းထားသော မူးယစ်ကင်းစင်သည့် နိုင်ငံကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ဘိန်းစိုက်တောင်သူများ၏ လူနေမှုဘဝမြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရမှ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နည်းပညာအကူအညီများ ရယူလျက် ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော ကော်ဖီများကို ပြင်သစ်နိုင်ငံ၊ မလောင်ဂိုး(Malongo)ကုမ္ပဏီနှင့် သဘောတူညီချက်လက်မှတ်ရေးထိုး၍ ဥရောပနိုင်ငံများသို့ တင်ပို့နိုင်ရေး ဈေးကွက်ရရှိရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

> “ မူးယစ်ဆေးဝါးများကို ဘိန်းမှထုတ်လုပ်ခြင်းထက် စိတ်ပြောင်းဆေးဝါးအဖြစ် ဓာတုပစ္စည်းများကို အခြေခံသည့်ထုတ်လုပ်မှုများ မြင့်တက်လာသည်နှင့်အမျှ ၎င်းဆေးဝါးများကို သုံးစွဲမှုများပြားလာခြင်းနှင့် ဈေးကွက်ဝယ်လိုအားမှာလည်း ကျဆင်းသွားခြင်းမရှိသည်ကို နှိုင်းယှဉ်သုံးသပ်ပြီး ပြည်သူလူထုတစ်ရပ်လုံးမှ အသိရှိရှိသတိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် အရေးကြီးပါသည်။ သို့မှသာ နိုင်ငံတော်အစိုးရမှ မျှော်မှန်းထားသော မူးယစ်ကင်းစင်သည့်နိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ် ”

ဘိန်းစိုက်ပျိုးသည့်ဒေသများမှ စီမံကိန်းမြို့နယ်များတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထောက်ပံ့ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးဆိုင်ရာ ပညာပေးဟောပြောပွဲများနှင့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ ပျားမွေးမြူရေးလုပ်ငန်းများနှင့် ပျားဖြင့် ဝတ်မှုန်ကူးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဘိန်းစိုက်တောင်သူများအတွက် အခြေခံဝန်ဆောင်မှုများ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် တရားမဝင်ဘိန်းစိုက်ပျိုးမှုကို တစ်စတစ်စလျော့ချသွားရမည် ဖြစ်ပါသည်။

ကျောင်းသားလူငယ်များ အသိပညာပေးရေးအနေဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းများတွင် မူးယစ်ဆေးသုံးစွဲမှုမှ ကြိုတင်ကာကွယ်ရေးအတွက် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်များကို သင်ကြားပေးလျက်ရှိပြီး ပညာပေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေရန် ကြိုတင်အသိပညာပေးခြင်းသည် ထိရောက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်နှင့်အညီ ကျောင်းသားလူငယ်များနှင့် ပြည်သူများကို အသိပညာပေးရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနက ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါး အန္တရာယ်အသိပညာများ တိုက်ရိုက်ရောက်ရှိစေရန် လွယ်ကူလျင်မြန်သော နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေနှင့် မူးယစ်ဆေးစွဲကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခု၊ မက်သာဒုံးတိုက်ကျွေးသော ဆေးခန်း ၅၅ ခုနှင့် မူးယစ်ဆေးစွဲလူနာများ လိုအပ်သောကာကွယ်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုများရရှိစေရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် မူးယစ်ဆေးစွဲကုသသူ လူနာပေါင်း ၁၀၆၄၉ ဦးအား ဆေးကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စခန်းအခြေပြု၊ စခန်းနှင့်ရပ်ရွာအခြေပြုနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့မှ မူးယစ်ဆေးစွဲလူနာများကို လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့လာရေးအတွက် စိတ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရအနေနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသအပြင်ဘက်နိုင်ငံများ၊ BIMSTEC အဖွဲ့ဝင်နိုင်ငံများ၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံအခြေစိုက် အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံခန့်ခွဲမှုအဖွဲ့ (DEA)၊ သြစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)၊ ထိုင်းနိုင်ငံအမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ (ONCB)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC) စသည့်အဖွဲ့အစည်းများနှင့်လည်း အပြန်အလှန်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများပိုမိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တစ်ရပ်ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ရေးဆွဲထုတ်ပြန်ကြေညာနိုင်ခဲ့ပြီး ဖြစ်ပါသည်။ အလားတူမူဝါဒကို အထောက်အကူဖြစ်စေမည့် ၁၉၉၃ ခုနှစ် မူးယစ်ဥပဒေကိုလည်း ပြန်လည်သုံးသပ်ခဲ့ပြီး ယင်းပြင်ဆင်သည့်ဥပဒေကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။မူဝါဒသစ်ကို အကောင်အထည်ဖော်မည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာစီမံချက်တစ်ခုကို ရေးဆွဲလျက်ရှိပါသည်။ ၎င်းစီမံချက်ကိုအခြေခံပြီး တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိမိတို့ဒေသတွင် ဖြစ်ပေါ်နေသည့် ပြဿနာနှင့်ကိုက်ညီမည့် လုပ်ငန်းစီမံချက်များကို မိမိတို့ကိုယ်တိုင် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ယခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်မှာ **"Health for Justice. Justice for Health"** **“ကျန်းမာရေးနှင့် တရားရေး မူးယစ်ကင်းဖို့ လက်တွဲစို့”** ဆိုသည့်အတိုင်း မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာ၌ ကျန်းမာရေးနှင့် တရားရေးအပိုင်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန်နှင့် မူးယစ်ဆေးဝါးပြဿနာသည် လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်ဖြစ်သည်နှင့်အညီ ကျွန်တော်တို့နိုင်ငံသားအားလုံးမှ ကိုယ်စီတာဝန်ရှိစွာနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ နိုင်သက်လွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

❖ *ကျောဖုံးမှ*

ကလေးများအတွက် အမှတ်တရ ဖြစ်စေမည့်၊ ပျော်ရွှင်စရာဖြစ်စေမည့် နေ့တစ်နေ့ ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များသည် ကလေးများအတွက် အကျိုးများစေသည့်အပြင် အမှတ်တရလည်း ဖြစ်စေပါကြောင်း၊ ကမ္ဘာတွင် စာဖတ်အား ကောင်းသည့် နိုင်ငံ၊ စာဖတ်အားကောင်းသည့် လူမျိုးများသည် ဖွံ့ဖြိုးတိုးတက်မှုပိုများပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာမည့် သားငယ်သမီးငယ်၊ ကျောင်းသား ကျောင်းသူလေးများကို အတွေ့အကြုံ စာပေဗဟုသုတ ကြွယ်ဝလာစေရန် ရည်ရွယ်၍ ကလေးစာပေပွဲတော် ကျင်းပပေးနေခြင်းဖြစ်ပါကြောင်း။

အကျိုးကျေးဇူးများ

ယခုဆိုလျှင် ကလေးစာပေပွဲတော်များ ကျင်းပခဲ့သည်မှာ နိုင်ငံတော်အဆင့် ကိုးနေရာ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ၄၈ နေရာရှိပြီဟု သိရှိရပါကြောင်း၊ ကလေးစာပေပွဲတော်သည် အဓိကအားဖြင့် ကလေးများ ပျော်ရွှင်ရန်၊ ကလေးများ စာဖတ်ခြင်းတွင် နှစ်သက်ပျော်မွေ့ပြီး ဘဝတစ်သက်တာ ပညာရှာဖွေ ပညာဆည်းပူးလိုသည့် စိတ်များ ဖြစ်ပေါ်လာရန် ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်တွင် ပါဝင်ဆင်နွှဲကြရင်းဖြင့် စုပေါင်းလုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူးများ၊ အနှစ်သာရများ သဘောပေါက်စေရန် လုပ်ဆောင်ပေးခြင်းလည်း ဖြစ်ပါကြောင်း။

ကလေးများသည် စာဖတ်ခြင်းမှ မသိသေးသည့် အကြောင်းအရာများကို စာပေမှ သိရှိလာမည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင် ခေါင်းဆောင်မည့် ကလေးများသည် စာဖတ်ခြင်းတွင် မွေ့လျော်ပြီး စာပေသည် မိတ်ဆွေဖြစ်သည်ဆိုသည့် သဘောမျိုး ခံယူသွားမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ သန္ဓေတည်စိတ်ရှိစေရန် မိဘဆရာသမားများက ဝိုင်းဝန်းကူညီအားပေးပံ့ပိုးပေးရန် လိုအပ်ပါကြောင်း၊ ကလေးများအတွက် စာဖတ်ခန်းများ ရှိစေရန်၊ စာကြည့်တိုက်များ ဖြစ်မြောက်လာစေရန် ဝိုင်းဝန်းအားပေးကူညီကြရန် လိုအပ်ပါကြောင်း၊ ကလေးများအတွက် စာကောင်းပေကောင်းဖတ်ရှုနိုင်ရန်၊ လက်လှမ်းမီနိုင်ရန်အတွက်လည်း မိဘဆရာများက ဝိုင်းဝန်းပံ့ပိုးကြရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော် ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (တာချီလိတ်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

ပုံနှိပ်စာလုံးဖြစ်လာရန် လိုအပ်

စာရေးဆရာများ ဘက်ကလည်း ကလေးငယ်များနှင့် သင့်လျော်မည့်၊ ဆီလျော်မည့်၊ ထိုက်သင့်သည့်၊ ပညာဗဟုသုတ ကြွယ်ဝစေမည့်၊ အတွေးအခေါ် ရင့်သန်စေမည့် စာပေမျိုး ပြုစုရေးသားပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ထိုစာပေများကို ကလေးများ လက်ဝယ်ရောက်ရှိစေရန်အတွက် ပုံနှိပ်စာလုံးဖြစ်လာရန် လိုအပ်ရာ ပုံနှိပ်ထုတ်ဝေသူများ၏ ကဏ္ဍသည်လည်း အရေးကြီးပါကြောင်း။

ဖြန့်ဖြူးပေးစေလို

ပုံနှိပ်ထုတ်ဝေသည့် ပုဂ္ဂိုလ်များက ကလေးများ စိတ်ဝင်စားစေရန် စာရွက်အသားကောင်းကောင်း၊ ပုံကောင်းကောင်း၊ အရောင်စုံလင်စွာ၊ ဈေးနှုန်းသက်သာစွာ လုပ်ဆောင်ပေးစေလိုပါကြောင်း၊ ဖြန့်ဖြူးသည့် ပုဂ္ဂိုလ်များကလည်း ထိုက်သင့်သည့် အမြတ်အစွန်းဖြင့် လက်လှမ်းမီအောင် ဖြန့်ဖြူးပေးစေလိုပါကြောင်း။

မောင်နှမသားချင်းများဖြစ်

ထို့ပြင် ကလေးစာပေပွဲတော်တွင် ကလေးများအတွက် ဉာဏ်ရည်ဉာဏ်သွေး ရင့်ကျက်စေမည့် ဆွေးနွေးပွဲများ၊ ဟောပြောပွဲများနှင့် ကာယပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားကစားပြိုင်ပွဲများ ပါဝင်သည့်အတွက် ထိုသို့ပါဝင်ဆင်နွှဲကြရင်း ပူးပေါင်းဆောင်ရွက်လိုသည့်စိတ်၊ စုပေါင်းလုပ်ဆောင်တတ်သည့် စိတ်များ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ တိုင်းရင်းသားဘာသာဖြင့် ပုံပြောပြိုင်ပွဲ ပါဝင်ခြင်းသည် အင်မတန် ကောင်းမွန်သည့် အချက်တစ်ခုဖြစ်ပါကြောင်း၊ တိုင်းရင်းသားမျိုးစုံ စုပေါင်းနေထိုင်သည့် မိမိတို့ နိုင်ငံတွင် အားလုံးသည် မောင်နှမသားချင်းများ ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု ရှိစေရန် အတွက် တိုင်းရင်းသားများ၏ ဓလေ့ထုံးစံများကို သိရှိနားလည်ရန် လိုအပ်ပါကြောင်း။

မိတ်ဆွေကောင်းဖြစ်

နည်းပညာ ထွန်းကားလာသည့် ခေတ်ရေစီးကြောင်းတွင် ကလေးငယ်များသည် အင်တာနက်ကို အသုံးပြုလာကြပါကြောင်း၊ ထိုသို့ အသုံးပြုကြရာတွင် မှန်ကန်စွာ အသုံးပြုတတ်စေရန် လူကြီးမိဘများက ထိန်းကျောင်းသွားရန် လိုအပ်ပါကြောင်း၊ စာအုပ်စာပေ လူ့မိတ်ဆွေဆိုသည့်အပြင် အင်တာနက်သည်လည်း အသုံးပြုတတ်ပါက မိတ်ဆွေကောင်း ဖြစ်ပါကြောင်း။

ဝိုင်းဝန်းကူညီပံ့ပိုးပေး

အနာဂတ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးပါသည့် ကလေးငယ်များကို ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်အတွက် စာပေကောင်းများ ဖတ်ရှုနိုင်စေရန် မိဘဆရာအားလုံးက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် မိမိတို့ ကလေးစာပေပွဲတော်များကို ကျင်းပလာသည်မှာ သုံးနှစ်ကာလရောက်ရှိလာပြီ ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များသည် လွန်ခဲ့သည့် သုံးနှစ်ခန့်က အသစ်အဆန်းတစ်ခုဖြစ်သော်လည်း ယနေ့တွင် အများသိရှိနေကြပြီဖြစ်သည့် စာပေပွဲတော်တစ်ခု ဖြစ်ပါကြောင်း၊ မိမိတို့ မျှော်မှန်းသည်မှာ မိမိတို့နိုင်ငံတွင် ကလေးများနှင့် ပတ်သက်သည့် စာပေလှုပ်ရှားမှုများ ရှိရမည်ဆိုသည်ကို အများပြည်သူ နားလည်သိရှိစေရန်ဖြစ်ပါကြောင်း။

ကလေးစာပေပွဲတော်များကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကျင်းပခဲ့ကြပါကြောင်း၊ ယနေ့ကျင်းပသည့် တာချီလိတ်မြို့သည် စာပေနှင့် ပတ်သက်၍ စိတ်အားထက်သန်မှုများစွာရှိသည့် မြို့ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ တာချီလိတ်မြို့တွင် စာပေဟောပြောပွဲများ နှစ်စဉ်ကျင်းပပါကြောင်း၊ မိမိကိုယ်တိုင် တာချီလိတ်သို့ စာပေဟောပြောပွဲ နှစ်ကြိမ်လာရောက်ဟောပြောဖူးပါကြောင်း။

တက်တက်ကြွကြွ ပါဝင်လှုပ်ရှား

ယနေ့ ပွဲတော်ကျင်းပရာတွင်လည်း ရပ်မိရပ်ဖများအပါအဝင် အားလုံးက တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနေသည်ကို တွေ့ရှိရပါကြောင်း၊ လူကြီးမိဘများအနေဖြင့် နှစ်ရက်တာကျင်းပမည့် ကလေးစာပေပွဲတော်တွင် ကလေးများ ပါဝင်နိုင်အောင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ တိုက်တွန်းပေးစေလိုပါကြောင်း၊ ပျော်ရွှင်သော၊ စိတ်ကောင်းနှလုံးကောင်းရှိသော၊ အသိပညာဗဟုသုတရှိသော၊ အများနှင့် ပေါင်းသင်းလုပ်ကိုင်တတ်သော၊ အများအပေါ် စေတနာထားတတ်သော လူတော်လူကောင်းများ ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်သည့် ပွဲတော်အဖြစ် ကျင်းပခြင်းဖြစ်ရာ ထိုအရာသည် မိမိတို့နိုင်ငံ၏ အနာဂတ်ကို ထူထောင်ခြင်းလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကလေးများအတွက် ရည်ရွယ်သည့် ကလေးစာပေပွဲတော်နှင့် အလားတူ ပွဲတော်များကို အခွင့်ကြုံတိုင်း အားပေးကူညီပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ငြိမ်းချမ်းရေးသည် အရေးကြီး

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မိမိတို့နိုင်ငံ၌ ငြိမ်းချမ်းရေးသည် အလွန်အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံသည် ပညာရေး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးကို အရည်အသွေးရှိသော ပညာရေး ဖြစ်အောင် ကြိုးပမ်းအကောင်အထည်ဖော်

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

ဆောင်ရွက်သလို ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်နိုင်ရေး ပြောဆိုဆက်ဆံရန်၊ အတူတူအလုပ်လုပ်တတ်ရန် အရေးကြီးသည့်အတွက် မိမိတို့၏ ရုံးသုံးဘာသာစကားကို တတ်ကျွမ်းရန် များစွာအရေးကြီးပါကြောင်း။

ထို့ကြောင့် ဒေသသင်ရိုးများတွင်လည်း တိုင်းရင်းသားများ၏ သမိုင်း၊ ပထဝီ၊ ယဉ်ကျေးမှု၊ စီးပွားရေး စသည့် ဒေသဆိုင်ရာများကို အားပေးရန်လိုပါကြောင်း၊ စတုတ္ထတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း၊ နမဝတန်း အတန်း(၆)တန်း၌ ဒေသနှင့်သက်ဆိုင်သည့် ပထဝီ၊ သမိုင်း၊ ယဉ်ကျေးမှု၊ စီးပွားရေးများကို ဒေသသင်ရိုးအနေဖြင့် သင်ယူနိုင်အောင် မိမိတို့ပံ့ပိုးပေးနေသည်ကို အလေးအနက်ထားပြီး တင်ပြလိုပါကြောင်း။

တော်သည့်၊ ထူးချွန်သည့်ကလေးများကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကလေးများဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ကလေးများ သူတို့ဝါသနာပါသည့် ဘာသာရပ်များကို ဆက်လက်သင်ယူသည့်အခါ အားကောင်းရန်နှင့် အထူးသဖြင့် ယနေ့ (၂၁) ရာစုတွင် အထူးအားကောင်းမှုဖြစ်သည့်အတွက် ယင်းကလေးများကို အဆိုပါဘာသာရပ်များတွင် ထူးချွန်ထက်မြက်ရန် အရေးကြီးပါကြောင်း၊ ယင်း ဘာသာရပ်များတွင် သူတို့ ထူးချွန်ထက်မြက်ပြီဆိုလျှင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းရန်လည်း အရေးကြီးပါကြောင်း။

ဝုံဝုံကြွားကြွားရပ်တည်

အင်္ဂလိပ်ဘာသာစကား ရေးတတ်၊ ပြောတတ်၊ ဖတ်တတ်လျှင် ၂၀ ရာစုတွင် နိုင်ငံတကာ၌ ဝုံဝုံကြွားကြွား ရပ်တည်၍ရပါကြောင်း၊ (၂၁) ရာစုမှာတော့ ပြောင်းလဲသွားပြီဖြစ်ပါကြောင်း၊ နည်းပညာနှင့် ပတ်သက်၍ လိုက်မီနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းနေရုံဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အတူတူ အလုပ်လုပ်နိုင်ရန်၊ စီးပွားရေးဆက်ဆံဆောင်ရွက်နိုင်ရန်မှာ မလွယ်ကူတော့ပါကြောင်း။

မိမိတို့ အိမ်နီးချင်းနိုင်ငံများ၏ ဘာသာစကားနှင့် ဒေသတွင်းရှိ စီးပွားရေး အင်အားကောင်းသော နိုင်ငံများ၏ ဘာသာစကားများကိုလည်း တတ်ကျွမ်းရန် လိုအပ်သည့်အတွက် အရေးကြီးလာပါကြောင်း။

ယနေ့ (၂၁) ရာစုတွင် အရေးအကြီးဆုံးက ဘာလဲ၊ ဘာက အခြေခံအကျဆုံးလဲဟု မေးလျှင် အားလုံးသိသည့်အတိုင်း Social Scale များ ဖြစ်ပါကြောင်း၊ လူရယ်လို့ ဖြစ်လာလျှင် ကူညီတတ်သည့် စိတ်ကောင်း နှလုံးသားရှိရန် အရေးကြီးပါကြောင်း။

တာချီလိတ်မြို့တွင် ကျင်းပသည့် ကလေးစာပေပွဲတော်မှ ကလေးများ ပျော်ရွှင်ပြီး အရည်အသွေးရှိသည့် ပညာရေးနှင့် နိုင်ငံတကာအဆင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ထူးချွန်ထက်မြက်သည့် လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင် သင်ကြားသင်ယူ လေ့ကျင့်ပေးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

လမ်းကြောင်းဖန်တီးပေးရမည်

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ကလေးများ၏ နှလုံးသားသည် အင်မတန် ဖြူစင်သန့်ရှင်းပါကြောင်း၊ အတုမြင် အတတ်သင်တတ်ကြသည့် သဘောသဘာဝရှိသူများ ပီပီ အရောင်ဆိုးရန် အင်မတန်မှ လွယ်ကူသည့်အရွယ်များလည်း ဖြစ်ကြပါကြောင်း၊ သူတို့ဖြတ်သန်းလာခဲ့သည့် စကြိုပေါ်မူတည်ပြီး သူတို့၏ ဘဝသည်လည်း ကောင်းခြင်း၊ ဆိုးခြင်း လမ်းကြောင်းပေါ်တွင် ရောက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လမ်းကြောင်းအမှားပေါ် မရောက်အောင် ဓလေ့ထုံးတမ်းအစဉ်အလာများကို မိဘဆရာ၊ လူကြီးသူမများက သွန်သင်ဆုံးမ ပြောဆိုနေရမည်ဖြစ်ပြီး တစ်ဖက်ကလည်း လိမ္မာယဉ်ကျေးသည့် အသိပညာဗဟုသုတနှင့် ပြည့်စုံသည့် ကလေးများဖြစ်လာစေရေးအတွက် စာကောင်းပေမွန် ဖတ်ရှုမှတ်သားသည့် အလေ့အကျင့်ကောင်းများ ရှိအောင် လမ်းကြောင်းဖန်တီးပေးရမည် ဖြစ်ပါကြောင်း။

အခွင့်အလမ်းကောင်းများရရှိစေ

ထို့အပြင် ရွာတိုင်းတွင် စာကြည့်တိုက်များကိုလည်း ထူထောင်ပေးရမည် ဖြစ်ပါကြောင်း၊ မိဘများ၊ ဆရာ ဆရာမများသည် မိမိတို့၏ ကလေးများကို အစဉ်အမြဲဂရုစိုက် သုံးသပ်အကဲခတ်ထိန်းကျောင်းရန် တာဝန်ရှိသလို လိမ္မာယဉ်ကျေးပြီး နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိသည့် ကလေးငယ်များ ဖြစ်လာအောင် ပြုစုပျိုးထောင် ပေါ်ထွန်းလာရေးကိုလည်း နိုင်ငံတော်က တာဝန်ယူရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုလိုပွဲမျိုးကို နိုင်ငံအနှံ့တွင် ငွေကုန်ကြေးကျခံပြီး ကျင်းပပေးနေခြင်း ဖြစ်ပါကြောင်း၊ ဒီလိုကျင်းပပေးခြင်းအားဖြင့် Social Media ကြောင့် ကလေးများ လမ်းလွဲရောက်သွားတာမျိုး၊ ဂိမ်းများကို စွဲလမ်းပြီး ပညာရေးဘက်တွင် အားနည်းသွားခြင်းမျိုးကို ရှောင်ရှားနိုင်ပြီး အနာဂတ်နိုင်ငံ့ ခေါင်းဆောင်များ ဖြစ်လာကြမည့် သူတို့တစ်တွေအတွက်လည်း ဤကလေးစာပေပွဲတော်မှ ပျော်ရွှင်ကြည်နူးမှုနှင့်အတူ ပညာဗဟုသုတပြည့်ဝစေမည့် အခွင့်အလမ်းကောင်းများ ရရှိစေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

အဖိုးတန်ရတနာများ

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခြေခံ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အနာဂတ်နိုင်ငံတော်၏ ရင်နှစ်သည်းချာ အဖိုးတန်ရတနာများဖြစ်သော ယနေ့လူငယ်များကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကျရာကဏ္ဍမှ စီစဉ်ဆောင်ရွက်ခြင်းသည် မိမိပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်အကောင်အထည်ဖော် ပေးနေခြင်းပင် ဖြစ်ပါကြောင်း။

ကလေးစာပေပွဲတော် ကျင်းပခြင်းဖြင့် ကလေးများ စာပေအပေါ် ချစ်မြတ်နိုး၍ စာပေသည် ဘဝအတွက် အရေးကြီးသည့် ပညာရပ်တစ်ခုအဖြစ် မှတ်ယူကာ စာဖတ်သည့် အလေ့အကျင့်ကောင်းရရှိမည်ဖြစ်ပါကြောင်း၊ ကလေးများ၏တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုများကို စာဖတ်ခြင်းဖြင့် အပြစ်ကင်းစွာ ရယူနိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီများ၊ ကလေးများ၏ လက်ဦးဆရာမည်ထိုက်စွာဖြစ်သော ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များနှင့် ဝိုင်းဝန်းကူညီကြသူများ အားလုံးကို ရှမ်းပြည်နယ်အစိုးရကိုယ်စား လွန်စွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းတိုင်းရင်းသားအဖွဲ့၊ အာခါတိုင်းရင်းသားအဖွဲ့နှင့် လားဟူတိုင်းရင်းသားအဖွဲ့များက တိုင်းရင်းသား ရိုးရာတေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပွဲတော်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အောင်မင်းဟန်

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်သက်လွင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့ ကလေးစာပေပွဲတော်(တာချီလိတ်)တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။

ကလေးစာပေပွဲတော်ပထမနေ့ ပွဲတော်လာရောက်သူများဖြင့် စည်ကားများပြား

တာချီလိတ် ဇွန် ၂၅

ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပထမနေ့ကို တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ နံနက်ပိုင်းမှ ပွဲတော်ပိတ်သိမ်းချိန် ညနေ ၅ နာရီအထိ လာရောက်လေ့လာသူများ၊ ပါဝင်ဆင်နွှဲသူများနှင့် စည်ကားများပြားလျက်ရှိသည်။ **(အောက်ပုံ)**

ပွဲတော်တွင် တာချီလိတ်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်း သရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ ကျောက်ဆည်မြို့ရိုးရာဆင်အကအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုများကို ပွဲတော်လာရောက်သူများက အားပေးကြည့်ရှုကြသည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသည့် ကလေးများအတွက် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အရုပ်ဆက်၊ အိမ်တည်ဆောက်မှုပြိုင်ပွဲများနှင့် စုပေါင်းယှဉ်ပြိုင်ရသည့် ဂိမ်းကစားနည်း ပြိုင်ပွဲများကိုလည်း ထည့်သွင်းထားသည်။

ပွဲတော်ပထမနေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ မောင်လင်းရိပ်က "စာဖတ်ခြင်းနှင့် ဓလေ့"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဦးဇေယျာက "လူငယ်နှင့် အိပ်မက်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပြီး စာပေစကားဝိုင်းတွင် "လူငယ်နှင့် အနာဂတ်" ခေါင်းစဉ်ဖြင့် စာရေးဆရာ ဦးအေးမောင်ကျော်၊ စာရေးဆရာ မောင်ဇေယျ၊ စာရေးဆရာ ဦးဝင်းချိုနှင့် စာရေးဆရာ မောင်လင်းရိပ်တို့ ပါဝင်ဆွေးနွေးခဲ့ကြရာ ပွဲတော်လာရောက်သူများက စိတ်ပါဝင်စားစွာ တက်ရောက်နားထောင်ကြသည်။

ကလေးစာပေပွဲတော် (တာချီလိတ်) တွင် အမှတ် (၁၁၉) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု ယာဉ်စည်းကမ်းလမ်းစည်းကမ်းပြခန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းပြခန်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြခန်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးပြခန်း၊ ရှမ်းအမျိုးသားယဉ်ကျေးမှုပြခန်း၊ အာခါစာပေနှင့် ယဉ်ကျေးမှုပြခန်း၊ လားဟူတိုင်းရင်းသား ယဉ်ကျေးမှုပြခန်း၊ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)နှင့် ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ) ပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ အာဆီယံပြခန်း၊ တွေးခေါ်တီထွင်ကြံဆ ဖြေရှင်းအဖြေရ သင်္ချာပြခန်း၊ Arts and Science Show ပြခန်း၊ သုတဒါန အသိပညာဖွံ့ဖြိုးရေးအဖွဲ့ ပြခန်း၊ ပညာရေးပြခန်း၊ HIV အကြောင်း သိကောင်းစရာ ပြခန်းများကိုလည်း ခင်းကျင်းပြသထားသည်။

ထို့ပြင် ပွဲတော်တွင် ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များကိုလည်း ပါဝင်ပြသထားသည့်အပြင် စာအုပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေးလုပ်ငန်းများမှ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ပြသရောင်းချလျက်ရှိရာ ကလေးစာပေနှင့် ပတ်သက်သည့် စာအုပ်စာပေများ အများဆုံးရောင်းချရကြောင်း သိရသည်။

ကလေးစာပေပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် စေတနာရှင်များက စတုဒိသာအဖြစ် အစားအစာများ လှူဒါန်းဝေငှကြသည်။

အောင်မင်းဟန်

ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (တာချီလိတ်) ဖွင့်ပွဲအခမ်းအနား ဓာတ်ပုံမြင်ကွင်းများ

ဓာတ်ပုံ-အောင်မင်းဟန်

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့် ဇနီးတို့ လားဟူစာပေနှင့် ယဉ်ကျေးမှုပြခန်း၌ လားဟူတိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(တာချီလိတ်) ဖွင့်ပွဲအခမ်းအနား၌ ကျောင်းသား ကျောင်းသူလေးများ၏ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (တာချီလိတ်) ၌ စာပေဆွေးနွေးပွဲ ကျင်းပနေစဉ်။

ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(တာချီလိတ်)၌ ကျောင်းသား ကျောင်းသူများ အားကစားပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(တာချီလိတ်)သို့ လာရောက်သူများအား ညဏ်လင်းထက် (ကျောက်ဆည်ဆင်အက)အဖွဲ့က ဖျော်ဖြေပေးနေစဉ်။

စကားပုံဆက်ပြိုင်ပွဲဝင် ကျောင်းသားများကို တွေ့ရစဉ်။

ကလေးငယ်များ ပျော်ရွှင်စွာ စက္ကူခေါက်ပြိုင်ပွဲ ပါဝင်ဆင်နွှဲနေမှုကို တွေ့ရစဉ်။

ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(တာချီလိတ်)၌ ပုံပြင်ပြောပြိုင်ပွဲ ကျင်းပစဉ်။

ပြည်သူများ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူတို့၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးစွမ်းဆောင်မှုများမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးမှုများကို အပတ်စဉ်ဖော်ပြသွားပါမည်။

(စာတည်းအဖွဲ့)

ဈေးကွက်တည်ငြိမ်ဖို့ လိုအပ်နေသော တောင်သူ့သီးနှံ

ရှင်မင်း

မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့် မြေရိယာ ဟက်တာ ၁၂ ဒသမ ၂၅ သန်းတည်ရှိပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်း အသားတင် ကုန်ထုတ်လုပ်မှု(GDP)၏ ၂၄ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန်၏ ၃၈ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်ခုအနေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် တောင်သူများဘဝ တိုးတက်စေရန် ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီပေးလျက်ရှိနေသော်လည်း တောင်သူများအတွက် အဓိကကျသည့် သီးနှံဈေးနှုန်းမှာ တည်ငြိမ်မှု မရှိသေးပေ။

"တောင်သူတွေအတွက် အစိုးရက စိုက်ပျိုးစရိတ်တွေ တိုးပေးတယ်။ စိုက်ပျိုးရေးနည်းပညာအသစ်တွေလည်း မိတ်ဆက်ပေးတယ်။ တောင်သူတွေကလည်း ကြိုးစားပြီး စိုက်ကြတာပဲ။ စိုက်ပြီးတော့ Export မရှိတော့ဘူးဆိုရင် ခက်ပြန်ပါတယ်။ ပြီးတော့ တောင်သူလက်ထဲမှာ သီးနှံရှိရင် ဈေးနှုန်းကျတယ်။ တောင်သူလက်ထဲမရှိတော့ရင် ဈေးကတက်သွားတယ်။ ဒါကြောင့် ထွက်ကုန်သီးနှံတွေအတွက် ဈေးကွက်ခိုင်မာစေချင်တယ်" ဟု မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်မှ တောင်သူ ဦးဝင်းဘိုက ပြောသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း

မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်

ထိုသို့သော တောင်သူများ၏ လိုအပ်ချက်များသည် ပြည်သူ့အသံအဖြစ် လွှတ်တော်သို့ ရောက်ရှိခဲ့သည်။ **"စိုက်ပျိုးရေးထွက်ကုန် သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်း ပြည်ပဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများ သိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာ ချပြအသိပေးပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို **မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း**က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်သို့ တင်သွင်းခဲ့သည်။

> **နိုင်ငံတော်အစိုးရအနေနဲ့ နှစ်အလိုက်၊ ရာသီအလိုက် တောင်သူတွေရဲ့ ကောက်ပဲသီးနှံတွေကို ပြည်တွင်း ပြည်ပ ဈေးကွက်တွေ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရရှိနိုင်အောင် ဆောင်ရွက်ပေးနိုင်ဖို့ တောင်သူတွေကိုယ်စား တောင်းဆိုချင်ပါတယ်**

တောင်သူတွေရဲ့အကျိုးစီးပွား

"ကျွန်တော့်အဆိုရဲ့ဆိုလိုရင်းက စိုက်ပျိုးထားတဲ့ သီးနှံအားလုံးကို ဈေးကောင်းအောင် လုပ်ပေးဖို့ ပြောတာမဟုတ်ပါဘူး။ ပြည်တွင်းပြည်ပ ဈေးကွက်တွေ ရှာဖွေပြီးတော့ ဈေးကွက်ခိုင်မာမှုရှိတဲ့ သီးနှံတွေရဲ့စာရင်းကို ရာသီအလိုက်ပဲဖြစ်ဖြစ်၊ နှစ်အလိုက်ပဲဖြစ်ဖြစ် စိုက်ပျိုးရေးလုပ်ကိုင်တဲ့ တောင်သူလယ်သမားတွေကို အသိပေးဖို့အတွက် ဆိုလိုတာဖြစ်ပါတယ်။ တောင်သူတွေရဲ့ အကျိုးစီးပွားအတွက် သီးနှံဈေးနှုန်းကို တည်ငြိမ်စေချင်တယ်"ဟု အဆိုနှင့်ပတ်သက်၍ **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း**က ပြောသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်သို့ တင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၏ အဆိုနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက ထောက်ခံဆွေးနွေးခဲ့ကြပြီး ထောက်ခံဆန္ဒမဲများဖြင့် လွှတ်တော်မှ အတည်ပြုခဲ့သည်။

စိုက်ပျိုးရေးထွက်ကုန် သခွားမွှေးများကို တွေ့ရစဉ်။

ဈေးကွက်ခိုင်မာမှုရရှိနိုင်အောင်

"နိုင်ငံတော်အစိုးရအနေနဲ့ နှစ်အလိုက်၊ ရာသီအလိုက် တောင်သူတွေရဲ့ ကောက်ပဲသီးနှံတွေကို ပြည်တွင်းပြည်ပဈေးကွက်တွေ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရရှိနိုင်အောင် ဆောင်ရွက်ပေးနိုင်ဖို့ တောင်သူတွေကိုယ်စား တောင်းဆိုချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံ ဖြစ်ပါတယ်။ ပြီးတော့ ရေခံမြေခံလည်းကောင်းတဲ့ နိုင်ငံဖြစ်ပါတယ်။ ဘာပဲစိုက်ပျိုးစိုက်ပျိုး ကောက်ပဲသီးနှံ အထွက်ကောင်းပါတယ်။ သီးနှံဘယ်လောက် အထွက်ကောင်းကောင်း သီးနှံဈေးက မငြိမ်သက်မှုနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ တချို့သီးနှံတွေဆိုရင် ဝယ်မပေးနိုင်တဲ့ အခြေအနေကို ဆိုက်ရောက်လာပါတယ်" ဟု အဆိုနှင့်ပတ်သက်၍ **မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း**က ပါဝင်ဆွေးနွေးသည်။

လုပ်အားခဆုံးရှုံးမှုနဲ့ ကြုံတွေ့

မယ်စဲ့မဲဆန္ဒနယ်တွင် တောင်သူများ တွေ့ကြုံခဲ့ရသည့် အခြေအနေကို လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းက "မယ်စဲ့က တောင်သူတွေအတွက် အဓိကကတော့ ကြက်သွန်ဖြူဈေးကွက်ပါပဲ။ ကျွန်တော်တို့ မယ်စဲ့မြို့နယ်က တောင်သူတွေဟာ စပါးရိတ်ပြီးတာနဲ့ ကြက်သွန်ဖြူကို အဓိက စိုက်ပျိုးတာပါ။ ၂၀၁၄ ခုနှစ်မတိုင်မီ ကြက်သွန်ဖြူကို တစ်ဖက်ထိုင်းနိုင်ငံက အမြဲတမ်း လာရောက်ဝယ်ယူကြပါတယ်။ အဲဒီအချိန်တုန်းက တောင်သူတွေအတွက် အဆင်ပြေပြေနဲ့ ကြက်သွန်ဖြူရောင်းဝယ်မှုကောင်းကြပါတယ်။ ၂၀၁၅ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ကြက်သွန်ဖြူစိုက်တောင်သူတွေအတွက် တစ်ဖက်ဝယ်လိုအား စလျော့လာပါတယ်။ အခုဆိုရင် ကြက်သွန်ဖြူဈေးကွက် လုံးဝမရှိဘူးဖြစ်နေတယ်။ လာဝယ်ရင်လည်း ဈေးနှုန်းကို နှိမ်ပြီးဝယ်တော့ တောင်သူတွေ အရင်းပြန်ရဖို့ မပြောနဲ့ လုပ်အားခဆုံးရှုံးမှုနဲ့ ကြုံတွေ့နေရပါတယ်"ဟု ပြောပြသည်။

ဈေးကွက်တစ်ခုကိုသာမှီခိုတဲ့ ဆိုးကျိုး

"ကျွန်တော်တို့ တောင်ပေါ်ဒေသက အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ အလယ်ပိုင်းတွေမှာ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကတည်းက အဓိက အားထားစိုက်ပျိုးတဲ့ သီးနှံက ဖရဲသီးနဲ့ အစေ့ထုတ်ပြောင်းပါ။ အိမ်နီးချင်း တရုတ်နိုင်ငံကို အဓိက တင်ပို့ရောင်းချပါတယ်။ တောင်သူတွေအနေနဲ့ ကိုယ်ကြိုးစား စိုက်ပျိုးထားတဲ့ ဖရဲခင်းကြီးမြင်တော့ သူဌေးအဖြစ် မျှော်မှန်းပြီး စိတ်ကူးနဲ့ ပျော်ကြတယ်။ ဒါပေမယ့် မူဆယ်ဈေးကွက်မှာ တစ်ဖက်နိုင်ငံကို တင်ပို့မယ့် ဖရဲသီးကားတွေ တောင်ပုံရာပုံရောက်ပြီး ဝယ်လက်မရှိတာ၊ ဈေးနှုန်းမတန်တဆ နှိမ်ဝယ်တာတွေ ကြုံတဲ့အခါ အဆင်မပြေဖြစ်ကြရတယ်။ ဒီလိုအဖြစ်အပျက်တွေဟာ တစ်ခါတည်း၊ နှစ်ခါတည်း မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာကပဲ မကြာခဏဆိုသလို စိုက်ပျိုးထုတ်လုပ်သူဘက်က ခံစားနေရတာပါ။ ရွေးချယ်စရာမရှိတဲ့ ဈေးကွက်တစ်ခုတည်းကိုသာ မှီခိုအားထားရတဲ့ ဆိုးကျိုးတွေဖြစ်ပြီး ဈေးကွက်အာမခံချက်မရှိတာကြောင့်ဖြစ်ပါတယ်" ဟု **တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်** က လွှတ်တော်တွင် ဆွေးနွေးခဲ့သည်။

ရောင်းသူဈေးကွက်ဖြစ်ပေါ်လာရန်

မြန်မာ့လယ်ယာထုတ်ကုန်များ တင်ပို့ရောင်းချမှု၊ ကုန်သွယ်မှုအပိုင်းတွင် ဝယ်သူဈေးကွက်ထက် ရောင်းသူဈေးကွက်အဖြစ် ဖန်တီးဖြစ်ပေါ်လာရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှု အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (AQSIQ) အဖွဲ့က တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ မင်းကွတ်သီး၊ ကြက်မောက်သီး၊ လိုက်ချီးသီး သီးနှံများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှလည်းကောင်း၊ သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ဆီးသီးများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်းကောင်း တရားဝင်တင်ပို့နိုင်ကြောင်း ၂၀၁၇ ခုနှစ် အောက်တိုဘာလက ထုတ်ပြန်ထားသည်။

သီးနှံများ တရားဝင်တင်ပို့နိုင်ရေး

ထို့ပြင် အခြားသော စိုက်ပျိုးသီးနှံများကို တရားဝင်တင်ပို့ရောင်းချနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) နှင့် ညှိနှိုင်း ဆောင်ရွက်ပေးရန် မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံရုံးကို အကြောင်းကြားထားကြောင်း သိရသည်။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မတ်လအထိ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု အမေရိကန် ဒေါ်လာ ၁၇၀၈ ဒသမ ၈၂၉ သန်းရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့စီးပွားရေး ပိုမိုတိုးတက်လာစေရေးအတွက် ပို့ကုန်မြှင့်တင်ရေးကို အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိပို့ကုန် ပမာဏထက် သုံးဆတင်ပို့နိုင်ရေးအတွက် လက်ရှိအစိုးရအနေဖြင့် မူဝါဒများ ချမှတ်လုပ်ဆောင်နေသည်။

တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး

ပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားအဆင့် မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များချမှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခြင်း၊ ပုဂ္ဂလိကကဏ္ဍ အားပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး အားပေးခြင်းတို့အပြင် ပို့ကုန်ဈေးကွက် တိုးချဲ့တင်ပို့နိုင်ရေးတို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

"ဝန်ကြီးဌာနအနေနဲ့ ပို့ကုန်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ အမျိုးသားအဆင့် မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေ ချမှတ်တာ၊ လုပ်ထုံးလုပ်နည်း ဖြေလျှော့တာ၊ ပုဂ္ဂလိကကဏ္ဍအားပေးတာ၊ တန်ဖိုးမြှင့်ထုတ်ကုန်တွေ တင်ပို့နိုင်အောင် ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။

"ဒါပေမယ့် လက်တွေ့နယ်ပယ်မှာ ရည်မှန်းထားသလောက် ခရီးမပေါက်ဘဲ ဒုက္ခရောက်နေတဲ့ တောင်သူဦးကြီးတွေရဲ့ လက်တွေ့ဘဝဟာ အဆိုးဘက်ကို ဦးတည်နေတယ်လို့ တွေ့ရပါတယ်။ ပြီးခဲ့တဲ့သကြၤန် လွှတ်တော်နားရက်တွေမှာ ကျွန်တော်ရဲ့ မဲဆန္ဒနယ်ကိုသွားပြီး လူထုနဲ့ တွေ့ဆုံခဲ့ပါတယ်။ လူထုတွေဆီက တင်ပြတဲ့ အဓိက ပြဿနာကြီးက စိုက်ထားတဲ့ အစေ့ထုတ်ပြောင်းတွေကို တရုတ်ကို တင်ပို့ရာမှာ ရောင်းမရဘဲ ကျန်နေတဲ့ ပြဿနာဖြစ်ပါတယ်။ ခြုံပြီးကြည့်လိုက်တဲ့အခါ ကျွန်တော့် မဲဆန္ဒနယ် သိန္နီမြို့မှာ ပြောင်းတန်ချိန် တစ်သိန်းလောက်ရှိနေတာကို တွေ့ရပါတယ်။ ဒီလိုပဲ တခြားပြောင်းစိုက်တဲ့ မြို့နယ်တွေမှာ ပြောင်းတန်ချိန်ပေါင်းများစွာဟာ ရောင်းမရဘဲ ကျန်ရှိနေဦးမှာဖြစ်ပါတယ်။ ဒီအခက်အခဲကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ မေးခွန်းမျိုးနဲ့ ရင်ဆိုင်နေရပါတယ်" ဟု **သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း**က အဆိုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးရင်း ၎င်း၏ မဲဆန္ဒနယ်တွင် တွေ့ကြုံခဲ့ရသည့် အခြေအနေကို ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ၎င်းက တောင်သူများအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ပြည်ပမှ

ဒုတိယဝန်ကြီး ဦးလှကျော် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

သိန္နီမဲဆန္ဒနယ်မှ
ဦးစိုင်းဦးခမ်း

ဒီပဲယင်း မဲဆန္ဒနယ်မှ
ဦးဝင်းမြင့်အောင်

ပွင့်ဖြူမဲဆန္ဒနယ်မှ
ဦးထွန်းထွန်း

ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ မိမိတို့ ဒေသအသီးသီးရှိ သင့်တော်မည့် မြို့နယ်များတွင် အဝယ်ဒိုင်များဖွင့်လှစ်ကာ သင့်တင့်သော ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသင့်ကြောင်း၊ ပြည်တွင်း ပြည်ပဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော အသီးအနှံများကို စိုက်ပျိုးသွားရန် ပံ့ပိုးပေးခြင်းနှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး၊ အစိုးရနှင့် ပြည်သူ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း လွှတ်တော်တွင် အကြံပြုဆွေးနွေးခဲ့သည်။

ပဲစိုက်တောင်သူများ နစ်နာဆုံးရှုံးမှုများဖြစ်

လယ်ယာကဏ္ဍကို အခြေခံထားသည့် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန် အများအပြားတင်ပို့နေသည့်အပြင် ပဲမျိုးစုံကိုလည်း တင်ပို့ရောင်းချမှုများ ရှိနေသည့်အတွက် ပဲစိုက်တောင်သူများအနေဖြင့် ပဲဈေးနှုန်း တည်ငြိမ်မှုကိုလည်း လိုလားကြသည်။ မြန်မာ့ပဲမျိုးစုံကို အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန်နှင့် ဥရောပနိုင်ငံများက ဝယ်ယူလျက်ရှိသော်လည်း အိန္ဒိယနိုင်ငံမှ ဝယ်ယူမှုသည် ၈၀ ရာခိုင်နှုန်းရှိနေသည်။ မြန်မာ့ပဲဈေးကွက်သည် အိန္ဒိယနိုင်ငံကိုသာ အဓိကအားထားနေရပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လက အိန္ဒိယနိုင်ငံသည် ပဲဝယ်ယူမှုကို ကန့်သတ်လိုက်သည့်အတွက် ပဲစိုက်တောင်သူများ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

"အရင်နှစ်က ပဲစင်းငုံဈေးနှုန်း မတန်တဆ နိမ့်ကျသွားတဲ့အတွက် ပဲစင်းငုံ တောင်သူတွေ မစိုက်ကြတော့ဘူး။ ဒီနှစ်ဈေးကွက်မှာ တောင်သူတွေအတွက် သင့်လျော်တဲ့ ဈေးနှုန်းရရှိခဲ့ပေမယ့် ရောင်းစရာပဲစင်းငုံမရှိဖြစ်ခဲ့ရတယ်"ဟု **ဒီပဲယင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်**က ဦးဝင်းဝင်း၏ အဆိုနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။

"ပြည်တွင်း ပြည်ပ ဈေးကွက်တွေရှာဖွေပြီး ဈေးကွက်ခိုင်မာမှုရှိတဲ့ သီးနှံစာရင်းကို ပြည်သူတွေသိရှိဖို့ ကြိုတင်ပြီး ပွင့်လင်းမြင်သာစွာချပြဖို့ အရေးကြီးပါတယ်။ ဒါမှသာ တောင်သူလယ်သမားတွေအနေနဲ့ လာမယ့်နှစ်မှာ ဘယ်သီးနှံဈေးကွက်ဝင်တယ်၊ ဘယ်နိုင်ငံနဲ့ စာချုပ်ချုပ်ထားတယ်၊ ပမာဏ ဘယ်လောက်တင်ပို့ရမယ်၊ ဈေးနှုန်း ဘယ်လောက်သတ်မှတ်ထားတယ် စသည်ဖြင့် သိရှိမှာဖြစ်ပါတယ်။ ဒီလိုသိမှ စိုက်ပျိုးမယ့် တောင်သူတွေအတွက် အရည်အသွေးပြည့်ဝတဲ့ ဈေးကွက်ဝင် သီးနှံ ထွက်ကုန်တွေကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်မယ်"

ထို့ပြင် ၎င်းက "အဆိုအတိုင်း ဈေးကွက်ခိုင်မာမှုရှိတဲ့ သီးနှံစာရင်းကို ပြည်သူတွေသိရှိအောင် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းမြင်သာစွာချပြ အသိပေးပြီး ဒီသီးနှံစိုက်ပါ၊ ဟိုသီးနှံစိုက်ပါလို့ ပြောရတာ အစိုးရအနေနဲ့ အလွန်ခက်ခဲကျပ်တည်းမယ်လို့ ယူဆမိပါတယ်။

အစိုးရနဲ့ ပြည်သူ ဟန်ချက်ညီညီဆောင်ရွက်နိုင်

"ဒါပေမယ့် အဆိုရှင်တင်ပြသွားသလို အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံတွေ ထုတ်လုပ်နိုင်ရေးဟာ အစိုးရနဲ့ ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အစီအစဉ်တွေ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ဖို့ အရေးကြီးတယ်ဆိုတာ တကယ်မှန်ပါတယ်" ဟု **ဒီပဲယင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်**က အဆိုအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ သရက်၊ ကျွဲကော၊ ဖရဲ၊ သခွားမွှေး၊ ထောပတ်သီး၊ ခရမ်းချဉ်၊ ငရုတ်၊ ဂေါ်ဖီထုပ်၊ ကြက်သွန်နီ၊ ကော်ဖီ စသည့် စိုက်ပျိုးရေးထွက်ကုန် ၁၅ မျိုး၏ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ကို ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးထုတ်ကုန်များ နိုင်ငံတကာစံနှုန်းများနှင့်အညီ တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ဖက်နိုင်ငံများ၏ လိုအပ်ချက်အရ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်များဖြစ်သည့် ပို့ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု စစ်ဆေးခြင်း၊ အဆိပ်ဖြစ်သည့် သတ္တုပါဝင်မှု စစ်ဆေးခြင်း၊ မှိုအဆိပ်ပါဝင်မှု စစ်ဆေးခြင်းတို့ကို ဓာတ်ခွဲစမ်းသပ်ထောက်ခံမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာ

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းရပြီး ပြည်တွင်း ပြည်ပ ဈေးကွက်ခိုင်မာစေရန်အတွက် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာ (National Export Strategy) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ မဟာဗျူဟာတွင် လယ်ယာထွက်ကုန် ဆန်၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်း စသည့် သီးနှံနှင့် ထွက်ကုန်ပစ္စည်းအမယ်များကို ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အရည်အသွေးပြည့်ဝတဲ့ ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံတွေ ထုတ်လုပ်နိုင်ဖို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ရာမှာ လုပ်ငန်းစဉ်ဟာ ကြီးမားပြီး ကျယ်ပြန့်ပါတယ်။ လုပ်ငန်းအစီအမံတွေကို အဆင့်လိုက် မြှင့်တင်ဆောင်ရွက်သွားနိုင်မှသာ ထိရောက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ လက်ရှိဒေသတွင်း နိုင်ငံတွေနဲ့ မြန်မာနိုင်ငံရဲ့ အနေအထား ယှဉ်တွဲလေ့လာကြည့်ရင် ကွာဟချက်တွေ ရှိနေဆဲဖြစ်ပါတယ်"ဟု **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်**က အဆိုနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဈေးကွက်ဝင်သီးနှံ စိုက်ပျိုးထုတ်လုပ်

"အဆိုရှင်တင်ပြသလို ပြည်တွင်း ပြည်ပဈေးကွက်တွေ ရှာဖွေပြီး ဈေးကွက်ခိုင်မာမှုရှိတဲ့ သီးနှံစာရင်းကို ပြည်သူတွေ သိရှိဖို့၊ ကြိုတင်ပြီး ပွင့်လင်းမြင်သာစွာ ချပြဖို့ အရေးကြီးပါတယ်။ ဒါမှသာ တောင်သူလယ်သမားတွေအနေနဲ့ လာမယ့်နှစ်မှာ ဘယ်သီးနှံဈေးကွက်ဝင်တယ်၊ ဘယ်နိုင်ငံနဲ့ စာချုပ်ချုပ်ထားတယ်၊ ပမာဏ ဘယ်လောက်တင်ပို့ရမယ်၊ ဈေးနှုန်း ဘယ်လောက်သတ်မှတ်ထားတယ် စသည်ဖြင့် သိရှိမှာဖြစ်ပါတယ်။ ဒီလိုသိမှ စိုက်ပျိုးမယ့် တောင်သူတွေအတွက် အရည်အသွေးပြည့်ဝတဲ့ ဈေးကွက်ဝင် သီးနှံထွက်ကုန်တွေကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်မယ်။ ဒါမှသာ အစိုးရနဲ့ ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လို့ ရသွားမှာဖြစ်ပါတယ်" ဟု **ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း**က ပြောသည်။

နိုင်ငံအတွက် အဓိကကျသည့် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူများ၏ လူမှုဘဝ မြှင့်တင်နိုင်ရန် ၎င်းတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်သည်။ တောင်သူများအတွက် လိုအပ်ချက်ဖြစ်နေသည့် စိုက်ပျိုးရေးထွက်ကုန် သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ပြည်တွင်းပြည်ပ ဈေးကွက်ခိုင်မာမှုရရှိရေးအတွက် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တင်ပြရေးသားအပ်ပါသည်။

ပွဲရုံတစ်ခု၌ ပဲစင်းငုံများ ထုပ်ပိုးရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်။

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၁၉-၆-၂၀၁၉ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၃-၅-၂၀၁၉ ရက်နေ့မှ ၇-၆-၂၀၁၉ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ခုနစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ၁၉ ဦး၊ ပေါင်း ၂၁ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ကိုးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပြီး အချက်အလက်များ ပြည့်စုံမှန်ကန်မှုမရှိသော အထွေထွေထုတ်ဝေခွင့် တစ်ဦးနှင့် သတင်းအေဂျင်စီတစ်ဦးတို့ကို ခွင့်မပြုရန် ဆုံးဖြတ်ခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၈၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၆၅၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၀၁ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၄၃၈ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

၁၂ လရာသီပွဲတော်များနှင့် ပန်းများအထိမ်းအမှတ် ရဟန်းခံရှင်ပြုပွဲနှင့် ပုန်းညက်ပန်း ၂၀၀ ကျပ်တန် တံဆိပ်ခေါင်းသစ်ရောင်းချပေးမည်

နေပြည်တော် ဇွန် ၂၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၂ လ ရာသီပွဲတော်များနှင့် ပန်းများအထိမ်းအမှတ် ဝါဆိုလအတွက် ရဟန်းခံရှင်ပြုပွဲနှင့် ပုန်းညက်ပန်း ၂၀၀/- ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၁၉ ခုနှစ်ဇူလိုင် ၂ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလဆန်း ၁ ရက်၊ အင်္ဂါနေ့နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည် ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇူလိုင် ၂ ရက်၌ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ်(Firstday Cover)များပေါ်တွင် နေ့စွဲ အမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နေပြည်တော်ရှိ သတင်းစာတိုက်များနှင့် နေပြည်တော် ပုံနှိပ်စက်ရုံဝန်ထမ်းများအား လူမှုဖူလုံရေးရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသ

နေပြည်တော် ဇွန် ၂၅

နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှသတင်းစာတိုက်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်ရုံမှ ဝန်ထမ်းများအား ယနေ့တွင် လူမှုဖူလုံရေး အကျိုးခံစားခွင့်အနေဖြင့် ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသပေးသည်။ **(ယာပုံ)**

အဆိုပါ လူမှုဖူလုံရေးရွေ့လျားဆေးကုသယာဉ်ဖြင့် ဆေးကုသမှုဆောင်ရွက်ရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာဆေးခန်းတို့ ပူးပေါင်း၍ နံနက် ၈ နာရီခွဲမှ ညနေပိုင်းအထိ မြန်မာ့အလင်း၊ ကြေးမုံ၊ နေပြည်တော်သတင်းစာတိုက်များနှင့် နေပြည်တော်ပုံနှိပ်စက်ရုံမှ လူမှုဖူလုံရေး အာမခံထားသူ ဝန်ထမ်း ၁၇၈ ဦးတို့ကို ကျန်းမာရေး စစ်ဆေးခြင်းနှင့် လိုအပ်သော ဆေးဝါးကုသမှုများ၊ ကျန်းမာရေး အသိပညာပေးမှုများ ဆောင်ရွက်ပေးသည်။

"အခုလို လူမှုဖူလုံရေးအဖွဲ့ရဲ့ အစီအစဉ်နဲ့ ကျွန်တော်တို့ရုံးအထိ လာရောက်ပြီးတော့ ကျန်းမာရေးစစ်ဆေးပေးတာ။ ဆေးဝါးကုသပေးတာ အလွန်ကောင်းပါတယ်။ အခုလိုမျိုး ရွေ့လျားဆေးကုသယာဉ်နဲ့ ခြောက်လတစ်ကြိမ် လောက်လာပြီး ကျန်းမာရေးစစ်ဆေးပေးစေချင်ပါတယ်"ဟု ကျန်းမာရေးစစ်ဆေးမှုခံယူသူ ဝန်ထမ်းတစ်ဦးက ပြောသည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအရ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် အာမခံစနစ်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့် အာမခံစနစ်၊ အခြားလူမှုဖူလုံရေးစနစ်နှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့ပါဝင်ပြီး ယခုလက်ရှိတွင် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်နှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်နှစ်ခုကို အဓိကကျင့်သုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဥပဒေအရ အလုပ်သမားများနှင့် အများပြည်သူအားလုံး အာမခံထားခွင့်ရှိသည်။ အာမခံထားသူများကိုလည်း အခမဲ့ဆေးကုသမှုပေးခြင်း၊ မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှု ၊ အလုပ်တွင်ထိခိုက်မှုတို့အတွက် ငွေကြေးအကျိုးခံစားခွင့်ပြုခြင်း၊ ထို့ပြင် အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်၊ ကျန်ရစ်သူ အကျိုးခံစားခွင့်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်၊ အိမ်ရာနေထိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်များ ရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ - သီဟစည်သူ

○ *ကျောဖုံးမှ*

ခြေစစ်ပွဲအောင်ခဲ့သည့် ကစားသမားများကို အခြေခံဖွဲ့စည်းထားသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက ရွေးချယ်ထားသည့် တိုက်စစ်မှူး မြတ်နိုးခင်နှင့် နောက်ခံလူ ဖြူဖြူဝင်းတို့ကို ပဏာမလူစာရင်းတွင် ထည့်သွင်းထားခြင်းမရှိသေးဘဲ အပြီးသတ်လူစာရင်းတွင် ပါဝင်မှုအပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အုပ်စု (ခ)၌ လက်ရှိချန်ပီယံ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စု (က)တွင် မြောက်ကိုရီးယား၊ ဩစတြေးလျ၊ ထိုင်း၊ ဗီယက်နမ်အသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပုံမှန်ထက်ပိုမိုကြိုးစားရဖွယ်ရှိနေသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲတွင်လည်း ပထမအဆင့်ထက် ဒုတိယအဆင့်ကစားခဲ့သည့်ခြေစွမ်းက ပိုမိုကောင်းမွန်ခဲ့သောကြောင့် နည်းပြချုပ် ဒေါ်သက်သက်ဝင်းအနေဖြင့် ပြိုင်ပွဲအတွက်ရရှိသည့်ပြင်ဆင်ချိန် လေးလနီးပါးအတွင်း အကောင်းဆုံးအနေအထားရရန် ပြင်ဆင်သွားဖွယ်ရှိနေသည်။ မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ၊ ပြည်ပလေ့ကျင့်ရေး ခရီးစဉ်များ သွားရောက်မည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**-ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ**- ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ**- ဦးကိုကိုအောင်၊ **ဂိုး**-ဇူးလတ်နဒီ၊ ပိုးဥခင်မြတ်မိုး၊ စိမ်းလဲ့လဲ့ဦး ၊ **နောက်တန်း**-နန့်ဇူးဇူးထက်၊ သဲအိမိုး၊ ကြည်ပြာလင်း၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ မိုးမမစိုး၊ နှင်းမြသဇင်၊ မေသက်မွန်မြင့်၊ သဇင်အောင်၊ ကေကေ၊ အိအိကျော်၊ **အလယ်တန်း**- ဝင်းဝင်း ၊ မေဖူးကို၊ မိုးမိုးသန်း၊ ဇင်မာထွေး၊ အေးအေးထွေး၊ ဘွဲ့လျှန်ကိန်း၊ ပုံ့ပုံ့ပြည့်မောင်၊ **ရှေ့တန်း**-စန်းသော်သော်၊ ဆုပြည့်ပြည့်ကျော်၊ လင်းမြင့်မိုရ်၊ လင်းလဲ့ဦး၊ အေးမြတ်ခိုင်၊ နွယ်နီဝင်း၊ ဆွေမာအောင်နှင့် အိစန္ဒာဇော်တို့ ပါဝင်ကြသည်။

ညီမြတ်သော်တာ

အိုလံပစ်နေ့အထိမ်းအမှတ် လှျပ်တစ်ပြက် တင်းနစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် လျှပ်တစ်ပြက်တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အားကစားကွင်း၌ ကျင်းပသည်။

လျှပ်တစ်ပြက်နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အားကစားသမား ၃၄ ဦးတို့က ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲအပြီးတွင် ပထမဆုရ ဇော်ဆန်းဦးနှင့် ကောင်းထက်စံ၊ ဒုတိယဆုရ Mr.Mado နှင့် ဆယ်လျှံဇူး၊ ပူးတွဲတတိယဆုရရှိသည့် အောင်ကျော်နိုင်နှင့် သိန်းစံ၊ သော်ဇင်စိုးနှင့် အာကာတို့ကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းလွင်က ဆုများပေးအပ်ချီးမြှင့်သည်။

အောင်သူရ

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

အမေရိကန်နှင့် ပြင်သစ်အသင်းတို့ ကွာတားဖိုင်နယ်တွင် တွေ့ဆုံမည်

ယမန်နေ့က အမျိုးသမီးကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်နှင့် အမေရိကန်၊ ဆွီဒင်နှင့် ကနေဒါအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ စပိန်နှင့် အမေရိကန်အသင်းတို့ပွဲစဉ်တွင် အမေရိကန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆွီဒင်နှင့် ကနေဒါအသင်းတို့ပွဲစဉ်တွင် ဆွီဒင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲတွင် အနိုင်ရရှိခဲ့သည့် အမေရိကန်နှင့် ဆွီဒင်အသင်းတို့သည် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ကွာတားဖိုင်နယ်တွင် အမေရိကန်အသင်းသည် အိမ်ရှင်ပြင်သစ်အသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်ကာ ဆွီဒင်အသင်းက ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နော်ဝေအသင်းက အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ ထွက်ပေါ်

ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော ကိုပါအမေရိကဖလားပြိုင်ပွဲများကို ယမန်နေ့က ကျင်းပခဲ့ရာ ချီလီနှင့် ဥရုဂွေးအသင်းတို့ပွဲစဉ်တွင် ဥရုဂွေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ဥရုဂွေးအသင်းသည် အုပ်စုဗိုလ်ဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ အီကွေဒေါနှင့် ဂျပန်အသင်းတို့ပွဲစဉ်တွင် တစ်ဂိုးစီသရေကျခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် အိမ်ရှင်ဘရာဇီးနှင့် ပါရာဂွေး၊ ဗင်နီဇွဲလားနှင့် အာဂျင်တီးနား၊ ကိုလံဘီယာနှင့် ချီလီ၊ ဥရုဂွေးနှင့် ပီရူးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်များကို ဇွန် ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားမည်လည်းဖြစ်သည်။

ဘင်နီတက်ဇ် နယူးကာဆယ်အသင်းမှ ထွက်ခွာမည်

နယူးကာဆယ်အသင်းသည် နည်းပြဘင်နီတက်ဇ်အနေဖြင့် ဇွန် ၃၀ ရက်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပါက ထွက်ခွာတော့မည်ဟု ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဘင်နီတက်ဇ်သည် နယူးကာဆယ်အသင်းကို ပြီးခဲ့သည့် ရာသီတွင် ပရီမီယာလိဂ်၌ အဆင့် ၁၃ နေရာတွင် ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်သူဖြစ်သည်။

နယူးကာဆယ်အသင်း၌ ဘင်နီတက်ဇ်၏ မှတ်တမ်း

	ပွဲ	နိုင်	သရေ	ရှုံး	အနိုင်ရရှိသည့် ရာနိုင်နှုန်း
ပရီမီယာလိဂ်	၈၆	၂၇	၂၁	၃၈	၃၁ ဒသမ ၄%
ချန်ပီယံရှစ်	၄၆	၂၉	၇	၁၀	၆၃ ဒသမ ၀၄%
အက်ဖ်အေဖလား	၈	၃	၂	၃	၃၇ ဒသမ ၅ %
လိဂ်ဖလား	၆	၃	၁	၂	၅၀ %
စုစုပေါင်း	၁၄၆	၆၂	၃၁	၅၃	၄၂ ဒသမ ၄၇ %

နော့ဝှစ်ချ်အသင်း ဒါးမစ်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ

နော့ဝှစ်ချ်စီးတီးအသင်းသည် ဆွစ်ဇာလန်တိုက်စစ်ကစားသမား ဂျိုးဆစ် ဒါးမစ်အား သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဂျာမန်ကလပ် မိုချန်ဂလာဘတ်အသင်းတွင် လေးရာသီကြာဖြတ်သန်းခဲ့သော ဒါးမစ် (၂၆နှစ်) သည် လာမည့် ဇူလိုင် ၁ ရက်တွင် တန်းတက်နော့ဝှစ်ချ်စီးတီးနှင့် ပူးပေါင်းသွားဖွယ်ရှိကြောင်းလည်း ဖော်ပြထားသည်။

မက်ဂွိုရီအတွက် ပြောင်းရွှေ့ကြေး မန်စီးတီးအသင်းထက် မန်ယူ ပိုပေးလို

မန်ယူအသင်းသည် လက်စတာစီးတီးအသင်း ဗဟိုခံစစ်ကစားသမား မက်ဂွိုရီ (၂၆ နှစ်) အတွက် ပြောင်းရွှေ့ကြေးကို မန်စီးတီးအသင်းထက် ပိုပေးရန် ဆန္ဒရှိနေသော်လည်း အင်္ဂလန်ကစားသမားကိုယ်တိုင်က ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးထံသို့သာ ပြောင်းရွှေ့လိုကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။ **အောင်ဇော်**

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၅

မူးယစ်တပ်ဖွဲ့စု(၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၄ ရက် ညနေ ၅ နာရီက တနင်္သာရီမြို့နယ် မောတောင်မြို့ အမှတ်(၁) ရပ်ကွက် နှင်းဆီလမ်းနေ ဝင်းနိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရဲမင်းထွန်း၊ တင်ဌေး၊ ဇင်လတ်၊ ဌေးကို၊ မျိုးသန့်၊ သားကို၊ သားထွေး၊ မအေးအေးခိုင်တို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၊ အိုက်စ် ၅ ဂရမ်၊ ဘိန်းစာမှုန့် ၈၀၀ ဂရမ်နှင့် တူမီးသေနတ် နှစ်လက်တို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အမှတ်(၁၂)ရပ်ကွက်နေ မနန်းအုန်းရီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ တစ်ရပ်ကွက်တည်းနေ အစ်မဖြစ်သူ နန်းငွေမြင့်၏ နေအိမ်တွင် ၎င်းသို့ဝှက်ထားသည့် မူးယစ်ဆေးဝါးများ ကျန်ရှိနေကြောင်း သိရှိရသဖြင့် ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၄၅၂ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဇွန် ၂၃ ရက် ညနေ ၅ နာရီတွင် တပ်မတော်မှ မိုင်းဆတ်မြို့နယ် မိုင်းတွမ်း(တောင်ပေါ်) ကျေးရွာအုပ်စု ဟွေမီး(၁)ကျေးရွာအနီးရှိ မြေကြီးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀၊ ကဖင်း ၂၀၀ ကီလို၊ အီသိုင်း အီသာ ၁၂၈ လီတာနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ အလားတူ ဇွန် ၂၄ ရက် ပူနားကိုကျေးရွာနေ ကျကြူရှီး၏ ရော်ဘာခြံအား ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ဆက်လက်၍ အားဆော်ပေါ်မိုးကျေးရွာအနီးလျှိုအတွင်းရှိ မြေကြီးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀၀၊ ကဖင်း ၆၈၀ ကီလိုနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ကင်းသာ - ပင်လောင်းလမ်းတွင် တောင်ကျချောင်းရေကြောင့် လမ်းပိတ်ဆို့

တပ်ကုန်း ဇွန် ၂၅

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ယနေ့ နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကင်းသာ-ပင်လောင်း ကားလမ်း မိုင်တိုင်အမှတ်(၇/၂)ရှိ တံတားအား တောင်ကျချောင်းရေ ဖြတ်ကျော်စီးဆင်းပြီး သစ်တုံးများ မျောပါပိတ်ဆို့၍ ကားလမ်းပိတ်ဆို့မှုခေတ္တ ဖြစ်ပွားခဲ့သည်။

ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်

အဆိုပါဖြစ်ပွားနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများ သွားရောက်၍ ကားလမ်းပေါ်ရှိ အမှိုက်များနှင့် သစ်တုံးများ ဝိုင်းဝန်းဖယ်ရှား ရှင်းလင်းဆောင်ရွက်ခဲ့ရာ (**ယာပုံ**) နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်းမောင်းနှင် သွားလာနိုင်ခဲ့ကြောင်း သိရသည်။

စက်ယန္တရားများဖြင့် ဖယ်ရှား

တံတားထိပ်ဝတွင် ပိတ်ဆို့နေသော သစ်တုံးများနှင့် အမှိုက်များအား ဆက်လက်၍ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်စိုးလွင်

မြန်မာ့ရုပ်မြင်သံကြား

၂၆-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
- ၈း၄၅ - "၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"
- ၁၅း၂၀ - "သုဝဏ္ဏသာမဇာတ်တော်" (ဒုတိယပိုင်း) (မန္တလေးသိန်းဇော်နှင့်အဖွဲ့)

ညပိုင်း

- ၁၇း၁၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
- ၁၇း၃၀ - MRTV Travelogue
- ၁၈း၂၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဖေဖေကင်းကိုကြည့်တယ်"
- ၁၈း၅၅ - လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု
- ၁၉း၂၅ - "လင်းသောအရပ်မှ စောင့်လတ်သူများ" မင်းလူလူ၊ နှင်းထက်ထက်ဝေ၊ ဝါဝါ (ဒါရိုက်တာ-ကျော်နှင်းဆီ)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်
- ၂၀း၃၅ - အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့
- - ဂီတသမား၊ ဂီတစကား "တော်လေးတော်သီချင်းများ" (အပိုင်း-၂) ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်
- - နိုင်ငံခြားဇာတ်လမ်းတွဲ "ယောက်ျားတံခွန်" (အပိုင်း-၁၉)

သာစည်မြို့နယ် ယင်းမာပင်၌ အမျိုးသားတစ်ဦး တောင်ပေါ်မှ ပြုတ်ကျ၍ သေဆုံး

မိတ္ထီလာ ဇွန် ၂၅

သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ၌ ဇွန် ၂၄ ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦး ဆင်စာအတွက် တောထဲသို့ သစ်သီးသစ်ရွက်များ သွားရောက်ရှာဖွေရာမှ အမြင့်ပေ ၈၀ ခန့်ရှိ တောင်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ယင်းမာပင်ကျေးရွာ ညောင်ပင်သာရပ်ကွက်နေ ဒေါ်သန်းသန်းပိုင်ဆိုင်သော ဆင်လေးကောင်အား အကသင်ပေးရန် ငှားရမ်းထားသော ကိုစောကျော့မော့မော့သည် ယင်းမာပင်ကျေးရွာအရှေ့ဘက် ၂၅ မိုင်ရှိ တောထဲတွင် နေမျိုးဆေး၊ ဖိုးသား(ခ) နေဝင်းထက်၊ ထက်ဝေအောင်တို့နှင့်အတူ နေထိုင်ပြီး ဇွန် ၂၄ ရက် နံနက် ၉ နာရီခန့်က ဆင်စာအတွက် သစ်သီးသစ်ရွက်ရှာရန် တစ်ဦးတည်း တောထဲထွက်သွားရာမှ မွန်းလွဲပိုင်းအထိ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် နေမျိုးဆေးအပါအဝင် သုံးဦးက လူခွဲပြီးလိုက်လံရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ဦးစောကျော့မော့မော့ကို တောင်နှစ်လုံးကျော်အရောက် အမြင့်ပေ ၈၀ ခန့်ရှိ တောင်အောက်ခြေတွင် ဒဏ်ရာများနှင့် တွေ့ရှိရသဖြင့် ယင်းမာပင်ဆေးရုံသို့ ကားဖြင့်ပို့ဆောင်စဉ် လမ်းတွင်သေဆုံးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ဝိုင်းမော်မြို့နယ်၌ သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်စိုက်ပျိုးထားသည့် တစ်သျှူးငှက်ပျောစိုက်ခင်းများကို ဖျက်ဆီး

ဝိုင်းမော် ဇွန် ၂၅

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နန့်ဝါကြိုးဝိုင်းဧရိယာအတွင်း ကျူးကျော်ဝင်ရောက်စိုက်ပျိုးထားသည့် တစ်သျှူးငှက်ပျောစိုက်ခင်းများကို သစ်တောဦးစီးဌာနက ဇွန် ၂၄ ရက်မှစတင်ကာ ဖျက်ဆီးရှင်းလင်းလျက်ရှိကြောင်း သိရသည်။

"ဝိုင်းမော်မြို့နယ်အတွင်း ကုမ္ပဏီ ၄၀ ခန့်က တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းလုပ်ငန်းကို ဧကတစ်သိန်းဝန်းကျင် စိုက်ပျိုးလျက်ရှိပြီး သစ်တောနယ်မြေအတွင်း တရားမဝင်ကျူးကျော်စိုက်ပျိုးမှုတွေကတော့ ခန့်ဖူးကြိုးပြင်ကာကွယ်တော၊ ဝါရှောင်ကြိုးပြင်ကာကွယ်တော နန့်ဝါကြိုးဝိုင်းတွေမှာ ကုမ္ပဏီငါးခုက စိုက်ဧက ၅၆၅၆ ဧက ကျူးကျော်စိုက်ပျိုးတာကို စစ်ဆေးတွေ့ရှိတာကြောင့် အမှုဖွင့်အရေးယူထားတာ ခုနစ်မှုရှိပါတယ်။ စိုက်ခင်းတွေကို စက်ယန္တရားနဲ့ စတင်ရှင်းလင်း(**အောက်ပုံ**)တာကတော့ ဇွန် ၂၄ ရက်ကစပြီး ဆောင်ရွက်နေတာပါ" ဟု မြို့နယ်ဦးစီးမှူး ဦးဆွတ် ရိန်ဆိုင်းလာက ပြောသည်။

အဆိုပါ တရားမဝင်စိုက်ပျိုးသူများအား အမှုဖွင့်အရေးယူမှုလုပ်ငန်းများဆောင်ရွက်ကာ ကုမ္ပဏီများမှ သစ်တောဦးစီးဌာနသို့ လက်ရောက်အပ်နှံခြင်းများ ဆောင်ရွက်ပြီးမှသာ သစ်တောဦးစီးဌာနမှ သတ်မှတ်မြေနေရာများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများနှင့် ပုဂ္ဂလိကစိုက်ခင်းများ လျှောက်ထားလာပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဝင်းနိုင်(ကချင်မြေ)

တရားမဝင်ငါးဖမ်းလှေများအား ဖမ်းဆီးအရေးယူ

ကော့သောင်း ဇွန် ၂၅

ငါးလုပ်ငန်းဥပဒေအရ ယခုနှစ် ငါးမဖမ်းရ ရာသီအတွင်း အမိန့်ညွှန်ကြားချက်များ လိုက်နာမှုမရှိဘဲ မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင်ငါးဖမ်းလျက်ရှိသည့် ငါးဖမ်းလှေများအား ဖမ်းဆီးအရေးယူခဲ့ကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

တရားဝင် ငါးဖမ်းလုပ်ငန်းလိုင်စင်မရှိဘဲ ငါးဖမ်းနေသည်ကို စစ်ဆေးတွေ့ရှိရခြင်းဖြစ်၍ ဖမ်းဆီးအရေးယူကာ ဇွန် ၂၄ ရက်တွင် ကော့သောင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသို့ လာရောက်လွှဲပြောင်း ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကော့သောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

ပေါင်းတည်မြို့ရှိ ဘေးမဲ့ရေကန်တွင် ငါးနှင့် လိပ်သတ္တဝါများ သေဆုံး

ပေါင်းတည် ဇွန် ၂၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ ဈေး(၂)ရပ်ကွက် ရွှေကျောင်းကြီးတိုက် ဘုရားကြီးဝင်းအတွင်းရှိ မင်းသားကြီးဘေးမဲ့ရေကန်၌ ယမန်နေ့ကစတင်၍ ငါးနှင့် လိပ်သတ္တဝါများ သေဆုံးနေကြောင်း သိရသည်။

အဆိုပါဘေးမဲ့ရေကန်မှာ မြေသားကန်မဟုတ်သည့်အတွက် ဂေဟစနစ်များ ပျက်သုဉ်းပြီး သတ္တဝါများ ခိုအောင်းစရာမြေနေရာမရှိသည့် အုတ်စီရေကန်တစ်ခုဖြစ်ကြောင်း သိရသည်။ ယခင်နှစ်ကလည်း ယခုလိုသေဆုံးဖူးပြီး အလှူရှင်များက အောက်ဆီဂျင်ရရှိအောင် ရေပန့်များတပ်ဆင်ထားသော်လည်း အပူချိန်မြင့်မားကာ ရေကန်သန့်ရှင်းမှုနည်းပါးမှုကြောင့် ရေများနောက်ကာ သေဆုံးခြင်းဖြစ်နိုင်ကြောင်း၊ ယခင်နှစ်က လိပ်များမသေဘဲ ခုဆိုရင် လိပ်ကောင်ရေ ၁၀ ကောင်ခန့်နှင့် ငါးအကောင်ရေ ၅၀ ကျော် သေဆုံးလျက်ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

တင်ဝင်းဇော်(မင်းသားကြီး)

မင်းဘူးမြို့နယ်တွင် ရှေးဟောင်းပစ္စည်းများ တူးဖော်သူနှစ်ဦးအား ဖမ်းဆီးရမိ

မင်းဘူး ဇွန် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အလံပါယ်ကျေးရွာ အရှေ့တောင်ဘက် လေးဖာလုံခန့်အကွာ ဦးလှိုင်အေး၏ ကွင်းအမှတ် (၁၂၃၅) ယာမြေပေါ်တွင် ဇွန် ၂၄ ရက် ညပိုင်းက ရှေးဟောင်းပစ္စည်းများ တူးဖော်နေသူနှစ်ဦးအား ဖမ်းဆီးရမိကြောင်း မင်းဘူးမြို့မရဲစခန်းမှ သိရသည်။

အလံပါယ်ကျေးရွာ အရှေ့တောင်ဘက် လေးဖာလုံခန့်အကွာ၌ ဇွန် ၂၄ ရက် ညပိုင်းက ရှေးဟောင်းပစ္စည်းများ တူးဖော်နေကြောင်းသတင်းအရ မကွေးဌာနခွဲ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဦးစီးအရာရှိ ဦးရဲလွင်၊ မင်းဘူးမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်ငြိမ်းနှင့် အဖွဲ့ဝင်များ၊ အလံပါယ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းကြူပါ ပူးပေါင်းအဖွဲ့တို့က သွားရောက်စုံစမ်းဖမ်းဆီးခဲ့ရာ ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာနေ မြလွင် (၃၀ နှစ်) နှင့် မင်းဘူးမြို့နယ် ကြာကန်ကျေးရွာနေ ချစ်ဟန် (၄၅ နှစ်) တို့အား ရှေးဟောင်းပစ္စည်းများ တူးဖော်ရှာဖွေလျက်တွေ့ရှိပြီး ၎င်းတို့ထံမှ မြေတူးဖော်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် ရှေးဟောင်းပစ္စည်းဟု ယူဆရသော အိုးကြမ်းပဲ့အစိတ်အပိုင်း ခုနစ်ခုအား တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါပစ္စည်းများသည် လွန်ခဲ့သော နှစ် ၁၀၀ ကျော်ခန့်က ရှေးဟောင်းမြေအိုးကွဲအပိုင်းအစပစ္စည်းများဖြစ်နေသည့်အပြင် ယင်းပစ္စည်းများတွေ့ရှိသည့် မြေနေရာနှင့် ဆက်စပ်မြေဧရိယာသည် ရှေးဟောင်းမြေနေရာဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ရှေးဟောင်းဝတ္ထုပစ္စည်းများကို မူလပုံစံပျက်ယွင်းနေခြင်း၊ ဖျက်ဆီးခြင်း၊ ခွင့်ပြုချက်မရှိဘဲ မြေပေါ်ရေအောက် တူးဖော်ခြင်း၊ ရှာဖွေခြင်းများပြုလုပ်သူ ချစ်ဟန်နှင့် မြလွင်တို့အား မကွေးဌာနခွဲ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဦးစီးအရာရှိ ဦးရဲလွင်က ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မျိုးမြတ်(မင်းဘူး)

ဘယ်လ်ဂျီယံ၌ သံရုံးကိုတိုက်ခိုက်ရန် ကြံစည်သည်ဟု သံသယရှိသူကိုဖမ်းဆီး

ဘရပ်ဆဲလ် ဇွန် ၂၅

ဘရပ်ဆဲလ်မြို့ရှိ အမေရိကန်သံရုံးကို တိုက်ခိုက်ရန် ကြံစည်သူကို ဘယ်လ်ဂျီယံ အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေးရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဖက်ဒရယ်အစိုးရ ရှေ့နေများက ပြောကြားခဲ့သည်။

အမေရိကန်သံရုံးကို တိုက်ခိုက်မှုလုပ်ဆောင်တော့မည့် မသင်္ကာဖွယ်လက္ခဏာ များတွေ့ရှိရပြီးနောက်တွင် အဆိုပါ အမျိုးသားကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အစိုးရရှေ့နေရုံးက ပြောသည်။ သံသယရှိသူမှာ သံရုံးကိုတိုက်ခိုက်ရန် ကြိုတင်ကြံစည်မှုတွင် ပါဝင်ခြင်းမရှိကြောင်း ငြင်းဆန်သည်။

သံသယရှိသူမှာ ဘယ်လ်ဂျီယံနိုင်ငံသား အမျိုးသားတစ်ဦးဖြစ်ပြီး အသက် ၄၀ ဝန်းကျင်ရှိကာ ဘာသာပြောင်းထားသူဖြစ်ကြောင်းနှင့် ၎င်း၏ မသင်္ကာဖွယ်အပြုအမူကြောင့် ဖမ်းဆီးခဲ့ကြောင်း စုံစမ်းစစ်ဆေးမှုများနှင့် နီးကပ်သည့် သတင်းရင်းမြစ်တစ်ခုက ဖော်ပြခဲ့သည်။ သံရုံးဧရိယာအား ကင်းထောက်နေသည်ကို တွေ့ရှိရပြီးနောက် ၎င်းအား ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း သတင်းရင်းမြစ်တစ်ခုက အမည်ထုတ်ဖော်ခြင်းမရှိဘဲ ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

ဘရပ်ဆဲလ်ရှိ အမေရိကန်သံရုံးအပြင်ဘက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး စောင့်ကြပ်နေစဉ်။

အမေရိကန်၏ အရေးယူပိတ်ဆို့မှုများက သံတမန်ဆက်ဆံရေးကို ပစ်မှတ်ထားနေသည်ဟု အီရန်ဆို

တီဟီရန် ဇွန် ၂၅

အီရန်၏ ထိပ်တန်းသံတမန်များအား အရေးယူပိတ်ဆို့မှုပြုလုပ်ရန် အမေရိကန်၏ဆုံးဖြတ်ချက်သည် ဝါရှင်တန်နှင့် တီဟီရန်တို့အကြား သံတမန်ရေးရာလမ်းကြောင်းကို ပိတ်သွားစေသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဇွန် ၂၅ ရက်တွင် ပြောကြားလိုက်သည်။

အီရန်၏ အမြင့်ဆုံးခေါင်းဆောင် အယာတိုလာ အလီခါမေနီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက် ဇာရစ်ဖ်တို့အပေါ် အကျိုးမရှိသည့် အရေးယူ ပိတ်ဆို့မှုများ ချမှတ်လိုက်ခြင်းသည် အမေရိကန်အစိုးရအဖွဲ့နှင့် သံတမန်ရေးအရဆက်ဆံမှုလမ်းကြောင်းကို ရေရှည်ပိတ်သွားစေကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာဘတ်စ်မူစာဗီက တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

သမ္မတထရမ့် အစိုးရအဖွဲ့သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အာမခံပေးရန် မြှင့်တင်ခဲ့သည့် နိုင်ငံတကာ ယန္တရားများအားလုံးကို ဖျက်ဆီးရာရောက်နေကြောင်း မူစာဗီက ပြောသည်။

ပြီးခဲ့သည့် ဇွန် ၂၄ ရက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည်

အီရန်ခေါင်းဆောင်ကို အရေးယူပိတ်ဆို့ကြောင်း အမိန့်ထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးလိုက်သည့် သမ္မတထရမ့်။

အီရန်အမြင့်ဆုံးခေါင်းဆောင် ခါမေနီ အပါအဝင် ၎င်းနှင့် နီးနီးကပ်ကပ် ဆက်နွှယ်နေသူများကို ပစ်မှတ်ထားလျက် အရေးယူပိတ်ဆို့မှု ချမှတ်လိုက်သည့် အမိန့်ထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးလိုက်သည်။

ထို့အပြင် အီရန်နိုင်ငံခြားရေးဝန်ကြီးကိုလည်း လာမည့်ရက်သတ္တပတ်တွင် ပိတ်ဆို့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အမေရိကန်က အသစ်ချမှတ်လိုက်သော အရေးယူပိတ်ဆို့မှုများသည် ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန်ဒရုန်းယာဉ်ကို အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့က ပစ်ချလိုက်ပြီးနောက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ဒရုန်းယာဉ်သည် အီရန်လေပိုင်နက်ကို ကျူးကျော်ဝင်ရောက်လာခဲ့ကြောင်း အီရန်ဘက်က စွပ်စွဲခဲ့ပြီး အမေရိကန်ကမူ ထိုသို့မဟုတ်ကြောင်း ငြင်းဆန်ထားသည်။

ဆင်ဟွာ

အမေရိကန်နှင့် အီရန်ကြား တင်းမာမှုမြင့်တက်လာခြင်းကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန် တရုတ်တိုက်တွန်း

ပေကျင်း ဇွန် ၂၅

အမေရိကန်က အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအသစ်တစ်ခုကို ဇွန် ၂၄ ရက်က ထပ်မံချလိုက်ပြီးနောက် အမေရိကန်နှင့် အီရန် နှစ်နိုင်ငံကြား တင်းမာမှုများမြင့်တက်လျက်ရှိရာ ယင်းအခြေအနေများကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန် တရုတ်နိုင်ငံက ဇွန် ၂၅ ရက်က တိုက်တွန်းပြောကြားလိုက်သည်။

ဖိအားပေးဆောင်ရွက်ခြင်းသည် ပြဿနာကိုဖြေရှင်းနိုင်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်ဂမ်ရှောင်က ပေကျင်း၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောသည်။

ယခုကဲ့သို့ ဆောင်ရွက်မှုများသည် ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများကို ရရှိစေမည်ဖြစ်ကြောင်း၊ ဒေသတွင်း မငြိမ်သက်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ထိလွယ်ရှလွယ်ဖြစ်တတ်သည့် ပင်လယ်ကွေ့ရေပိုင်နက်တွင် သင်္ဘောများတိုက်ခိုက်ခံရခြင်း၏ နောက်ကွယ်တွင် အီရန်ရှိကြောင်း အမေရိကန်က စွပ်စွဲပြောကြားလိုက်ပြီးနောက် အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် လွန်ခဲ့သော ရက်သတ္တပတ်များမှစကာ တစ်စတစ်စ လျင်မြန်စွာဆိုးရွားလာခဲ့ကြောင်း သိရသည်။

သို့သော်လည်း အီရန်က အမေရိကန်စွပ်စွဲမှုများကို ငြင်းဆိုထားသည်။ အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာအလီခါမေနီကို ပြစ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ ဒဏ်ခတ်ပိတ်ဆို့မှုတစ်ခုကို အမေရိကန်က ဇွန် ၂၄ ရက်က ချမှတ်လိုက်ပြီး ယင်းဒဏ်ခတ်ပိတ်ဆို့မှုသည် အီရန်နိုင်ငံ၏ ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်ကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင်က ပြောသည်။

အေအက်ဖ်ပီ

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂမ်ရှောင်။

ဟူသီသူပုန်အဖွဲ့၏ လက်ဖြောင့် သေနတ်သမားများ လက်ချက်ဖြင့် ယီမင်တပ်ဖွဲ့ဝင် ၁၁ ဦးကျဆုံး

ဆာနား ဇွန် ၂၅

ယီမင်ရှိ ဟူသီသူပုန်အဖွဲ့သည် နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဂျော့ဖ်ပြည်နယ်တွင်း လက်ဖြောင့် ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ရာ အစိုးရကိုထောက်ခံသည့် တပ်ဖွဲ့ဝင် ၁၁ ဦး သေဆုံးခဲ့ကြောင်း ဟူသီသူပုန်အဖွဲ့က ဇွန် ၂၅ ရက်တွင် ကြေညာခဲ့သည်။

ဟူသီသူပုန်အဖွဲ့နှင့် ဆက်နွှယ်သည့် မာစီရက် ရုပ်သံကွန်ရက်၏ ဖော်ပြချက်အရ သူပုန်အုပ်စုမှ လက်ဖြောင့်တပ်ဖွဲ့က ဆော်ဒီ ကျောထောက်နောက်ခံပေးထားသည့် ယီမင်အစိုးရတပ်ဖွဲ့ဝင် ၁၁ ဦးကို သတ်ဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဟူသီတိုက်ခိုက်ရေး အဖွဲ့သားများသည် ဦးတည်ရာသုံးခုတို့မှ ရုတ်တရက် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ကြရာ မာစလပ်ဧရိယာရှိ အစိုးရတပ်ဖွဲ့များဘက်မှ အထိနာခဲ့ကြောင်း ရုပ်သံ၌ ဖော်ပြထားသည်။

သို့သော်လည်း ဟူသီသူပုန်များဘက်မှ ထိခိုက်သေဆုံးမှုနှင့် ပတ်သက်၍ သတင်းဖော်ပြခြင်း မရှိခဲ့ပေ။ ယင်းကိစ္စနှင့် ပတ်သက်၍ ဟူသီသူပုန်များဘက်မှ ကြေညာချက်အပေါ် ယီမင်ကာကွယ်ရေးဝန်ကြီးဌာနက မှတ်ချက်ပေးခြင်း မရှိကြောင်း သိရသည်။

ယီမင်ရှိ ဟူသီသူပုန်များသည် စစ်ဒဏ်ခံစားနေရသည့် ယီမင်နိုင်ငံတစ်လွှားရှိ နေရာဒေသ အများအပြားတို့တွင် အစိုးရတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

ပြည်တွင်းစစ်ကြောင့် သေဆုံးသူထောင်ပေါင်းများစွာရှိပြီး ပြည်သူသုံးသန်းကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

ဆင်ဟွာ

လိုဏ်ဂူအတွင်း ပိတ်မိခဲ့သည့် ဘောလုံးအသင်းအား ကယ်ဆယ်နိုင်ခဲ့သည့် နှစ်ပတ်လည်အထိမ်းအမှတ် ပြုလုပ်

လိုဏ်ဂူအတွင်း ပိတ်မိခဲ့ပြီးနောက် အသက်ရှင်လွတ်မြောက်လာကြသည့် လူငယ်များ။

ဗန်ကောက် ဇွန် ၂၅

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ဒေသခံများသည် လိုဏ်ဂူအတွင်း ပိတ်မိနေခဲ့ကြသည့် ဘောလုံးအသင်းဝင်များကို အံ့သြဖွယ်ကယ်ဆယ်နိုင်ခဲ့မှု တစ်နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဘောလုံးအသင်းဝင် ၁၂ ဦးနှင့် ၎င်းတို့၏နည်းပြဆရာတို့သည် အဆိုပါဒေသ၌ မုတ်သုံမိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ ရက်သတ္တပတ်နှစ်ပတ်ကြာအောင် လိုဏ်ဂူအတွင်းပိတ်မိနေခဲ့ကြသည်။ ကျွမ်းကျင်ရေငုပ်သမားများက လူငယ်ဘောလုံးသမားများကို အန္တရာယ်ကြီးသည့် အခြေအနေအတွင်းမှ သက်စွန့်ဆံဖျား ကယ်တင်နိုင်ခဲ့ကြသည်။

ယင်းအဖြစ်အပျက်ကြောင့် ထိုင်းနိုင်ငံတွင် လူသိများခဲ့သည့် အဆိုပါ လူငယ်များသည် ဇွန် ၂၄ ရက် နံနက်တွင် ၎င်းတို့ပိတ်မိခဲ့ရာ လိုဏ်ဂူဝဆီသို့ သွားရောက်ကာ ဆုတောင်းမေတ္တာပို့ခဲ့ကြသည်။

ထို့အပြင် ကယ်ဆယ်ရေးဆောင်ရွက်စဉ်အတွင်း အသက်ဆုံးရှုံးသွားခဲ့သည့် ထိုင်းနိုင်ငံမှ ကမ်းတက်တပ်ဖွဲ့ဝင်ဟောင်း စာမန်ခုန်အတွက် လူငယ်များက ဂါရဝပြုဆုတောင်းခဲ့ကြကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

နိုင်ငံတကာ သတင်းတိုထွာ

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် နိုဝင်ဘာလအတွင်း ဂျပန်သို့ သွားရောက်မည်

တိုကျို ဇွန် ၂၅

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် နိုဝင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ လေးရက်ကြာ သွားရောက်ရန် စီစဉ်ထားသည်။ ၁၉၈၁ ခုနှစ်က ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်၂ ဂျပန်နိုင်ငံသို့ လာရောက်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပုပ်ရဟန်းမင်းကြီး တစ်ဦး ဂျပန်နိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။ နိုဝင်ဘာလ ၂၂ ရက်တွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် တိုကျိုသို့ ရောက်ရှိမည်ဟု သတ်မှတ်ထားသည်။ တိုကျိုရောက်ရှိပြီး နောက်တစ်နေ့တွင် နာဂါဆာကီနှင့် ဟီရိုရှီးမားတို့သို့ သွားရောက်ရန် စီစဉ်ထားသည်။

နာဂါဆာကီမြို့ရှိ အူရာခါမီ ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းမည်ဖြစ်သည်။ အဆိုပါ ဘုရားကျောင်းသည် ၁၉၄၅ ခုနှစ်က အဏုမြူဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ပြီးနောက် ပြန်လည်ပြင်ဆင်ခဲ့သည့် ဘုရားကျောင်းဖြစ်သည်။

ထို့နောက် ဟီရိုရှီးမားတွင် အဏုမြူဗုံးဒဏ်ခံပြည်သူများအတွက် အထိမ်းအမှတ်ပွဲကို တက်ရောက်မည် ဖြစ်သည်။ နိုဝင်ဘာ ၂၅ ရက်တွင် ၎င်းသည် ဂျပန်ဧကရာဇ်နာရူဟီတို၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့နှင့် တွေ့ဆုံမည်ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီး ဂျပန်သို့ အရောက်တွင် နျူကလီးယား ဆန့်ကျင်ရေးနှင့်ပတ်သက်ပြီး မည်သို့ပြောကြားမည်ကို အများက စိတ်ဝင်စားနေကြသည်။ **အင်န်အိတ်ချ်ကေ**

ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲ ခက်ခဲနိုင်ဟုဆို

ဆိုးလ် ဇွန် ၂၅

အမေရိကန်သမ္မတ ထရမ့် တောင်ကိုရီးယားသို့ ယခုသီတင်းပတ်နှောင်းပိုင်းတွင် မလာရောက်မီ တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြား ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ရန် အခက်ကြုံနိုင်သည်ဟု ဇွန် ၂၅ ရက်တွင် တောင်ကိုရီးယားနိုင်ငံမှ ပြန်လည် ပေါင်းစည်းရေးဝန်ကြီး ကင်ယွန်ချယ်က ပြောသည်။ နိုင်ငံခြားရေးဆိုင်ရာကိစ္စရပ်များနှင့် ပြန်လည်ပေါင်းစည်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည့် ပါလီမန်အစည်းအဝေးတွင် ကင်က မှတ်ချက်ချ ပြောကြားခဲ့သည်။

အမေရိကန်နှင့်တောင်ကိုရီးယားတို့ တွေ့ဆုံပွဲမတိုင်မီ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့အကြား ထိပ်သီးဆွေးနွေးပွဲ ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားခြင်းမှာ ယုံကြည်မှု လွန်ကဲလွန်းခြင်း မဟုတ်ဟု ၎င်းက ပြောကြားခဲ့သည်။ အမေရိကန်သမ္မတထရမ့်သည် တောင်ကိုရီးယားသို့ နှစ်ရက်ကြာသွားရောက်ရန် စီစဉ်ခဲ့ပြီး တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် တနင်္ဂနွေနေ့တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။ သမ္မတထရမ့်၏ ခရီးစဉ်မတိုင်မီ တောင်ကိုရီးယားသမ္မတသည် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် မြောက်ကိုရီးယားမှ ထိပ်သီးခေါင်းဆောင်များနှင့် တွေ့ဆုံရန် မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

အစားအသောက်ပြတ်လပ်မှုကြောင့် အန္တရာယ်ကြားရောက်ရတော့မည့် ယီမင်ပြည်သူများ

ချူးစန္ဒီဋွေး

အေဒင်မြို့အပြင်ဘက်ရှိ ဒုက္ခသည်စခန်းတွင် ရေသယ်နေကြသည့် ကလေးငယ်များကို တွေ့ရစဉ်။

ကာလရှည်ကြာမြင့်နေပြီဖြစ်ပေမယ့် အခုထက်ထိတိုင် အဆုံးမသတ်နိုင်သေးတဲ့ ယီမင်စစ်ပွဲမှာ တိုက်ပွဲကြား ညပ်နေတဲ့ ပြည်သူတွေဟာ အသက်ရှင်သန်ရေးအတွက် ထောက်ပံ့ရေးပစ္စည်းတွေပေါ်မှာပဲ မှီခိုနေရပါတယ်။

သတင်းဆိုးတစ်ခု

ဒီလိုမှီခိုနေရတဲ့ ထောင်နဲ့ချီတဲ့ ယီမင်ပြည်သူတွေအတွက် သတင်းဆိုးတစ်ခု ရောက်ရှိလာခဲ့ပါတယ်။ အဲဒါကတော့ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)ဟာ ယီမင်နိုင်ငံက စစ်ဘေးသင့် ပြည်သူတွေအတွက် အစားအသောက် ထောက်ပံ့ပေးနေတာကို တစ်စိတ်တစ်ပိုင်း ဆိုင်းငံ့လိုက်မယ်ဆိုတဲ့ သတင်းစကားပါပဲ။ ဒီအတိုင်းဆိုရင် ဟူသီသူပုန်တွေ ထိန်းချုပ်ထားတဲ့ဒေသမှာ နေထိုင်ကြတဲ့ ထောင်နဲ့ချီတဲ့ ယီမင်ပြည်သူတွေဟာ အငတ်ဘေးဆိုက်မယ့် အနေအထားမှာ ရှိပါတယ်။ ကုလသမဂ္ဂဟာ ယီမင်နိုင်ငံတစ်လွှားမှာ နေထိုင်ကြတဲ့ ပြည်သူ ၁၀ သန်းခန့်ကို အစာရေစာ ထောက်ပံ့ပေးထားပါတယ်။ ဒါပေမယ့် ဟူသီသူပုန်တွေဟာ ပြည်သူတွေကို အစားအသောက် ဖြန့်ဝေပေးရာမှာ ပူးပေါင်းဆောင်ရွက်ခြင်း မရှိတဲ့အပြင် အတားအဆီးတွေပါ လုပ်ဆောင်တယ်လို့ ကုလသမဂ္ဂက ပြစ်တင်ပြောကြားပါတယ်။

အစားအသောက်ဖြန့်ဝေမှုဆိုင်းငံ့

ပြီးခဲ့တဲ့ရက်ပိုင်းတွေအတွင်းမှာ ဟူသီသူပုန်တွေနဲ့ WFP တို့ရဲ့ ကြားစကားစစ်ပွဲတွေဟာ ပိုမိုပြင်းထန်လာခဲ့ပါတယ်။ အဲဒီလိုတစ်ဖက်နဲ့တစ်ဖက် အခြေအနေတွေ တင်းမာလာရာကနေ အစားအသောက်အကူအညီ ဖြန့်ဝေမှုကို တစ်စိတ်တစ်ပိုင်း ဆိုင်းငံ့လိုက်တာအထိ ဖြစ်လာပါတယ်။ ထောင်နဲ့ချီတဲ့ ယီမင်ပြည်သူတွေကို အစားအသောက် ဖြန့်ဝေပေးတာတွေ မလုပ်တဲ့အထိ ဖြစ်လာပါတယ်။ ဟူသီလက်နက်ကိုင်အုပ်စုဟာ အီရန်နဲ့ မဟာမိတ်ဖြစ်ပြီး ၂၀၁၅ ခုနှစ်ကစလို့ မြို့တော်ဆာနားနဲ့ လူဦးရေထူထပ်တဲ့ မြောက်ပိုင်းပြည်နယ်တွေကို သိမ်းပိုက်ထားပါတယ်။ အစားအသောက် အကူအညီထောက်ပံ့ပေးမှုကို WFP က ဖြတ်တောက်လိုက်ခြင်းအားဖြင့် ဟူသီတွေ ထိန်းချုပ်ထားတဲ့ဒေသက ပြည်သူ ၈၅၀၀၀၀ ဝန်းကျင်ခန့် ဆိုးကျိုးတွေ ထိခိုက်ခံစားရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ အစိုးရက ထိန်းချုပ်ထားတဲ့ တောင်ပိုင်းပြည်နယ်တွေမှာ ပြည်တွင်းမှာပဲ ပြောင်းရွှေ့နေထိုင်သူ ထောင်ပေါင်းများစွာဟာလည်း အစားအသောက်ဖြန့်ဝေခြင်း တစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းလိုက်ခြင်းရဲ့ ရိုက်ခတ်မှုတွေကို ခံစားလာရဖွယ်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ WFP ရဲ့ ရုံးချုပ်ဟာ မြို့တော်ဆာနားမှာပဲ ယခုထက်ထိတိုင် အခြေစိုက်နေတုန်းကြောင့်ပါပဲ။

အစားအသောက်ပြတ်လပ်

အေဒင်မြို့ဆင်ခြေဖုံးဘက်မှာ နေထိုင်ကြတဲ့ စစ်ဘေးဒုက္ခသည်တွေကတော့ သူတို့ရဲ့စခန်းတွေမှာ အစားအသောက် ပြတ်လပ်မှုတွေ ဖြစ်လာပြီလို့ ပြောပါတယ်။ ဒီလိုမျိုး အစားအသောက် ဖြန့်ဝေတာကို တစ်စိတ်တစ်ပိုင်း ရပ်တန့်လိုက်ရခြင်းဟာ ပြည်တွင်းအဖွဲ့အစည်းတွေက WFP နဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိလို့ ဒီလိုဖြစ်ရတာလို့လည်း ပြောလို့ရပါတယ်။ ယာရာဟတ်ဆန်ကတော့ စစ်ပွဲဒဏ်ကြောင့် နေရပ်ကနေ စွန့်ခွာထွက်ပြေးလာသူ ဖြစ်ပါတယ်။ သူဟာ ကလေးငါးယောက်ရဲ့ ဖခင်လည်း ဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်တွေဟာ ပြည်သူတွေရဲ့ရှင်သန်ရပ်တည်မှုနဲ့ သက်ဆိုင်နေပါတယ်။ ဒါကြောင့်လည်း တိုင်းပြည်အတွင်းမှာ ဖြစ်ပျက်နေတဲ့ နိုင်ငံရေးပဋိပက္ခနဲ့ မရောထွေးသင့်ဘူးလို့ သူက ပြောပါတယ်။ “ကျွန်တော်တို့ဟာ စစ်ပွဲဒဏ်ခံစားရတဲ့သူတွေပါ။ အခုဆိုရင် ကျွန်တော်တို့ စခန်းတွေမှာ အစားအစာ၊ ဆေးဝါးနဲ့ ကလေးတွေအတွက် လိုအပ်တဲ့ပစ္စည်းတွေ ပြတ်တောက်နေပါပြီ။ ဒါကြောင့် ပြည်တွင်းနဲ့အပြည်ပြည်ဆိုင်ရာက အဖွဲ့အစည်းတွေဟာ နိုင်ငံရေးအရ ကပ်ငြိမှုတွေ၊ နေရာဒေသတွေကို ထည့်တွက်မနေဘဲ ဆာလောင်မွတ်သိပ်နေတဲ့ ယီမင်ပြည်သူတွေကို ဆက်လက်ပြီး ကူညီကြပါ”လို့ တိုက်တွန်းခဲ့ပါတယ်။

အကူအညီလိုအပ်ဆဲ

စစ်ဘေးကြောင့် ပြည်တွင်းမှာပဲ ပြောင်းရွှေ့နေထိုင်ကြတဲ့ မိသားစုတွေဟာ WFP နဲ့ အခြားသော အဖွဲ့အစည်းတွေရဲ့အကူအညီ လိုအပ်ဆဲပဲလို့ ပြောကြပါတယ်။ ခါဟာလာမာရင်လို့ခေါ်တဲ့ နေရပ်စွန့်ခွာလာသူ အမျိုးသမီးကတော့ သူတို့မိသားစုဟာ အစားအစာ၊ ရွက်ဖျင်တဲနဲ့ ဆေးဝါးကုသမှုတွေ လိုအပ်နေဆဲပဲလို့ ပြောပါတယ်။ တိုင်းပြည်ရဲ့အချို့နေရာတွေမှာလည်း တိုက်ပွဲတွေဟာ အရှိန်ပြင်းထန်နေတုန်းပါပဲ၊ ထောင်နဲ့ချီတဲ့ လူတွေဟာ ဒုက္ခသည်စခန်းတွေဆီကို သွားနေရပါတယ်။ ဒုက္ခသည်စခန်းတွေမှာလည်း နေ့စဉ်လိုအပ်တဲ့ ပစ္စည်းတွေ လုံလုံလောက်လောက် မရှိပါဘူး။ တစ်ခါတလေ စားစရာသောက်စရာတောင် မရှိပါဘူး။ ဆာနားမှာ အခြေစိုက်တဲ့ ဟူသီသူပုန်တွေနဲ့ WFP က အရာရှိတွေကြား အဆင်မပြေမှုတွေ ဆက်ဖြစ်နေမှာကို တချို့လူတွေက ကြောက်ရွံ့နေကြပါတယ်။ ဟူသီအဖွဲ့နဲ့ WFP တို့ကြား သဘောမတူညီမှုတွေကနေ သူတို့ရဲ့ဘဝအခြေအနေဟာ ပိုပြီးဆိုးရွားလာမှာကို ကြောက်လန့်နေကြရပါတယ်။

စားစရာလည်းမရှိတော့

နောက်ထပ်နေရပ်စွန့်ခွာ ပြည်သူတစ်ဦးဖြစ်တဲ့ ယူဆွတ်ဘင်အက်မက်ကတော့ သူဟာအဖွဲ့အစည်းတွေကပေးတဲ့ ထောက်ပံ့ရေးအစားအစာနဲ့ ပစ္စည်းတွေကို လွှန်ခဲ့တဲ့ ခြောက်လလောက်က ပုံမှန်ရတယ်။ ဒါပေမယ့် ဒီရက်ပိုင်းအတွင်းမှာတော့ ဘာမှဖြန့်ဝေပေးတာ မရှိတော့ဘူးလို့ ပြောပါတယ်။ အခုဆိုရင် ရွက်ဖျင်တဲထဲမှာလည်း ဘာမှမရှိတော့ပါဘူး။ ဂျုံမပြောနဲ့ သကြားတောင် မရှိတော့ပါဘူးလို့ ပြောပါတယ်။ စားစရာမရှိတော့ပေမယ့် သောက်စရာရေကတော့ အခုထိ ရနေပါသေးတယ်လို့ ယူဆွတ်က ပြောပါတယ်။ ယီမင်နိုင်ငံတစ်လွှားမှာရှိတဲ့ သန်းနဲ့ချီတဲ့ ပြည်သူတွေဟာ ဖြန့်ဝေပေးတဲ့ အစားအသောက်တွေအပေါ်မှာပဲ မှီခိုနေရတာဖြစ်လို့ လုပ်ဆောင်မှုတွေကို ရပ်နားမထားဘဲ ပြန်လည်လုပ်ဆောင်ပါလို့ WFP ကို တိုက်တွန်းချင်ပါတယ်လို့ သူက ဆက်ပြောပါတယ်။

အစားအစာမလုံလောက်

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ စတက်ဖန် ဒူဂျာရစ်ကတော့ “အစားအသောက်ဖြန့်ဝေမှုကို တစ်စိတ်တစ်ပိုင်း ရပ်တန့်လိုက်ရတာကတော့ မတတ်သာတဲ့အဆုံး လုပ်လိုက်ရတာပါ။ ဟူသီအာဏာပိုင်တွေနဲ့ WFP အရာရှိတွေကြား ဆွေးနွေးမှု ရပ်ဆိုင်းလိုက်ရတဲ့နောက် ဒီလိုမျိုးလုပ်ဖို့ ဖြစ်လာတာပါ”ဟု ပြောခဲ့ပါတယ်။ တနင်္လာနေ့မှာတော့ ယီမင်နိုင်ငံဆိုင်ရာ WFP မှ အကြီးအကဲ ဒေးဗစ်ဘရက်စလေက ယီမင်နိုင်ငံမြောက်ပိုင်းမှာရှိတဲ့ ဟူသီသူပုန်တွေက ထောက်ပံ့ရေးပစ္စည်းတွေကို အလွဲသုံးခဲ့တာကြောင့် ဒေါသထွက်ခဲ့ရပါတယ်။ WFP အကြီးအကဲကတော့ ယီမင်နိုင်ငံမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေကတော့ ကြောက်ခမန်းလိလိပဲလို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ပြောကြားခဲ့ပါတယ်။ လူဦးရေသန်း ၂၀ ခန့်ဟာ အစားအစာ လုံလောက်ခြင်း မရှိပါဘူး။ လူတွေအသက်ရှင်ရပ်တည်နိုင်ဖို့အတွက် ခက်ခဲတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်ရမှာပဲ ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

ဟူသီတွေရဲ့စွပ်စွဲမှု

အခြားတစ်ဖက်မှာလည်း WFP ဟာ ယီမင်ပြည်သူတွေကို ရက်လွန်နေတဲ့ အစားအသောက်တွေ၊ ပုပ်သိုးနေတဲ့ အစားအစာတွေ ဖြန့်ဝေပေးနေတာလို့ ဟူသီတွေက စွပ်စွဲပါတယ်။ WFP ဘက်ကတော့ ဒီစွပ်စွဲမှုကို ပြတ်ပြတ်သားသားပဲ ငြင်းဆိုခဲ့ပါတယ်။ အစားအသောက် လုံခြုံစိတ်ချရရေးအတွက် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့ မပြည့်မီတဲ့ အစားအသောက်ဆိုရင် WFP က ဖြန့်ဝေပေးခြင်း မရှိဘူးလို့ ပြန်လည်ချေပခဲ့ပါတယ်။ ယီမင်ဝန်ကြီးချုပ် အဗ္ဗဒူမာလစ်ကတော့ အစားအသောက်ဖြန့်ဝေမှု ရပ်နားထားတာကို ယီမင်အစိုးရက သဘောမတူဘူးလို့ ပြောခဲ့ပါတယ်။ ကုလသမဂ္ဂက ထောက်ပံ့ရေးပစ္စည်းတွေ ဖြန့်ဝေတဲ့အခါ ဟူသီသူပုန်တွေက နှောင့်ယှက်တာတွေကိုလည်း အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက ဖိအားပေးကြဖို့ တိုက်တွန်းခဲ့ပါတယ်။

ယီမင်နိုင်ငံဟာ ပြည်တွင်းစစ်ဖြစ်နေခဲ့တာ ၂၀၁၄ ခုနှစ်ကတည်းကပါ။ ပြည်တွင်းစစ်ကြောင့်လည်း အာရပ်ကမ္ဘာမှာ အဆင်းရဲဆုံးနိုင်ငံထဲက တစ်နိုင်ငံဖြစ်ခဲ့ပါတယ်။ အစိုးရနဲ့ ဟူသီသူပုန်တွေကြား တိုက်ပွဲတွေကြောင့် ကမ္ဘာမှာ အဆိုးရွားဆုံးလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြဿနာ ဖြစ်ခဲ့ရပါတော့တယ်။ ။

ကိုးကား -ဆင်ဟွာ

> “အစားအသောက် အကူအညီထောက်ပံ့ပေးမှုကို WFP က ဖြတ်တောက်လိုက်ခြင်းအားဖြင့် ဟူသီတွေ ထိန်းချုပ်ထားတဲ့ ဒေသက ပြည်သူ ၈၅၀၀၀၀ ဝန်းကျင်ခန့် ဆိုးကျိုးတွေ ထိခိုက်ခံစားရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်”

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု သစ်ပင်စိုက်ပွဲ ရမည်းသင်း၌ ကျင်းပ

တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင် သစ်ပင်စိုက်ပျိုးပေးနေစဉ်။

ရမည်းသင်း ဇွန် ၂၅
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နည်းပညာတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၄) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု သစ်ပင်စိုက်ပွဲကို ဇွန် ၂၃ ရက်က ကျင်းပသည်။

ထို့နောက် သစ်ပင်စိုက်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများစုပေါင်း၍ စိန်ပန်းနီ၊ ခရေ၊ ပိတောက်၊ ရေတမာနှင့် ငုဝါ ၅၃ တို့ကို နည်းပညာတက္ကသိုလ်ဝင်းအတွင်း အကွက်အမှတ် (၁) ပျိုးပင် ၂၂၅ ပင်၊ အကွက် အမှတ်(၂) ပျိုးပင် ၈၄ ပင်နှင့်အကွက်အမှတ်(၃) ပျိုးပင် ၆၃ ပင်တို့ကို စုပေါင်းစိုက်ပျိုးပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ကျောင်းဝင်းအတွင်း သစ်ပင်စိုက်ပျိုးခြင်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးခြင်းဖြင့် အရိပ်ရစေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည် ရေးအထောက်အကူဖြစ်စေရန် စိုက်ပျိုးပြီးအပင်များကို ရှင်သန်ရန်နှင့် စနစ်တကျရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကာရံခြင်း၊ ရေလောင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဝင်းအောင် (ရမည်းသင်း)

ကယားပြည်နယ် ကုန်းသာကျေးရွာ ခန်းမဆောင်သစ်ဖွင့်ပွဲကျင်းပ

ဒီးမော့ဆို ဇွန် ၂၅
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း) အကောင်အထည်ဖော်ဆောင်ရွက်နေသော သေးဆူလဲကျေးရွာအုပ်စု ကုန်းသာကျေးရွာ ခန်းမဆောင်ဖွင့်ပွဲကို ယမန်နေ့က အဆိုပါ ကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်တွင် လူထုဗဟိုပြုစီမံကိန်းဖြင့် ပြည်နယ်လုံးကျွတ် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ လူထုဗဟိုပြုစီမံကိန်း အနေဖြင့် ကျေးရွာလူထုမှ မိမိအကောင်အထည်ဖော်လိုသည့်စီမံကိန်းကို ကိုယ်တိုင်ရွေးချယ်ပြီး ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရန်ပုံငွေကို ကျေးရွာမှ ကိုယ်တိုင်အသုံးပြုခြင်း၊ ဝယ်ယူရေး လုပ်ငန်းများ၊ ဘဏ္ဍာရေးလုပ်ငန်းများ၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးလုပ်ငန်းများ၊ စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများ၊ စာရင်းစစ်ဆေးခံခြင်း လုပ်ငန်းများကို ကမ္ဘာ့ဘဏ်မှ ချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရပြီး ကျေးရွာလူထုများ၏ စွမ်းဆောင်ရည်များ အတိုင်းအတာတစ်ခုအထိ တိုးတက်လာလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာလူထုများ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်များကို အလုံးစုံ ပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယင်းနောက် တက်ရောက်လာကြသော ကျေးရွာပြည်သူများက ကျေးရွာလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက တင်ပြချက်အပေါ် ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူတင်ပြသော ခန်းမဆောင်သုံး ထိုင်ခုံဝယ်ယူနိုင်ရန်အတွက် ငွေကျပ်သုံးသိန်းခွဲနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ လေးဖွဲ့အတွက် ထောက်ပံ့ငွေကျပ်နှစ်သိန်းကို ပေးအပ်ကာ တာဝန်ရှိသူများက ခန်းမဆောင်ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာကော်မတီဝင်များက ကျေးရွာခန်းမဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ခန်းမဆောင်သည် အလျားပေ ၆၀၊ အနံ ပေ ၃၀ ၊ အမြင့် ၁၃ ပေရှိ သံထည်အမျိုးအစားဖြစ်ပြီး စီမံကိန်းမှ ထောက်ပံ့ငွေကျပ် ၁၆၈ သိန်းနှင့် ကျေးရွာထည့်ဝင်ငွေကျပ် ၃၁ သိန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ရီရယ်(ဒီးမော့ဆို)

အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲ ပုသိမ်၌ကျင်းပ

ပုသိမ် ဇွန် ၂၅
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီစနစ်တည်ဆောက်ရာတွင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေရန်၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အုပ်ချုပ်ရေးကဏ္ဍ၏ အခြေခံအကျဆုံးမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများဖြစ်ပြီး အုပ်ချုပ်ရေးမှူးများကို အကူအညီအထောက်အပံ့ ပေးမည့်သူများမှာ ရာအိမ်မှူးများဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး ကိစ္စရပ်များနှင့် ပတ်သက်၍ အသိပညာတိုးပွားလာပြီး ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ကာ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာပြီး ပြည်သူလူထုလိုလား မျှော်လင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးတို့အတွက် ဥပဒေလုပ်ထုံးလုပ်နည်းများကို သိရှိ၍ လုပ်ငန်းအရည်အသွေးပြည့်ဝစေရေးအတွက် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဘာသာရပ်တို့သည် အုပ်ချုပ်ရေးသမားများအတွက် မဖြစ်မနေသိရှိနားလည်တတ်ကျွမ်းရမည့် ဘာသာရပ်များဖြစ်ကြောင်း၊ မိမိတို့သိသင့် သိထိုက်သော တရားဥပဒေစိုးမိုးရေး၊ အထောက်အကူပြု ဗဟုသုတများရရှိစေရေး၊ ရှောင်ရန်ဆောင်ရန် ကိစ္စရပ်များအား လေ့လာဆည်းပူးမှတ်သားကြရန် ပြောကြားသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း နည်းပြသင်တန်းဖွင့်

ပုသိမ် ဇွန် ၂၅
လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းနည်းပြသင်တန်းကို ဧရာဝတီတိုင်းဒေသကြီး ဧရာရွှေဝါခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း မဲစာရင်းတွင်ပါဝင်ခြင်းဖြင့် ၎င်းတို့၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန်အတွက် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရေး ပြုစုဆောင်ရွက်နိုင်ရန်နှင့် သုံးလအတွင်း မဲစာရင်းပထမအကြိမ် (မူကြမ်း) ပြုစုနိုင်ရေး ဆောင်ရွက်နိုင်ရန်အတွက် နည်းပြအဆင့်သင်တန်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရှင်းလင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့၏ သက်ဆိုင်သည့်အခန်းကဏ္ဍများကို သေသေချာချာ သိရှိနားလည်သဘောပေါက်ရန် လေ့လာသင်ယူကြရမည်ဖြစ်ပြီး ယခုသင်တန်းတက်ရောက်ပြီးသူများသည် မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် လူဦးရေစာရင်းနှင့် အချက်အလက်များ ကောက်ယူပြုစုရမည့်အဖွဲ့များအနေဖြင့် ရှင်းရှင်းလင်းလင်း သိရှိပြီး စနစ်တကျကောက်ယူနိုင်ရန် ပြန်လည်ပို့ချရမည်ဖြစ်ကြောင်း၊ မဲစာရင်း ပထမအကြိမ် (မူကြမ်း)ကို သတ်မှတ်ကာလဖြစ်သည့် သုံးလအတွင်း ပြီးစီးရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမြင့်နိုင်က လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲစာရင်းပြုစုခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပို့ချခဲ့ပြီး သင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်ရွေးကောက်ပွဲအရာရှိများ၊ မြို့နယ်လဝကဦးစီးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးများ အပါအဝင် သင်တန်းသူ၊ သင်တန်းသား ၉၈ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလ တစ်ရက်ဖြစ်ကြောင်း သိရသည်။

ကိုတိုးကြီး(ပြန်/ဆက်)၊ ဓာတ်ပုံ-လှမင်းထွဋ်(ပြန်/ဆက်)

သရက်သီးကို အဆင့်မြင့်စားသောက်ကုန်အဖြစ် ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေ

မန္တလေးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသော သရက်သီးအမျိုးအစားများကို စုံလင်စွာတွေ့ရစဉ်။

မန္တလေး ဇွန် ၂၅

မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် သရက်သီးကို အဆင့်မြင့်စားသောက်ကုန်အဖြစ် တိုးချဲ့ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

လက်ရှိတွင် အဆိုပါသရက်သီးမှ အဆင့်မြင့်စားသောက်ကုန်များအဖြစ် သရက်အနှစ်၊ အေးခဲသရက်၊ သရက်ပြား၊ သရက်ဝိုင်နှင့် သရက်ခြောက် စသည့်စားသောက်ကုန်များကို တိုးချဲ့ထုတ်လုပ်ကာ MoU စာချုပ်ချုပ်ဆိုထားသည့် နိုင်ငံများသို့ ထုပ်ပိုးသည့်စနစ်ဖြင့် တင်ပို့ရောင်းချလျက်ရှိပြီး အဓိကအားဖြင့် ရုရှား၊ စင်ကာပူနှင့် တရုတ်ပြည်မအတွင်းသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

“သရက်သီးကို စားသောက်ကုန်အဖြစ် ပုံစံအမျိုးမျိုး တိုးချဲ့ထုတ်လုပ်ပြီး ပြည်တွင်းသာမက ပြည်ပနိုင်ငံတွေကိုပါ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စတင်ထိုးဖောက်ပြီး တင်ပို့ရောင်းချနေပါပြီ။ ပလိပ်ဒေသက ထွက်တဲ့ သရက်သီးတွေကို ဝယ်ယူစုဆောင်းပြီး နေပြည်တော်မှာရှိတဲ့ စက်ရုံကို ပို့ပါတယ်။ အဲဒီစက်ရုံကနေ တန်ဖိုးမြင့်စားသောက်ကုန်တွေ ထုတ်လုပ်ပြီး Myanmar GP ကုမ္ပဏီကနေတစ်ဆင့် ကွန်တိန်နာတွေနဲ့ထည့်ပြီး သင်္ဘောတွေနဲ့ တန်ချိန်အလိုက် ပြည်ပကိုတင်ပို့ရောင်းချနေတာပါ။ သရက်အနှစ်ကို ရေခဲမုန့်၊ ရေခဲချောင်း၊ ဖျော်ရည်လုပ်တဲ့နေရာမှာလည်း ထပ်မံအသုံးပြုနေကြပါတယ်။ ဇူလိုင်လကုန်အပြီး နောက်ပိုင်းမှာ ဒီထက်မက တန်ချိန်တွေ ပိုမိုတင်ပို့နိုင်တော့မှာ ဖြစ်ပါတယ် ”ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် သရက်သီးကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများမှာလည်း နှစ်သက်စွာ ဝယ်ယူစားသုံးနေကြသည့်အတွက် သရက်မှတစ်ဆင့် အဆင့်မြင့်စားသောက်ကုန်များ တိုးချဲ့ထုတ်လုပ်ကာ ပြည်ပသို့တင်ပို့ရောင်းချနေသကဲ့သို့ ဆက်လက်၍ ဆီးသီး၊ သခွား၊ သံပရာနှင့် စပျစ် စသည့် သစ်သီးမျိုးစုံတို့မှလည်း အဆင့်မြင့်စားသောက်ကုန်များအဖြစ် တိုးချဲ့ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဖြိုးကျော်

ကျွန်းစုမြို့နယ်၌ စခန်းသစ်-ပင်ပွားအော်ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်

ရန်ကုန် ဇွန် ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပင်လယ်ပိုင်းဒေသစခန်းသစ်ကျွန်းပေါ်ရှိ ကဘင်ကျေးရွာအုပ်စု စခန်းသစ်-ပင်ပွားအော် ကျေးရွာချင်းဆက် ကျေးလက်မြေသားအမာခံလမ်း ခြောက်မိုင်ကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လမ်းသစ်တစ်ခု ဖောက်လုပ်ပေးခဲ့သည်။

စခန်းသစ်- ပင်ပွားအော် ကျေးရွာချင်းဆက်လမ်းအား တွေ့ရစဉ်။

လမ်းအရှည်မှာစခန်းသစ်ကျေးရွာမှ ပင်ပွားအော်ကျေးရွာအထိ ခြောက်မိုင်ရှိပြီး ၁၂ ပေအကျယ် အမာခံ ဂဝံမြေ၊ ထုသုံးလက်မရှိသည့် လမ်းဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၂၀၁၈ မီနီခြောက်လဘတ်ဂျက်ဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုသည့်ရန်ပုံငွေကျပ်သန်း ၃၉၀သုံးစွဲ၍ ကျွန်းစုမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အသစ်ဖောက်လုပ်ပေးလိုက်သော ကျေးလက်မြေသား ဂဝံအမာခံလမ်းကိုသုံးစွဲ၍ ပင်လယ်တွင်းစခန်းသစ်ကျွန်းပေါ်ရှိ ကျေးရွာငါးရွာမှ အိမ်ထောင်စုဦးရေ ၁၂၆၂ စုနှင့် ကျေးလက်ပြည်သူ ၆၂၃၉ ဦးတို့ တစ်ရွာနှင့်တစ်ရွာ ကူးလူးသွားလာခွင့်ရပြီး လူမှုရေး၊ ကျန်းမာရေးအတွက် တစ်ဦးနှင့်တစ်ဦး ကူညီခွင့်ရတော့မည်ဖြစ်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်

ရစ်ပြင်ကျေးရွာတွင် အဝီစိစက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

စလင်း ဇွန် ၂၅

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရာသီမရွေးသောက်သုံးရေရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရစ်ပြင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဖေဖော်ဝါရီလပိုင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရစ်ပြင်ကျေးရွာတွင် စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၃ ဒသမ ၂၀၇၀ ဖြင့် ၄ လက်မ ပေ ၆၀၀ စက်ရေတွင်း တူးဖော်ခြင်း၊ ပေ ၂၀ အမြင့်ရှိသော ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့်ရှစ်ပေရှိသော ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ ၂ လက်မ ရေပိုက်လိုင်း ပေ ၄၀၀ သွယ်တန်းခြင်းများကို တင်ဒါအောင်မြင်သည့် အင်ကြင်းစလင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ယမန်နေ့က စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျနှင့် ဝန်ထမ်းများက သတ်မှတ်အတိုင်းအတာနှင့် အရည်အသွေးပြည့်မီမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးရာ စက်ရေတွင်းတူးဖော်ခြင်းက တစ်နာရီလျှင် ရေဂါလန် ၁၈၀၀ ထိထွက်ရှိပြီး ရေစက်ရုံ၊ စင်မြင့်ရေစင်နှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများအားလုံး ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ရစ်ပြင်ကျေးရွာ၌ တည်ဆောက်ထားသောရေစင်ကို တွေ့ရစဉ်။

ရစ်ပြင်ကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ကျေးရွာရှိ ကျွဲ၊ နွား တိရစ္ဆာန်များအပါအဝင် အိမ်ခြေ ၁၇၁ အိမ်မှ လူဦးရေ ၈၁၀ တို့၏ သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

စိုးမိုးကျော်

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၅-၆-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၀၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၃၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၀၉၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၃၈၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၈၇၅/၉၁၅ ကျပ်	၉၃၀/၉၄၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၈၅/၉၂၅ ကျပ်	၉၄၅/၉၅၅ ကျပ်
အောက်တိန်း ၉၂	၇၆၀/၈၁၀ ကျပ်	၈၄၀/၈၆၀ ကျပ်
အောက်တိန်း ၉၅	၈၄၀/၈၉၅ ကျပ်	၉၄၀/၉၅၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၁၅ ・ ၇
ဥရောပ	တစ်ယူရို	ကျပ် ၁၇၂၅ ・ ၈
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၉ ・ ၉
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၃၄ ・ ၈
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၁၅ ・ ၄
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၅၆ ・ ၁
တရုတ်	တစ်ယွမ်	ကျပ် ၂၂၀ ・ ၂၇
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ ・ ၈၄၀
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၁ ・ ၁၁
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၅ ・ ၈၀
ထိုင်း	တစ်ဘတ်	ကျပ် ၄၉ ・ ၁၁၅

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဒွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

‘တစ်ကျော့နှစ်ကျော့ တေးကိုသီ’ သီချင်းနှင့်ပတ်သက်၍ အမှားအယွင်းရှိလျှင် ခွင့်လွှတ်ပေးစေလိုကြောင်း Hazel ပြောကြား

The Voice Myanmar သီချင်းဆိုပြိုင်ပွဲ Season 2 တွင် ဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက်လုံးတွင် အသံအားကောင်းကောင်းဖြင့် အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့သူ အမျိုးသမီးအဆိုရှင် Hazel နှင့် တွေ့ဆုံ၍ ဆက်လက်လျှောက်လှမ်းမည့် အနုပညာ ဂီတခရီးအတွက် ပြင်ဆင်ထားမှုများကို မေးမြန်းဖြစ်ခဲ့သည်။

မေး။ ။The Voice Myanmar ပြိုင်ပွဲ ပြီးသွားပြီဆိုတော့ Hazel ရဲ့ရှေ့ဆက်လျှောက်မယ့် ဂီတခရီးနဲ့ ထားတဲ့ ခံယူချက်က။

ဖြေ။ ။ ပြိုင်ပွဲနှစ်ခု ပြိုင်တဲ့အခါမှာ ညီမအတွက် တစ်ခုနဲ့တစ်ခု မတူတဲ့ အတွေ့အကြုံတွေကို ရစေတယ်၊ အဲဒီအရာလေးတွေကိုယူပြီး ဂီတသမားအဖြစ် ရှေ့ဆက်လျှောက်မယ့်လမ်းမှာ ကိုယ့်လုပ်ရမယ့်အလုပ်တွေကို သေချာဂရုစိုက်ပြီး ရှေ့ဆက်ဖို့ ပြင်ဆင်ထားပါတယ်၊ မှားတာလေးတွေ ရှိတာကိုလည်း ကိုယ့်အရှေ့က ဝါရင့်ပညာရှင်တွေရဲ့ အဆုံးအမကို နာယူပြီး ညီမ ဝါသနာပါတဲ့ ဒီအလုပ်ကို ဆက်လုပ်မှာပါ။ ညီမ The Voice Myanmar ကို ဝင်ရောက်ယှဉ်ပြိုင်တယ်ဆိုတာကလည်း ညီမရဲ့ ကြိုးစားမှုလေးကို အသိအမှတ်ပြုစေချင်တဲ့စိတ်ကြောင့် ပြိုင်တာပါ။ ဒါပေမယ့် ပြိုင်ပွဲဆိုတော့ အားပေးတဲ့ပရိသတ်က ညီမကို ချစ်လို့ဆိုတာကို သိပါတယ်၊ သူတို့မှာ အချိန်နဲ့ ငွေအကုန်ခံ၊ လူပင်ပန်းခံပြီး အားပေးတာမို့ ဆုလေးတော့ လိုချင်တာပေါ့နော်၊ ဒါပေမယ့်လည်း မရခဲ့တော့ စိတ်မကောင်းဖြစ်ရပါတယ်၊ ညီမအနေနဲ့တော့ ဆုမရသော်လည်း ဆက်လျှောက်မယ့် ဂီတခရီးမှာ အောင်မြင်မှုထက် ပရိသတ်စိတ်ကြိုက် ရွေးချယ်ထားတဲ့ ဂီတသမားအဖြစ် ရပ်တည်ရအောင် ကြိုးစားနေမှာပါ။

မေး။ ။ ပြိုင်ပွဲပြီးသွားပြီဆိုတော့ ဂီတနဲ့ပတ်သက်ပြီး လတ်တလော လှုပ်ရှားမှုတွေကရော။

ဖြေ။ ။ ဟုတ်၊ ပြိုင်ပွဲပြီးပြီဆိုတော့ The Voice Myanmar က လုပ်ပေးမယ့် တေးစီးရီးမှာ သီချင်းတွေဆိုဖို့ရှိပါတယ်၊ နောက်ဆုံးဖိုင်နယ်မှာ ပါလာတဲ့ ပြိုင်ပွဲဝင်လေးဦးကို Forever က လုပ်ပေးမယ့် စီးရီးလေးပါ၊ လာမယ့် ဇူလိုင်လထဲမှာ လုပ်မှာပါ။ အဲဒါကတော့ ညီမတို့ လေးဦးကို မီနီအယ်ဘမ်လေး လုပ်ပေးပြီး ပြိုင်ပွဲတောက်လျှောက်မှာ လာမကြည့်ဖြစ်တဲ့ ပရိသတ်တွေအတွက် အဓိကထားပြီးလုပ်ပေးတဲ့ပွဲလေးဖြစ်ပါတယ်၊ ပြိုင်ပွဲတုန်းက လက်မှတ်နဲ့ကြည့်ရတာဆိုတော့ အနည်းငယ်လောက်ပဲ ကြည့်ခဲ့ရတယ်၊ အဲ့ဒါကြောင့် မကြည့်ရသူတွေအတွက် သီးသန့်လုပ်တဲ့ပွဲပါ။ တစ်ကိုယ်တော်အခွေလေးကတော့ မြန်မြန်လေး လုပ်ချင်ပါတယ်၊ ညီမတို့က ပြိုင်ပွဲကနေ တက်လာတာဆိုတော့ ပရိသတ်ရှိတုန်းလေး လုပ်ချင်တာပါ၊ အဆိုတော်တစ်ယောက်ဖြစ်ဖို့ဆိုတာကလည်း ကိုယ်ပိုင်စီးရီးလေးတစ်ခွေတော့ရှိမှ အဆင်ပြေတာလေ။

မေး။ ။သီချင်းလေးတွေ ဖန်တီးတဲ့အခါမှာ ဘယ်လိုဖန်တီးဖြစ်မလဲ။

ဖြေ။ ။ ညီမအနေနဲ့ သီချင်းပုံစံလေးတွေကို သေချာဂရုစိုက်ပြီး လုပ်မှာပါ၊ ညီမက Pop ပုံစံလေးတွေ၊ ပြီးတော့ အော်ပရာပုံစံလေးတွေတော့ ဆိုဖြစ်မှာပါ၊ ဒါပေမယ့် ကြိုက်တာကတော့ EDM တွေကို ပိုကြိုက်တာ၊ R&B ပုံစံလေးတွေလည်း ကြိုက်ပါတယ်၊ အခွေလုပ်ရင်တော့ သေချာစဉ်းစားရမှာပေါ့နော်၊ ကိုယ်နဲ့လိုက်ဖက်မှုရှိပ့ါမလားပဲ စိုးရိမ်တာပါ။

မေး။ ။ လတ်တလော လူမှုကွန်ရက်မှာ နာမည်ကြီးနေပြီး ပြိုင်ပွဲမှာ Hazel ပြန်ဆိုခဲ့တဲ့ ‘တစ်ကျော့နှစ်ကျော့ တေးကိုသီ’ သီချင်းနဲ့ ပတ်သက်ပြီးတော့ ဘာပြောချင်တာရှိလဲ။

ဖြေ။ ။အဲဒါက သီချင်းကိုချစ်လို့ လုပ်ဖြစ်ခဲ့တာပါ၊ အော်ပရာပုံစံလေး ဆိုလိုက်တာပေါ့၊ အဲဒီအပေါ်မှာ အမှားဖြစ်သွားခဲ့ရင်လည်း တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပေးစေချင်ပါတယ်၊ ညီမက ပြိုင်ပွဲဝင်အဆင့်ပဲ ရှိပါသေးတယ်၊ အဆိုတော်လည်း မဟုတ်ပါဘူး၊ သီချင်းကို ဖျက်ဆီးတာလည်း မဟုတ်ပါဘူး၊ ပုံစံလေးတစ်မျိုးနဲ့ ခံစားစေချင်တဲ့စိတ်နဲ့ပဲ ညီမတို့ လုပ်ခဲ့တာပါ။

မွေးနေ့ကုသိုလ်အဖြစ် သီလရှင်ဝတ်ခဲ့သည့် သရုပ်ဆောင် မိုးဟေကို

သရုပ်ဆောင် မိုးဟေကိုအနေဖြင့် မွေးနေ့ကုသိုလ်အဖြစ် ဇွန် ၂၄ ရက်က သူငယ်ချင်းဖြစ်သူ ယွန်းရွှေရည်နှင့်အတူ သာသနာ့ဘောင်သို့ဝင်ရောက်ကာ သီလရှင်ဝတ်ခဲ့သည်။ သီလရှင်ဘွဲ့အမည်မှာ ဆရာလေး အဂ္ဂဉာဏီဖြစ်ပြီး ဝစီပိတ်သီလရှင်အဖြစ် ကျင့်ကြံမည်ဟု ၎င်း၏ဖေ့စ်ဘုတ်စာမျက်နှာတွင် ရေးသားချက်အရ သိရသည်။

သရုပ်ဆောင် မိုးဟေကိုသည် မိခင်ဖြစ်သူ၏ ကျန်းမာရေးကြောင့် အနုပညာလှုပ်ရှားမှုများ လုပ်ဆောင်နိုင်မှု နည်းနေသော်လည်း ရုပ်ရှင်အချို့တွင် ပါဝင်သရုပ်ဆောင်လျက်ရှိသလို လက်ရှိအချိန်တွင် ကိုယ်ပိုင် ရုပ်ရှင်ထုတ်လုပ်ရေးဖြစ်သော မိုး ရုပ်ရှင်ထုတ်လုပ်ရေးကို တည်ထောင်ကာ ဇာတ်ကားများကို ရိုက်ကူးထုတ်လုပ်လျက်ရှိသည်။

ကိုလင်း၊ ဓာတ်ပုံ - မိုးဟေကို ဖေ့စ်ဘုတ်

ဇာတ်ကားများရိုက်ရင်း အခြေခံလူတန်းစားများ၏ဘဝကို ပို၍ ကိုယ်ချင်းစာမိကြောင်း အေးမြတ်သူ ပြောကြား

မကြာမီ ရုံတင်ပြသမည့် လောဘန္ဒ ရုပ်ရှင်ဇာတ်ကားကြီးထဲတွင် စရိုက်ကြမ်းကြမ်း ကျောက်ပွဲစား မိန်းမလည်တစ်ယောက်အဖြစ် သရုပ်ဆောင်ထားသည့် အကယ်ဒမီ အေးမြတ်သူက ၎င်းအနေဖြင့် နယ်များသို့သွား၍ ဇာတ်ကားများရိုက်ကူးစဉ် အခြေခံလူတန်းစားများ၏ဘဝကို ပို၍ ကိုယ်ချင်းစာမိကြောင်း ပြောကြားသည်။

“အနီးဆုံး ကြုံတွေ့ခဲ့ရတဲ့မြင်ကွင်းလေးတွေကို ပြောရရင် အေးမြတ်သူတို့ ၂၀၁၈ က ရိုက်ထားတဲ့ ဒီ လောဘန္ဒ ကားထဲက အချို့ရေမဆေးကျောက်တူးသမားတွေရဲ့ဘဝဆို သိပ်သနားဖို့ကောင်းတယ်၊ သူဌေးဖြစ်ချင်လို့ သူတို့ ဒီကိုလာကြတယ်၊ ဒါပေမယ့် ရရစားစားနဲ့ပဲ ငွေက ကုန်သွားကြတယ်၊ အရင်က ဇာတ်ကားရိုက်ရင် လူတစ်ယောက်ဖားကန့်သွားတယ်၊ ပြန်လာတော့ လော်ပန်ဖြစ်ပြီး ပြန်လာတယ် ဆိုတာမျိုးကို ရိုက်ပြကြတာများတယ်၊ အခု လက်တွေ့ကိုယ်တိုင်ကြုံရတာနဲ့ ဇာတ်ကားတွေထဲက အဖြစ်တွေက တခြားစီဖြစ်နေတယ်၊ လက်တွေ့မှာ မူးယစ်ဆေးဝါးကြောင့် ဘဝပျက်သွားတာတွေလည်း တွေ့ရတယ်၊ မြေစာပုံတွေမှာ လူတွေ လိုက်ကောက်နေတာတွေလည်း တွေ့ရတယ်၊ ထမင်းလေးစားဖို့ကို ရုန်းကန်နေကြရတာမျိုးတွေ တွေ့ရတယ်၊ သောကတွေ၊ ပူပင်မှုတွေ အများကြီးကို တွေ့ခဲ့ရတယ်၊ အဲဒီနေရာမှာ ဖျော်ဖြေမှုဆိုတာလည်း မရှိဘူး” လောဘန္ဒဇာတ်ကား ရိုက်ကူးခဲ့စဉ်က တွေ့ကြုံခဲ့ရသည့် အခြေအနေများကို အေးမြတ်သူက ပြန်ပြောပြသည်။

ယခု ၂၀၁၉ ခုနှစ်အတွင်း အေးမြတ်သူ ပါဝင်ထားသော ရုံတင်ဇာတ်ကားများစွာ ရှိနေရာ ယခု ရုံတင်တော့မည့် လောဘန္ဒ ဇာတ်ကားအပြင် ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးသော နှစ်ပတ်အလို ရုပ်ရှင်ဇာတ်ကားမှာလည်း ရုံတင်တော့မည်ဖြစ်ကာ ထိုကားတွင် အေးမြတ်သူက လူဆိုးခေါင်းဆောင်တစ်ဦး၏ ညီမအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

“ဇာတ်ကားတွေကတော့ အေးမြတ်သူ အရင်က ရိုက်ခဲ့ပြီး ရုံမတင်ရသေးတဲ့ ကားလေးတွေကို အခု ရုံတင်ခွင့်ရလို့ ပရိသတ်တွေကို ဆက်တိုက် တင်ဆက်နေရတာပါ၊ အဲဒီအတွက် ပီတိဖြစ်ရပါတယ်၊ နောက်ထပ်လည်း ရုံတင်ကားကြီးတွေ ဆက်တိုက်ထွက်ဖို့ရှိပါသေးတယ်၊ ဒါကြောင့် ပရိသတ်တွေအနေနဲ့လည်း အေးမြတ်သူရဲ့ မတူတဲ့ ကာရိုက်တာလေးတွေ အစုံကို ခံစားရမယ်လို့ ထင်ပါတယ်”ဟုလည်း အေးမြတ်သူက ဆက်လက်ပြောကြားသည်။

ကိုလင်း

ပြည်ပတွင်ကျင်းပမည့် အလှမောင်/အလှမယ် ပြိုင်ပွဲများသို့ အရည်အချင်းပြည့်ဝသော မြန်မာလူငယ်များကို စေလွှတ်မည်

ပြည်ပနိုင်ငံများတွင် ကျင်းပမည့် အလှမောင်၊ အလှမယ် ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ရန် အရည်အချင်းပြည့်ဝသော ပြိုင်ပွဲဝင် မောင်မယ်(Mr & Ms)များကို MMPA Organization က စေလွှတ်လျက်ရှိရာ ယခုနှစ် ပြိုင်ပွဲရှစ်ပွဲအတွက် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အလှမောင်မယ်များ အသင့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့က ယခုနှစ်အတွင်း ထိုင်း၊ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ကျင်းပမည့် ပြိုင်ပွဲများသို့ မြန်မာနိုင်ငံကို ကိုယ်စားပြု၍ စေလွှတ်ရန်အတွက် Mister Global Myanmar 2019, Mister Model Myanmar 2019, Mister Teen Con Myanmar 2019, Mister Continental Myanmar 2019, Men of Universe Myanmar 2019, Mister Icon Myanmar 2019, Miss Runway Model Universe Lower Myanmar 2019, Miss Runway Model Universe Upper Myanmar 2019 အစရှိသည့် အလှမောင်၊ မယ် ရှစ်ဦးကို ရွေးချယ်ထားပြီး ပြည်ပပြိုင်ပွဲများသို့ စေလွှတ် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ရမည့် Miss Runway Model Universe Upper Myanmar 2019 အလှမယ် ဆုပိုးအိမ်က “ပိုးက ဖိလစ်ပိုင်နိုင်ငံမှာကျင်းပမယ့် ပြိုင်ပွဲမှာ National Costume ကို ဆန်းဆန်းပြားပြားကြီး မဟုတ်ဘဲ ရိုးရိုးရှင်းရှင်းပုံစံလေးမှာ နိုင်ငံကိုယ်စားပြုအနေနဲ့ သိသာစေမယ့် ပုံစံမျိုးကို ဒီဇိုင်နာနဲ့တိုင်ပင်ပြီး စီစဉ်ထားပါတယ်၊ ဆုရတာ မရတာတော့ ကံတရားပဲပေါ့နော်၊ ပိုးဘက်ကတော့ အတတ်နိုင်ဆုံး အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့မှာပါ”ဟု ပြောသည်။

ထိုအဖွဲ့က မြန်မာနိုင်ငံမှ အရည်အချင်းရှိသည့် ပြိုင်ပွဲဝင် အလှမောင်နှင့် အလှမယ်များသာမက အိမ်ထောင်ရှင် Missis များကိုပါ ရွေးချယ်ကာ ယခုကဲ့သို့ နိုင်ငံတကာတွင် ကျင်းပသည့် ပြိုင်ပွဲများသို့ နှစ်စဉ်စေလွှတ် ယှဉ်ပြိုင်စေကြောင်း သိရသည်။

ပြည်ပပြိုင်ပွဲများအတွက် ရွေးချယ်ထားသည့် အလှမောင်၊ အလှမယ် လူငယ်များ

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

လက်ထပ်တော့မယ်လို့ နစ်ကီမင်နာ့ဂ်ျ ပြောကြား

ရက်ပ် အဆိုတော်နစ်ကီမင်နာ့ဂ်ျနဲ့ ကန်နက်ပက်တီတို့ရဲ့လက်ထပ်ပွဲဟာမကြာခင်မှာပဲ ပေါ်ပေါက်လာလိမ့်မယ်လို့ ယူဆရပါတယ်။ သူတို့နှစ်ဦးမှာ လက်ထပ်လိုင်စင်လည်းရှိပြီဖြစ်သလို မကြာခင်မှာလက်ထပ်တော့မယ်လို့ နစ်ကီက သူ့ရဲ့ပရိသတ်တွေကိုပြောခဲ့ပါတယ်။ ဇွန် ၂၁ ရက်ကကွင်းရေဒီယိုနဲ့ အင်တာဗျူးမှာတော့ နီကီက သူတို့မှာလက်ထပ်လိုင်စင်ကျပြီး မင်္ဂလာပွဲလည်းမကြာခင်လာလိမ့်မယ်လို့ ပရိသတ်တွေကိုပြောခဲ့ပါတယ်။ နစ်ကီမှာအရင်တုန်းကတွဲခဲ့တဲ့ချစ်သူတွေလည်းရှိပါတယ်။ နစ်ကီဟာ မိခ်မေးလ်၊ ဒရိတ်ခ်၊ နက်စ် အစရှိသူတို့နဲ့လည်းတွဲခဲ့ဖူးပါတယ်။

ကန်နက်နဲ့ချစ်သူတွေဖြစ်ခဲ့တာကတော့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ စခဲ့တာပါ။ အဲဒီနောက်မှာတော့ သူတို့နှစ်ဦးဟာ နက်နက်ရှိုင်းရှိုင်းချစ်ခဲ့ကြပြီး နစ်ကီရဲ့ နာမည်အရင်းဖြစ်တဲ့ အိုနီကာဆိုတဲ့နာမည်ကို ကန်နက်ကလည်ပင်းမှာ ဆေးမင်ထိုးခဲ့ပါတယ်။ အဲဒီနောက် ခြောက်လလောက်ကြာတဲ့အခါမှာတော့ သူတို့နှစ်ဦးသားဟာ လက်ထပ်ဖို့အဆင်သင့်ဖြစ်နေခဲ့ပါပြီ။ တချို့ပရိသတ်တွေကလည်း နစ်ကီတစ်ယောက် အရက်မသောက်တော့လို့ ကိုယ်ဝန်ရှိနေပြီလားလို့ ထင်ကြေးပေးနေကြသူတွေလည်းရှိပါတယ်။ ဒါပေမယ့် နစ်ကီကတော့ သူမှာကိုယ်ဝန် မရှိပါဘူးလို့ပြန်လည်ဖြေကြားခဲ့ပါတယ်။ ကွင်းရေဒီယိုနဲ့ အင်တာဗျူးအရတော့ နစ်ကီရဲ့ လက်ထပ်ပွဲကိုမြင်ရဖို့က မဝေးတော့ပါဘူးလို့ ယူဆရပါတယ်။ **ဟောလိဝုဒ်လိုက်ဖ်**

ရက်ပ် အဆိုတော် နစ်ကီမင်နာ့ဂ်ျနဲ့ ကန်နက်ပက်တီတို့ စုံတွဲကိုတွေ့ရစဉ်။

ဘောလိဝုဒ်မင်းသားအက်ခ်ရှေးကူးမား၏ Kesari ရုပ်ရှင် ဂျပန်တွင်ပြသွားမည်

ဘောလိဝုဒ်နာမည်ကြီးမင်းသားတစ်လက်ဖြစ်တဲ့ အက်ခ်ရှေးကူးမားရဲ့ Kesari ဆိုတဲ့ရုပ်ရှင်ကို ဩဂုတ် ၁၆ ရက်မှာ ဂျပန်နိုင်ငံမှာ ပြသသွားမယ်လို့ သိရပါတယ်။ အပြောင်မြောက်ဆုံးတိုက်ပွဲလို့ဆိုရမယ့် ရဲရင့်တဲ့စစ်သည် ၂၁ ယောက်ဟာ ကျူးကျော်သူတစ်သောင်းခန့်ကို တိုက်ခိုက်တဲ့ ဇာတ်ကားလည်းဖြစ်ပါတယ်။ ဖြစ်ရပ်မှန်ကို အခြေခံပြီးရိုက်ကူးထားတာလည်း ဖြစ်ပါတယ်။

ဒီဇာတ်ကားရဲ့ဒါရိုက်တာကတော့ အာနက်ရပ်ဆင်းဖြစ်ပြီး နာမည်ကျော်မင်းသမီး ပရီယန်ကာချိုပရာရဲ့ဝမ်းကွဲ ညီမဖြစ်သူ ပရီယန်တီချိုပရာလည်းဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။ အက်ခ်ရှေးကူးမားရဲ့ PadMan ဇာတ်ကားဟာလည်း ပရိသတ်တွေကြားမှာရေပန်းစားပြီး Kesari ဇာတ်ကားဟာလည်း ကမ္ဘာအရပ်ရပ်က ပရိသတ်တွေကိုဆွဲဆောင်နိုင်မယ့် ဇာတ်ကားပါပဲ။ ဒီဇာတ်ကားမှာအစောပိုင်းတုန်းက ဆယ်မန်ခန်းပါ ပါဝင်မယ်လို့ သတင်းထွက်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ဆယ်မန်ခန်းဟာ ပါဝင်ခဲ့ခြင်း မရှိပါဘူး။ အိန္ဒိယမှာတော့ ၂၀၁၉ မတ်လ ၂၁ ရက်မှာ ရုံတင်ပြသခဲ့ပါတယ်။ ဝေဖန်ရေးဆရာတွေဆီက မှတ်ချက်ကောင်းကောင်းရထားသလို ဝင်ငွေလည်းကောင်းခဲ့ပါတယ်။ ဂျပန်ဟာ ဘောလိဝုဒ်ရုပ်ရှင်ကားတွေအတွက် ပုံမှန်ပြသနေကျဈေးကွက်တစ်ခု မဟုတ်ပါဘူး။ ဒါကြောင့်လည်း Kesari ဇာတ်ကားအပေါ် ဘယ်လိုမျိုးတုံ့ပြန်ကြမလဲဆိုတာကို စိတ်လှုပ်ရှားမိတယ်လို့ ZEE စတူဒီယိုက ဗက်ဟာချိုပရာကပြောကြားခဲ့ပါတယ်။ **ဘောလိဝုဒ်လိုက်ဖ်**

ဘောလိဝုဒ်မင်းသားအက်ခ်ရှေးကူးမား

ဩ။

ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၇၉)

ကောင်းကောင်းနားထောင်ပါ

ဦးဟန်ညွန့် (ဥပဒေ)

အမှုသည်စုံညီ

ယနေ့ ကျွန်တော်၏ ရှေ့နေရုံးခန်းတွင် အမှုသည်စုံညီစွာရောက်ရှိနေကြပါသည်။ ရုံးချိန်းရက်တစ်ရက်တည်း စုပေါင်းပြီး ရုံးချိန်းပေးလိုက်သောကြောင့် ယခုလို စုံစုံညီညီ (လူစုံ၊ အမှုသည်စုံ) တွေ့ဆုံကြရခြင်းလည်းဖြစ်ပါသည်။ ရာဇဝတ်မှုရော တရားမမှုပါ အမှုကိစ္စများ စုံစုံလင်လင် ဖြစ်သွားပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်၏အမှု နေ့စဉ်မှတ်တမ်း (Diary) စာအုပ်အတိုင်း သူ့အမှတ်စဉ်နှင့်သူ ကြိုတင်ညှိနှိုင်းကြဖို့သာ အဓိကမဟုတ်လား။ အလုပ်သင်ရှေ့နေမောင်ပျင်းရိကတော့ လူများပြီး ရုံးခန်းကျပ်နေသဖြင့် စိတ်အိုက်နေဟန်တူပေသည်။

(၁) အမှုသည် ဦးဆာမိ

ကျွန်တော်၏ အမှတ်(၁) အမှုသည် ဦးဆာမိနှင့် ပထမဆုံးတွေ့ရသည်။ ဦးဆာမိက ရာဇဝတ်မှုတစ်မှုက တရားလိုဖြစ်ပါသည်။ သူ့ပစ္စည်းတွေ အလိမ်ခံရတာပါ။ ရာဇသတ်ကြီးပုဒ်မ ၄၀၆ ဆိုကြပါစို့။ သူဘယ်လို အလိမ်ခံရကြောင်း၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုအကြောင်း၊ ဥပဒေပုဒ်မ၊ စီရင်ထုံးအကိုးအကားတွေကို ကျွန်တော်ရှင်းပြသော်လည်း နားလည်ဟန် မတူပါ။ သူပြောချင်တာတွေသာ ပြောနေလေသည်။ ကျွန်တော်စိတ်အိုက်သွားပါသည်။

သို့သော်...

"ကောင်းကောင်းနားထောင်ပါ" ဟူသော ကျွန်တော်၏ အလုပ်သင်ဆရာကြီး ဦးချန်ထွန်းအောင် (အငြိမ်းစားတရားလွှတ်တော်ဝန်ကြီးချုပ်) (ထိုစဉ်က အခေါ်အဝေါ်) ၏ လမ်းညွှန်ဆုံးမစကားကို ချက်ချင်းမြင်ယောင်လာပါသည်။ ရှေးပညာရှိ၊ ဥပဒေပညာရှင်ကြီးများ၏ ဆုံးမစကားကို ကြားယောင်လာပါသည်။

သို့ဖြစ်၍ ဦးဆာမိပြောချင်တာ ပြောပါ။ ပြည့်ပြည့်စုံစုံ ပြောပါ။ ဒါပေမယ့် ဒီပုံစံကလေးဖြည့်ပေးပါဟု အမှုဖြစ်စဉ်၊ တရားလို၊ တရားခံ၊ သဘောသဘာဝ၊ တင်ပြလိုသော အချက်များ၊ အမှုသည်က ရှေ့နေအား ညွှန်ကြားလိုသော ညွှန်ကြားချက်များ စသည့်ပုံစံ (အဆင်သင့်ပြုစုပြီးသား)ကို အမှုသည်ဦးဆာမိအား ပေးလိုက်ပါသည်။ မြန်မာစကားကောင်းကောင်း မပြောတတ်၊ မြန်မာစာမရေးတတ်ဟု ဦးဆာမိက ဆိုလာပြန်သဖြင့် အလုပ်သင်ရှေ့နေ မောင်ပျင်းရိနှင့် ပေးတွေ့ပြီး မောင်ပျင်းရိက ပုံစံဖြည့်ပေးပါမည်။ ဖြည့်ပြီးက ကျွန်တော့်ထံ ပြန်လာဖို့ မှာကြားလိုက်ရပါသည်။

(၂) အမှုသည် ဦးတရုတ်ကြီး

အမှတ်(၂) အမှုသည်က ဦးတရုတ်ကြီးပါ။ နာမည်နှင့်လိုက်အောင်ပင် တရုတ်ကပြားလူမျိုးဖြစ်ပါသည်။ သူလည်း မြန်မာစာ၊ မြန်မာစကား ရေရေလည်လည် တတ်ကျွမ်းသူ မဟုတ်ပါ။ သူက တရားမမှု(အမှုသည်) ဆိုကြပါစို့။ သူ့ဆွေမျိုးအချင်းချင်း အမွေမှုဖြစ်ကြပါသည်။ အမွေမှုသဘောသဘာဝကလည်း ရှုပ်ထွေးလှပါသည်။

ကျွန်တော်ပြောချင်တာက ဒီလို...ဟု အစချီပြီး ဟိုရောက်၊ ဒီရောက်အမြီးအမောက်မတည့်ပါ။ အတော်မျက်စိလည်ဖွယ်ဖြစ်ပါသည်။ "ဟုတ်ကဲ့၊ ဟုတ်ကဲ့" ဟု

နားထောင်ရင်း နိဂုံးချုပ်၍ မရတော့ပါ။ ကျွန်တော်လိုက်မှတ်နေသော မှတ်စုစာအုပ်မှာ ခြစ်ရာ၊ ထစ်ရာတွေများလာပါပြီ။

"တရုတ်ပြည်က ဆွေမျိုးတွေကိုခေါ်ပြီး သက်သေပြရင်ကောင်းမလား" ဟုကြားဖြတ်မေးခွန်းမေးနေသေးသည်။ ဟုတ်ကဲ့၊ စဉ်းစားကြတာပေါ့။ ဒီလိုလုပ်ပါ။ တရားသူကြီးရှေ့မှာ ပုံစံကျအောင်၊ ဘောင်ဝင်အောင်၊ ဒီပုံစံကလေးဖြည့်ပေးနော်...။

"ဟေ့- မောင်လေ့လာ၊ ဦးတရုတ်ကြီးကို ကူညီပြီး ပုံစံဖြည့်ပေးလိုက်ပါကွာ" ဟု အလုပ်သင်ရှေ့နေမောင်လေ့လာနှင့် ပေးတွေ့လိုက်ရလေသည်။ ပြီးမှ ပြန်တွေ့ကြစို့ဟုလည်း ချော့မော့လိုက်ရပါသည်။

(၃) ကျွန်တော် မမှားဘူး

တတိယအမှုသည်ကတော့ ကျွန်တော် မမှားဘူးဟု အမြဲဘူးခံလေ့ရှိသော **မောင်မှန်**ဆိုကြပါစို့။ သူ့ကိုယ်သူ အမြဲမှန်သည်။ မမှားဘူးဟု တစ်ယူသန်စွဲလမ်းနေသူတစ်ဦးပါ။ ကာကွယ်ခုခံပိုင်ခွင့်ကို လိုအပ်သည်ထက်ပို၍ သုံး၊ မသုံးဟူသော ပြဿနာ (ရာဇဝတ်မှုတစ်မှု) ဆိုကြပါစို့။ ဤသို့သော အမှုများမှာ စီရင်ထုံးအကိုးအကားနှင့် ထုံချေချက်ကောင်းလျှင် ကောင်းသလို အမှုအနိုင် အရှုံး၊ အဆုံးအဖြတ်ပြုတတ်စမြဲပါ။

မောင်မှန်က ကျွန်တော်မှန်သည်၊ ကျွန်တော်မှန်သဖြင့် အမှုနိုင်မှာသေချာသည်ဟု ကျွန်တော်(ရှေ့နေ) အား တရားပြနေလေသည်။ ကျွန်တော်က သူ့ကို ပြုံးပြပြီး " မင်းကတရားသူကြီးလား"ဟုမေးလိုက်မှ ငြိမ်ကျသွားလေသည်။

" ကောင်းကောင်းနားထောင်ပါ " ဟူသော ဆုံးမစကားနှင့်အညီ မောင်မှန်ပြန်ပြောမည့်စကား ဘာများပြောမလဲဟု ကျွန်တော်နားထောင်နေရာ တစ်လုံးမျှ မပြောရှာတော့ပါခင်ဗျာ။

(၄) ဈေးသည်ကြီး ဒေါ်အာကျယ်

နောက်တစ်ဦးက ဈေးသည်ကြီး ဒေါ်အာကျယ်ပါ။ ဈေးသည်ကြီးဟုဆိုရာတွင် ငါးရောင်းသူ(ငါးစိမ်းသည်) ဒေါ်အာကျယ်ဖြစ်ပါသည်။ ဈေးထဲမှာ အလေးခိုးရင်း နှစ်ဖက်ရန်ဖြစ်ကြသည့် အမှုဆိုကြပါစို့။ သူ့လက်ကောက်တွေက တချွင်ချွင်။ ငွေကြေးတော့ အတော်ရှိဟန်တူပါသည်။ အသံတိုးတိုး မပြောတတ်ပါ။ ဆရာကြီးကိုတော့ အားနာပါရဲ့။ ငယ်ငယ်ကတည်းက ငါးရောင်းလာတာ၊ ဒီလို ခပ်ကျယ်ကျယ်ပဲ ပြောတာ အကျင့်ပါနေလို့...ဟု ပြောနေသေးသည်။

ဒီကောင်မတွေနဲ့ ဖက်ပြီး ရန်မဖြစ်ချင်ဘူး။ ဒါကြောင့် ဆရာကြီးရုံးခန်းရောက်နေရတာ၊ ဈေးအုပ်ချုပ်ရေးမှူးတွေနဲ့ မကျေနပ်လို့ တရားရုံးရောက်လာတာဟုလည်း ကြွားနေသည်။

စကားလုပြောနေရသော ဒေါ်အာကျယ်အား ခုခံဖြေရှင်းရမည့် (အသင့်ရိုက်ပြီး ပုံစံ)တစ်ရွက်ကို ပေးရင်း အလုပ်သင်ရှေ့နေ မောင်ပျင်းရိနှင့်တွေ့လိုက်ပါ။ ပုံစံဖြည့်ပြီး ပြန်ပေးပါဟု စကားဖြတ်လိုက်ရလေသည်။

(၅) စာချွန်တော်အမှုသည်

ဤအမှုသည်ကတော့ ရပ်ဝေးကလာသော စာချွန်တော်အမှုတင်သွင်းမည့်အမှုသည် **ဦးမကျေနပ်** ဆိုကြပါစို့။ နာမည်နှင့်လိုက်အောင် ဘာကိုမှ မကျေနပ်သော ဦးမကျေနပ်ဖြစ်ပါသည်။ သူ့ကိုအရှုံးပေးရပါမည်လားဟု အဆင့်ဆင့်ရေဆုံးရေဖျား အမှုလိုက်နေသူ တစ်ဦးဆိုကြပါစို့။ စာချွန်တော်တင်မည်ဆိုကတည်းက အတော်ခက်ခက်ခဲခဲနှင့် အောက်ခြေမှဇဟိုအထိကြိုးပမ်းလာရကြောင်း ဥပဒေနားလည်သူတိုင်း သိကြပါသည်။

ပြီးတော့ ဟိုပုဂ္ဂိုလ်က ဘယ်လိုအဂတိလိုက်စားသည်ဆိုတာမျိုးတွေပါ မကျေနပ်သံ၊ စွပ်စွဲသံတွေပါလာလေသည်။ အဲဒါတွေ ခင်ဗျားပြောမနေနဲ့တော့။ ဥပဒေနဲ့အညီဆောင်ရွက်ကြည့်မယ်၊ ဥပဒေအရတော့နိုင်မည်ထင်ပါရဲ့ဟု ပြောသောအခါ " နိုင်မှာသေချာသလား" ဟု ထပ်မေးလာတော့သည်။ ဩော်... ကျွန်တော်ဘာပြောရပ့်။

" ကောင်းကောင်းနားထောင်ပါ " ဟူသောဆုံးမသံကိုသာ ကြားယောင်နေမိပါသည်။

အခြေခံဥပဒေသများ

တရားစီရင်ရေးဆိုင်ရာ အခြေခံဥပဒေသများကို ချုပြ၊ ရေးပြပါဆိုလျှင်-

(၁) ပြစ်မှုမထင်ရှားသရွေ့အပြစ်ကင်းသူဟုသာ မှတ်ယူရမည်။
[A person accused of an offence is presumed to be innocent until he is proved guilty]

(၂) တရားခံသည် ပြစ်မှုကျူးလွန်ဖွယ် ရှိ၊ မရှိ ကျိုးကြောင်းသင့်စွာ သံသယပေါ်နေပါလျှင် ထိုသံသယအကျိုးကို တရားခံသာ ခံစားထိုက်သည်။ အပြစ်စီရင်၍မရ။
[If there is a reasonable doubt of the guilt of an accused person, he is entitled to the benefit of that doubt and cannot be convicted]

(၃) တရားခံရှေ့မှောက်တွင် ဥပဒေနှင့်အညီ စစ်ဆေးရယူသော သက်သေခံချက်များဖြင့်သာ အမှုတိုင်းကိုဆုံးဖြတ်ရမည်။
[Every case must be decided on legally admissible evidence taken at the trial in the presence of the accused]

(၄) မျှတရမည်၊ ဘက်လိုက်မှု မရှိစေရ။
[The Trial must be fair and impartial] တို့ဖြစ်သည်။

တရားမမှု

တရားမမှုများတွင် ကျင့်ထုံးမနိုင်၊ တရားမ မပိုင်ဟု အတိုချုပ်မှတ်သားသင့်သည်။

စေတနာ

အမှုသည်ပေါင်းများစွာ၊ အမှုပေါင်းများစွာ၊ စကားများများပြောသူ၊ စကားနည်းသူပေါင်းများစွာနှင့် ကြုံတွေ့ရသော ရှေ့နေတစ်ဦး၏ နေ့စဉ်အလုပ်ကို တွေးခေါ်မိသော ကျွန်တော်၏စေတနာဥပဒေအတွေး မျှသာပါ...။ ။

"တရားစီရင်ရေးဆိုင်ရာ အခြေခံဥပဒေသများကို ချုပြ၊ ရေးပြပါဆိုလျှင် ပြစ်မှုမထင်ရှားသရွေ့ အပြစ်ကင်းသူဟုသာ မှတ်ယူရမည်၊ တရားခံသည် ပြစ်မှုကျူးလွန်ဖွယ် ရှိ၊ မရှိ ကျိုးကြောင်းသင့်စွာ သံသယပေါ်နေပါလျှင် ထိုသံသယအကျိုးကို တရားခံသာ ခံစားထိုက်သည်။ အပြစ်စီရင်၍မရ၊ တရားခံရှေ့မှောက်တွင် ဥပဒေနှင့်အညီ စစ်ဆေးရယူသော သက်သေခံချက်များဖြင့်သာ အမှုတိုင်းကို ဆုံးဖြတ်ရမည်၊ မျှတရမည်၊ ဘက်လိုက်မှု မရှိစေရ"

ကမ်းပါးနီကျောက်ခေတ်နံရံဆေးရေးပန်းချီများအား လာရောက်လေ့လာနိုင်

မိတ္ထီလာ ဇွန် ၂၅

ရှမ်းမြို့နယ်အတွင်းရှိ ကျောက်ခေတ်လူသားများ၏ နံရံဆေးရေးပန်းချီလက်ရာများရှိသည့် ကမ်းပါးနီနံရံဆေးရေးပန်းချီများကို မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ခရိုင်ချင်းဆက်လမ်းမှတစ်ဆင့် လွယ်လင့်တကူ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ် ခရိုင်ချင်းဆက်လမ်းမှတစ်ဆင့် ဟစ်တော်မူတောင်အနီးမှ ဖြတ်သန်းပြီး ရှမ်းမြို့နယ်အတွင်းရှိ ကျောက်ခေတ်လူသားများ၏ နံရံဆေးရေးပန်းချီများဖြစ်သည့် ကမ်းပါးနီနံရံဆေးရေးပန်းချီများကို လွယ်လင့်တကူ သွားရောက်လေ့လာနိုင်ကြကြောင်း၊ ကမ်းပါးနီကျေးရွာအနီးတွင်တည်ရှိသဖြင့် ကမ်းပါးနီနံရံဆေးရေးပန်းချီဟု ခေါ်ခဲ့ကြောင်း၊ အမြင့်ပေ ၂၀ မှ ပေ ၃၀ အထိ မြင့်မားပြီး ပေ ၈၀ မှ ပေ ၉၀ ခန့်အထိ ကြီးမားသည့် ကျောက်တုံးကြီးများတွင် နံရံဆေးရေးပန်းချီများကို ရေးဆွဲ ထားခြင်းဖြစ်ကြောင်း၊ ပင့်ကူပုံ၊ ဆင်ပုံ၊ မြင်းပုံနှင့် အခြားရုပ်ပုံများကို လွန်ခဲ့သည့် နှစ်ပေါင်း ၈၀၀၀ ကျော်က ရေးဆွဲခဲ့ခြင်းဖြစ်သည်ဟု ရှေးဟောင်းသုတေသနပညာရှင်များက ယူဆထားကြောင်း၊ ရှေးဟောင်းသုတေသနဌာနကလည်း ကမ်းပါးနီနံရံဆေးရေးပန်းချီများကို ယဉ်ကျေးမှုအမွေအနှစ် သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့နိုင်ကြောင်း ကမ်းပါးနီကျေးရွာဒေသခံ ကိုအောင်ဇော်ဝင်းက ပြောသည်။

ကျောက်ခေတ်ဆေးရေးပန်းချီများရှိသည့် ကျောက်တုံးကြီးကို တွေ့ရစဉ်။

အဆိုပါ ကမ်းပါးနီနံရံဆေးရေးပန်းချီများကို ၂၀၁၆ ခုနှစ် မေလအတွင်းက မြစ်သားမြို့နယ် မိုင်းမောကျေးရွာအုပ်စု တောတွင်းကျေးရွာနေ ဦးဝင်းဗိုလ်က စတင်တွေ့ရှိခဲ့ပြီး ၎င်း၏ သတင်းပေးပို့ချက်အရ ရှေးဟောင်းသုတေသနဌာနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတာဝန်ရှိသူများနှင့် ပညာရှင်များအဖွဲ့က သွားရောက်ကွင်းဆင်းလေ့လာမှု ပြုလုပ်ခဲ့ပြီး ယဉ်ကျေးမှုအမွေအနှစ်နေရာအဖြစ် သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် သုတေသနပြု စိတ်ဝင်စားစရာအများအပြားရှိနေ

ဘိုကလေး ဇွန် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်း သားရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် သုတေသနပြုလေ့လာစရာများ၊ လေ့လာကြည့်ရှုအပန်းဖြေနိုင်သော အခွင့်အလမ်းများစွာ တည်ရှိလျက်ရှိသည်။

အဆိုပါဘေးမဲ့တောတွင် ငှက်မျိုးစိတ်များ ပျံနှံ့ကျက်စားမှု၊ ရေချိုရေငန်စပ်မိကျောင်းများ၏ အလေ့အထများနှင့် ဂေဟဗေဒ၊ ရာသီဥတုပြောင်းလဲမှု၏ ဒီရေတောများအပေါ် အကျိုးသက်ရောက်မှု၊ ဒီရေတောမှရရှိသည့် သယံဇာတများက ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို အထောက်အကူပြုမှု၊ ဒီရေတောဂေဟစနစ် ဝန်ဆောင်မှုများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့နည်းသက်သာခြင်းဆက်စပ်မှုများအား လေ့လာနိုင်ကြောင်း၊ နို့တိုက်သတ္တဝါ ၁၈ မျိုး၊ ငှက်မျိုး ၁၉၀၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၃၈ မျိုး၊ ငါးမျိုး ၁၁၀၊ ကဏန်းခြောက်မျိုး၊ ပုစွန် ၁၄ မျိုး၊ လိပ်ပြာ ၃၅ မျိုး၊ ဒီရေတောသစ်မျိုး ၂၉ မျိုး၊ သစ်ခွခြောက်မျိုး ဘေးမဲ့တောအတွင်း တည်ရှိကြောင်း၊ လေ့လာအပန်းဖြေစရာများအဖြစ် ဒီရေတောအတွင်း စက်လှေစီး၍ လေ့လာခြင်း၊ ဒေသခံများ၏ မိရိုးဖလာ ငါးဖမ်းနေမှုများ၊ ငှက်၊ ရေဝတီလင်းပိုင်၊ ပင်လယ်လိပ်များ၏ နေထိုင်ကျက်စားမှုများ လေ့လာနိုင်မည်ဖြစ်ကြောင်း သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ပြောပြသည်။

ဘေးမဲ့တောသို့ လာရောက်လေ့လာသူများသည် ကင်းစခန်းများနှင့် လူ ၁၀ ဦးဆံ့သည့် ဧည့်ရိပ်သာတွင် တည်းခိုနိုင်ပြီး လက်လှော်လှေ၊ စက်တပ်လှေများ ငှားရမ်းနိုင်ကြောင်းနှင့် ဒေသခံလမ်းပြများလည်းရှိကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ ဒေသခံတစ်ဦးက "လမ်းပန်းဆက်သွယ်ရေးကတော့ ဘိုကလေးမြို့ကနေ မိန်းမလှကျွန်းဘေးမဲ့တောကို စက်လှေနဲ့ ၁၂ မိုင်လောက်သွားရတယ်။ မိန်းမလှကျွန်းဟာဆိုရင် ချောင်းတွေအများကြီးက ရေလမ်းကြောင်းနဲ့ ဆက်နွယ်စီးဆင်းနေတာပါ"ဟု ပြောသည်။

အဆိုပါ ဘေးမဲ့တောအား ၁၉၁၅ ခုနှစ်တွင် မိန်းမလှကျွန်း ထင်းကြိုးဝိုင်းအဖြစ် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၈၅ ခုနှစ်တွင် မိန်းမလှကျွန်း(တိုးချဲ့)ကြိုးဝိုင်းအဖြစ် ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၉၄ခုနှစ်တွင် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်ဖွဲ့စည်းခဲ့ကြောင်းနှင့် ရမ်ဆာရေဝပ်ဒေသအဖြစ် ၂၀၁၇ ခုနှစ်တွင် သတ်မှတ်ခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မိုးစက်(ဘိုကလေး)

မိန်းမလှကျွန်း၌ မိကျောင်းတစ်ကောင်ကို တွေ့ရစဉ်။

ထရန်စဖော်မာသစ်မှ လျှပ်စစ်ဓာတ်အား စတင်အသုံးပြု

ပေကုန်း ဇွန်၂၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မန်ဟဲကျေးရွာအုပ်စု ပေကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းတွင် မေ ၁၂ ရက်က ကျေးရွာနေပြည်သူလူထု ဗို့အားပြည့်သုံးစွဲနိုင်ရေး တိုးချဲ့ထရန်စဖော်မာသစ်တစ်လုံးကို ၂၀၁၈-၂၀၁၉ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် Golden particles Co.,Ltd က တည်ဆောက်ပေးခဲ့သည်။

မော်လူးမြို့ လျှပ်စစ်ဌာန တာဝန်ရှိသူများမှ ဇွန်၂၃ ရက်က လက်ရှိထရန်စဖော်မာမှ ခွဲထွက်ကာ လျှပ်စစ်ဓာတ်အားကို အောင်မြင်စွာလွှတ်ပေးခဲ့ပြီး ယခင်ပေကုန်းကျေးရွာ၏ သံလမ်းအရှေ့ဘက်ခြမ်း၌ ဓာတ်အား ၉၀-၁၀၀ ဗို့အားလောက်သာအသုံးပြုနေရသည့် ရပ်ကွက်နေသူများသည် ယခု ဗို့အား ၂၀၀ အထိ အသုံးပြုနိုင်ကြတော့မည်ဖြစ်ကြောင်း လျှပ်စစ်ဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမီးအားစတင်လွှတ်ချိန်က နေအိမ်ရှိ မီးခလုတ်များ ပိတ်မထားမိသဖြင့် မီးအားများခြင်းကြောင့် မီးသီး၊ မီးချောင်းများ ပေါက်ကွဲခြင်း၊ ကျွမ်းခြင်းတို့ဖြစ်ပေါ်ခဲ့သော်လည်း ဓာတ်အားအပြည့်သုံးစွဲနိုင်မည်ဖြစ်သဖြင့် မီးသုံးစွဲသူဒေသခံများက ဝမ်းမြောက်ဝမ်းသာလျက်ရှိကြောင်း သိရသည်။ **ခင်မောင်ဆွေ (မော်လူး)**

မူခင်းအသိပညာပေးဟောပြော

မင်းတပ် ဇွန် ၂၅

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက် အထက(၂) ခန်းမ၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူး မျိုးညီညီဦးဆောင်သောအဖွဲ့က ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

အဆိုပါ မူခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲတွင် အထက (၂) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်ပွဲများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

အင်းတော်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကာတွန်းပြိုင်ပွဲ၊ စာအုပ်ပြပွဲ၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး နံရံကပ်စာစောင် ပြသခြင်းနှင့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းကို ဇွန် ၂၅ ရက်က အထက (အင်းတော်)မှ ကျောင်းသား ကျောင်းသူလေးများဖြင့် ဆောင်ရွက်ခဲ့သည်။

ယင်းကာတွန်းပြိုင်ပွဲတွင် အထက်တန်းအဆင့် ၆၀၊ အလယ်တန်းအဆင့်တွင် ၄၀ တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး နံရံကပ်စာစောင်များကို ပြသထားရှိကာ ကျောင်းသား ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ငြိမ်းအိအိဖြိုး**

မူဆယ်

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူဆယ်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇွန် ၂၅ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်ဟောပြောပွဲ၊ ပန်းချီပြိုင်ပွဲ(အထက်တန်းနှင့် အလယ်တန်းအဆင့်)၊ စာစီစာကုံးပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲကို ကျင်းပသည်။

ပန်းချီပြိုင်ပွဲ(အထက်တန်းနှင့်အလယ်တန်းအဆင့်)နှင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပရာ ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်းခြောက်ဦးကို ခရိုင်ဦးစီးအရာရှိနှင့် တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအသိပညာပေး ပိုစတာဓာတ်ပုံများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

ဒီးမော့ဆို

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ဆုပေးပွဲကို ဇွန် ၂၅ ရက်က ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

မြို့နယ်ပညာရေးမှူး ဒေါ်နော်အယ်ဖောက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း က ကျောင်းသား ကျောင်းသူများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဆိုင်ရာများနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းကို ဟောပြောဆွေးနွေးသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် ပန်းချီနှင့်ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

တော့ရယ်

ဂန့်ဂေါ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ဇွန် ၂၅ ရက်က ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပြုလုပ်ရာ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၅ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်သည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ခရိုင် ပြန်/ဆက် ဒုတိယဦးစီးမှူး ဒေါ်အေးအေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်လင်းဦး၊ ခရိုင်ပြန်/ဆက်၏ Book Club ဥက္ကဋ္ဌ ဦးအောင်စိုးမင်းတို့နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကင်း

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲနှင့် ဓာတ်ပုံပြပွဲအခမ်းအနားကို ဇွန် ၂၅ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းသား ကျောင်းသူများအား မူးယစ်နံရံကပ်စာစောင်များ ပြသခြင်း၊ သုတရသ စာအုပ်စာစောင်များ ပြသခြင်း၊ ပြတိုက်ငယ်ရှိ ဒေသန္တရပစ္စည်းများ ပြသခြင်းတို့ကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လင်းလင်းထွန်း

လက်ပံတန်း

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့်ဆွေးနွေးပွဲကို ဇွန် ၂၅ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဦးနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ Club အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

H1N1 ရာသီတုပ်ကွေးအကြောင်း အသိပညာပေးဟောပြော

မန္တလေး ဇွန် ၂၅
H1N1 ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် တိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲဝင်းအတွင်းရှိ မဟာဇိနရံသိ ဓမ္မာရုံတွင် ယနေ့နံနက်က ကျင်းပသည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တိုးချဲ့ကာကွယ်ဆေး / ကူးစက်ရောဂါနှိမ်နင်းရေးဌာန) မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနှင်းနွယ်နီအေးက H1N1 ရာသီတုပ်ကွေးရောဂါအကြောင်း နှင့်ပတ်သက်၍ အသိပေးဟောပြောပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တိုးချဲ့ကာကွယ်ဆေးဌာန) အဖွဲ့ခေါင်းဆောင် ဒေါက်တာ ချို့နွယ်အောင်က H1N1 လက္ခဏာ၊ ကူးစက်နည်းများ အကြောင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ကူးစက်ရောဂါနှိမ်နင်းရေးဌာန) အဖွဲ့ခေါင်းဆောင် ဒေါက်တာ ငြိမ်းငြိမ်းချစ်က H1N1 ကာကွယ်ရန် နည်းလမ်းများနှင့်ပတ်သက်၍ အသိပေးဟောပြောသည်။ ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ဝေသော ရာသီတုပ်ကွေးရောဂါ အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှ တာဝန်ရှိသူများ၊ တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ ရဲမှူးဝင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင် မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ပြောင်းစိုက်ခင်းများ၌ ငမြှောင်တောင်ပိုးကျရောက်မှု စစ်ဆေး

ကျွန်းလှ ဇွန် ၂၅
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာ ရေချိုးတောင်အနီး တောင်သူ ၁၁ ဦး စိုက်ပျိုးထားသော မိုးအစေ့ထုတ်ပြောင်း ဧက ၁၇၀ အား ငမြှောင်တောင်ပိုး ကျရောက်မှု ရှိ မရှိ ယမန်နေ့က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်နှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောင်းစိုက်တောင်သူများနှင့် တွေ့ဆုံပြီး ငမြှောင်တောင်ပိုး၏ ဘဝစက်ဝန်းအကြောင်း၊ ငမြှောင်တောင်ပိုး ကာကွယ်ရန်နည်းလမ်းများ၊ အသုံးပြုသင့်သည့် ပိုးသတ်ဆေး အကြောင်း၊ ဆေးဖျန်းပုံနည်းစနစ်နှင့် ကိုင်တွယ်သုံးစွဲနည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

ဥက္ကံ - တဘူးလှဆည် ကျေးလက်လမ်းပိုင်း အဆင့်မြှင့်တင်မှု သတ်မှတ်လျာထားရက်ထက် ပိုစောပြီး

ရန်ကုန် ဇွန် ၂၅
ကျေးရွာပေါင်း ၂၀ ကျော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် လူမှုဘဝများ တိုးတက်ဖွံ့ဖြိုးရန် နိုင်ငံတော်မှ ဥက္ကံ-တဘူးလှဆည် ကျေးလက်လမ်းပိုင်းကို အဆင့်မြှင့်တင်လျက်ရှိရာ ၂၀၁၈ ခုနှစ် မတ်၃ ရက်မှစ၍ ကျေးလက်လမ်းဦးစီးဌာနနှင့် ကုမ္ပဏီနှစ်ခုတို့မှ တာဝန်ယူ ခင်းကျင်းလက်ရှိသည်။ လမ်းပြီးစီးမှုကို ယခုနှစ် စက်တင်ဘာလတွင် သတ်မှတ် လျာထားသော်လည်း ဇွန် ၂၄ ရက်တွင် ကုမ္ပဏီတစ်ခုမှ သတ်မှတ်လျာထားချက်ထက် ဆောလျင်စွာ ပြီးစီးသဖြင့် ကျေးလက်နေပြည်သူများသွားလာနိုင်လျက်ရှိသည်။

၅ မိုင် ၂ ဖာလုံမှ ၉ မိုင်အထိ ကျောက်ချောလမ်းခင်းကျင်းနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ -သန်းစိုး

စော၍အပ်နှင်းနိုင်

"သတ်မှတ် လျာထားချက်က စက်တင်ဘာလဆိုပေမယ့် ဒီနေ့မှာ ရာနှုန်းပြည့်ပြီးစီးနေပါပြီ။ မိုးရာသီဝင်စမှာ မြန်မြန်ဆန်ဆန် လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခက်အခဲတွေ အများကြီးပဲ။ အဲဒီကြားထဲက စေတနာထားပြီး ကျေးရွာပြည်သူတွေလည်း အလုပ်အကိုင်ရခဲ့ပြီးတော့ လုပ်ငန်းမြန်ဆန်အောင် လုပ်ဆောင်နိုင်ခဲ့လို့ မနက်ဖြန် ၁ မိုင် ၂ ဖာလုံကို လမ်းပေါ်မြေသားဖြူးပြီးတာနဲ့ လမ်းပိုင်းဆိုင်ရာ ကြံ့ခိုင်မှုစစ်ဆေးဖို့ အသင့်ဖြစ်နေပါပြီ။ အဲဒါပြီးတာနဲ့ သေသေသပ်သပ်ပြန်လုပ်ပြီး တာဝန်ယူထားတဲ့ လမ်းပိုင်းကို အပ်နှင်းနိုင်တော့မှာပါ"ဟု တော့ပ်ရှိုင်ရယ်စတား ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမိုးသော်ဦးက ပြောသည်။

ဥက္ကံမြို့မှ တဘူးလှဆည်အနီး ၁၆ မိုင်အထိ လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းကို ကျေးလက်လမ်းဦးစီးဌာနနှင့် ကုမ္ပဏီနှစ်ခုတို့ တာဝန်ယူခင်းကျင်းလျက်ရှိသည်။ ဥက္ကံမြို့ ပြည်လမ်းအစပ်မှ ဥက္ကံသကြားစက် ၅ မိုင် ၂ ဖာလုံအထိ မူလ ကတ္တရာလမ်းပိုင်းကို ကျေးလက်လမ်းဦးစီးဌာနမှ ထပ်ပိုးကတ္တရာခင်းခြင်းအား ဖေဖော်ဝါရီ ၁၉ ရက်တွင် စတင်၍ ဇူလိုင်လတွင် ပြီးစီးရန် ရည်ရွယ်ခင်းကျင်းလျက်ရှိသည်။ ၅ မိုင် ၂ ဖာလုံမှ ၉ မိုင်ထိ ကျောက်ချောလမ်းပိုင်းကို ထိုကျေးလက်လမ်းဦးစီးဌာနမှ ဆက်လက်တာဝန် ယူခင်းကျင်းလျက်ရှိပြီး ၈၀ ရာခိုင်နှုန်းပြီးစီး လျက် ၉ မိုင်မှ ၁၂ မိုင် ၄ ဖာလုံထိ လမ်းပိုင်းအား တော့ပ်ရှိုင်ရယ်စတား ကုမ္ပဏီနှင့် ၁၂ မိုင် ၄ ဖာလုံမှ တဘူးလှဆည် ၁၆ မိုင်ထိ အား EM-99 ကုမ္ပဏီမှ တာဝန်ယူခင်းကျင်းလျက်ရှိသည်။

အထောက်အပံ့ဖြစ်စေမည်ဖြစ်

ဥက္ကံ-တဘူးလှဆည် ကျေးလက်လမ်းပိုင်းတွင် ၅ မိုင် ၂ ဖာလုံမှစ၍ ၁၆ မိုင် ၀ ဖာလုံအထိ တစ်ပြိုင်တည်း စတင် ခင်းကျင်းခဲ့ခြင်းဖြစ်ရာ ၉ မိုင်မှ ၁၂ မိုင် ၀ ဖာလုံလမ်းပိုင်းသာ ရာနှုန်းပြည့် ပြီးစီးလျက်ရှိပြီး ကျန်သောလမ်းပိုင်းများ ဟန်ချက်ညီစွာ ပြီးစီးနိုင်ပါက ကျေးရွာပေါင်း ၂၀ကျော်၊ အိမ်ခြေ ၁၇၀၀ ကျော်၊ လူဦးရေ ၈၉၀၀ ကျော် အမှီပြုရာ တဘူးလှဆည်-ဥက္ကံ ကျေးလက်လမ်းဖြစ်သော ကျောက်ချောလမ်းတွင်ဒေသခံပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အပံ့ဖြစ်စေမည် ဖြစ်ကြောင်းသိရသည်။

သန်းထိုက်

တန်ဖိုးမြှင့်ကွင်းဆက်တွင် ပါဝင်ပတ်သက်နေသော စီးပွားရေးလုပ်ငန်းရှင်များနှင့် အမျိုးသမီးတောင်သူများ တွေ့ဆုံဆွေးနွေး

ပင်လောင်း ဇွန် ၂၅
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ရွှေကမ္ဘောဇ ကိုယ့်အားကိုယ်ကိုးဝန်ဆောင်မှုအဖွဲ့၏ အမျိုးသမီးများအတွက်ဈေးကွက်ဆိုင်ရာ အခွင့်အလမ်းတိုးတက်ရရှိစေရေးစီမံကိန်းအရ တန်ဖိုးမြှင့်ကွင်းဆက်တွင် ပါဝင်ပတ်သက်နေသော စီးပွားရေးလုပ်ငန်းရှင်များနှင့် အမျိုးသမီးတောင်သူများ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဆွေးနွေးစဉ်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအုံးမောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန် ဦးစီးမှူး ဦးထွန်းလင်း၊ MEDA Myanmar မှ ရှမ်းပြည်နယ်တာဝန်ခံ ဒေါ်မိုးမိုးစုလှိုင်နှင့် ရွှေကမ္ဘောဇ ကိုယ့်အားကိုယ်ကိုးဝန်ဆောင်မှုအဖွဲ့လူမှု အထောက်အကူပြုအဖွဲ့ စီမံကိန်းမန်နေဂျာ ဦးခင်မောင်ရွှေတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းများမှ တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို အသီးသီး ရှင်းလင်းပြောကြားခြင်းနှင့် အမျိုးသမီး တောင်သူများက အပြန်အလှန်ဆွေးနွေးမှုများကို ဇွန် ၂၅ ရက်မှ ၂၆ ရက်အထိ နှစ်ရက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

မိုးရာသီအတွက် တောင်သူများအား မျိုးကောင်းမျိုးသန့် မျိုးစပါးများထောက်ပံ့

ဘူးသီးတောင် ဇွန် ၂၅
မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အကျိုးဆောင် တောင်သူများအား မျိုးကောင်းမျိုးသန့် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ကျင်းပသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသာကျော်က လုပ်ငန်းလမ်းညွှန်ချက်များအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ညီက မျိုးစပါးပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဘူးသီးတောင်မြို့နယ်အတွင်း မိုးစပါးလျာထားချက်မှာ ဧက ၅၄၃၅၀ ရှိရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးသန့်စံပြရွာမျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၀၊ မျိုးစေ့ထုတ်လုပ်သူများအသင်းပုံစံဖြင့် ၁၀ ဧက စံပြကွက်/စမ်းသပ်ကွက်များ ပြုလုပ်ခြင်းနှင့် ဘက်စုံအဆင့်မြှင့်နည်းပညာသုံးစံပြစိုက်ခင်း ၅၀၈ ဧကတို့ကိုအတွက် မျိုးသန့်ပွားများရေးလုပ်ငန်းတို့အတွက် မျိုးကောင်းမျိုးသန့် မျိုးစပါးများ ထောက်ပံ့ပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က မျိုးစေ့ထုတ်စိုက်ခင်းဆောင်ရွက်လျက်ရှိသော အကျိုးတော်ဆောင်တောင်သူများ (ကိုယ်စား) ဦးမောင်သန်းဝင်း (သပြေတောကျေးရွာ) က လက်ခံယူခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

မိတ္ထီလာတွင် မိုးနှောင်းချည်မျှင်ရှည်ဝါ ဧက ၁၂၅၇၀ စိုက်ပျိုးမည်

မိတ္ထီလာ ဇွန် ၂၅
မိတ္ထီလာမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါ ဧက ၁၂၅၇၀ လျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ငြိမ်းထံမှ သိရသည်။

"မိတ္ထီလာမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မိုးနှောင်းချည်မျှင်ရှည်ဝါ ဧက ၁၂၅၇၀ လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ မိတ္ထီလာမြို့နယ်အတွင်းမှာ လိန်တော၊ ရေချို၊ လှည်းပွဲ ၊ ဝါးရုံကျေးရွာများမှာ ဝါကို အဓိကစိုက်ပျိုးပြီး ရွှေတောင် ၈၊ ငွေချည် ၆၊ ငွေချည် ၉ မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးကြတယ်။ ဝါတစ်ဧက အထွက်နှုန်းပိဿာ ၈၀၀ ကနေ ပိဿာ ၁၀၀၀ ကြားထွက်ရှိဖို့အတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းပညာ အသိပညာပေးဟောပြောမှုတွေကိုလည်း စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးက ပြောသည်။

မိတ္ထီလာတွင် ယခုနှစ်စိုက်ပျိုးမည့် မိုးနှောင်းချည်မျှင်ရှည်ဝါ အထွက်နှုန်း တိုးမြှင့်စေရေးအတွက် သိပ္ပံနည်းစိုက်ပျိုးနည်းစနစ်များဖြစ်သည့် ထယ်ရေးကောင်းမွန်ရန်၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရန်၊ စိုက်နည်းစနစ် ရွေးချယ်မှုမှန်ကန်ရန်၊ ဝါပင်ကျင်းလပ်ဖာရန်၊ သားခွဲခြင်းအချိန်မှန်ရန်စသည့်နည်းပညာများကို ဒေသခံတောင်သူများအား အသိပညာပေးဟောပြောခြင်း၊ မျိုးစေ့ထုတ် ၁၀ ဧက ၊ မျိုးယှဉ်ပြိုင်စံပြကွက် ခုနစ် ဧက၊ အထူးဇုန် စံပြကွက် ဧက၁၀၀ တို့အတွက် ဝါမျိုးစေ့များ အခမဲ့ဖြန့်ဖြူးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

နယ်လှည့်တီဘီရောဂါရှာဖွေရေးအဖွဲ့ ကျိုက္ခမီမြို့ ပြည်သူများအား ဆေးဝါးကုသပေး

သံဖြူဇရပ် ဇွန် ၂၅
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းဌာန နယ်လှည့်တီဘီရောဂါ ရှာဖွေရေးအဖွဲ့မှ ဒေါက်တာထွန်းဦး ခေါင်းဆောင်သော ရောဂါရှာဖွေရေးအဖွဲ့များနှင့် ကျိုက္ခမီမြို့ တိုက်နယ်ဆေးရုံမှ ဒေါက်တာသန်းဌေးအောင် ပါဝင်သော ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ကျိုက္ခမီမြို့ ဟိတကာရီလူမှုရေးအဖွဲ့၊ IMO အဖွဲ့ အစည်းဝင်များ ပါဝင်ပြီး ယမန်နေ့မှ စတင်ကာ ကျိုက္ခမီရပ်ကွက်များမှ ပြည်သူများကို တီဘီရောဂါပိုး ရှိ/မရှိစစ်ဆေးခြင်း ဆောင်ရွက်ပေးရာ ပြည်သူ ၂၉၂ ဦးကို စစ်ဆေးပေးခြင်းနှင့် ပိုးတွေ့ရှိသူများကို ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်အန္တရာယ် ကာကွယ်စို့

တက္ကသိုလ် ပွင့်သူအောင်

ကမ္ဘာနှင့်ချီ၍လူသားဝန်းကျင်ထဲသို့ ထိုးဖောက်ဝင်ရောက်လျက်ရှိပြီး လွှမ်းမိုးကြီးစိုးနေသော အရာတစ်ခုမှာ မူးယစ်ဆေးဝါး ပြဿနာပင်ဖြစ်သည်။ အနာဂတ်ပန်းဟု တင်စားခေါ်ဝေါ်လျက်ရှိသော လူငယ်ထုထဲသို့ အသွင်သဏ္ဌာန်မျိုးစုံဖြင့် ပူးသတ်နေသည်။ ပျံ့နှံ့နေသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံးနှင့် အကျုံးဝင်ရင်ဆိုင်နေရသော ပြဿနာတစ်မျိုးဖြစ်သည်။ မူးယစ်ဆေးဝါးနယ်ပယ်ကျယ်ပြောလာသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းကို အလေးထားဆောင်ရွက်နေကြသည်။

> **“ယခုအခါ အနာဂတ်ပန်းများဖြစ်သော လူငယ်ထုအတွင်းသို့ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ ထိုးဖောက်ဝင်ရောက်လျက်ရှိရာ မြန်မာနိုင်ငံတွင် ပြည်သူ့စကားဝိုင်းများ၌ မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။ ယင်း ပြည်သူ့စကားဝိုင်းများက မူးယစ်နွံအတွင်း နစ်ဆင်းနေသည့် လူငယ်လူရွယ်ကို ကယ်ထုတ်ရန် ကြိုးပမ်းနေခြင်းပင်ဖြစ်”**

ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာ

မြန်မာနိုင်ငံတွင်လည်း မူးယစ်ဆေးဝါးက ပုံစံမျိုးစုံဖြင့် လူငယ်ထု၏ လက်တစ်ကမ်း အကွာ၌ ရှိနေသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်မှာ လူငယ်တို့အပေါ်၌ များစွာတည်မှီနေသည်။ လူငယ်ဆိုသည်မှာ စူးစမ်းလိုစိတ်၊ တီထွင်လိုစိတ်၊ သင်ယူလိုစိတ်၊ အတုယူလိုစိတ်၊ မျိုးချစ်စိတ်စသည်တို့ကို ရင်ဝယ်ပိုက်ထားသူများဖြစ်သည်။ မူးယစ်ဆေးဝါးဆိုရာတွင် ဆေးလိပ်၊ စီးကရက်၊ ဘိန်းစိမ်း၊ ဘိန်းဖြူ၊ ဆေးခြောက်၊ အရက်၊ ကစော်၊ လှော်စာ၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်နှင့် အခြားသော အမျိုးအစားပေါင်းများစွာ ပါဝင်သည်။ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုများသည် လူငယ်ထုတစ်ရပ်လုံးသာမက ပြည်သူများ၏ ကျန်းမာရေးနှင့် အေးချမ်းစွာ နေထိုင်မှုကို ဆိုးရွားစွာခြိမ်းခြောက်လျက်ရှိပြီး လူ့အဖွဲ့အစည်းများ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအခြေခံအုတ်မြစ်များကို လိုက်စားလာခဲ့သည်။ ၂၀၁၇ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ၏ ၅ ရာခိုင်နှုန်းသည် တစ်နှစ်အတွင်း မူးယစ်ဆေးဝါးအနည်းဆုံးတစ်ကြိမ် သုံးစွဲမှုရှိပြီး ကမ္ဘာ့လူဦးရေ ၂၅၅သန်းရှိသည့်အနက် ၂၉ ဒသမ ၅ သန်းသည် မူးယစ်ဆေးဝါးကုသခံယူရန် လိုအပ်နေသူများဖြစ်ကြောင်း၊ ၁၂ သန်းသည် မူးယစ်ဆေးဝါးအကြောတွင်း ထိုးသွင်းသူများဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် မူးယစ်ဆေးလွန်သေဆုံးမှုများ၊ မူးယစ်ဆေးစွဲမှုကြောင့် ကူးစက်ခံရသော HIV ရောဂါ၊ အသည်းရောင်အသားဝါ "B" "C" နှင့် T.B ရောဂါဖြစ်ပွားမှုများ မြင့်တက်လာကြောင်း သိရသည်။

ထို့အပြင် ယင်းအစီရင်ခံစာအရ မူးယစ်ဆေးဝါးထုတ်လုပ်မှုမှာ ဘိန်းဖြူ၊ ဆေးခြောက်၊ ကိုကင်းနှင့် အဖက်တမင်း စိတ်ကြွရူးသွပ်ဆေးပြားများအပြင် စိတ်ပြောင်းဆေးဝါးသစ်ထုတ်လုပ်မှုများကိုပါ တွေ့ရှိရကြောင်း၊ ၂၀၁၂ ခုနှစ်တွင် စိတ်ပြောင်းဆေးဝါးသစ် အမျိုးပေါင်း ၂၆၀ တွေ့ရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်၌ အမျိုးပေါင်း ၆၃၀ အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။ အထူးသဖြင့် မူးယစ်ဆေးဝါးသုံးစွဲသော လူငယ်များသည် မူးယစ်ဆေးဝါးကို မသုံးရမနေနိုင်လောက်အောင် စွဲစွဲလမ်းလမ်းဖြစ်သွားတတ်သည်။ မူးယစ်ဆေးစွဲခြင်းကို ကြိုတင်ကာကွယ်ရန် အထူးအထွေရှိမည်မထင်ပါ။ မူးယစ်ဆေးမသုံးစွဲမိအောင် ရှောင်ကြဉ်ခြင်းသာလျှင် ကာကွယ်ခြင်းဖြစ်သည်။ ဆေးစွဲလူငယ်များ မဖြစ်ရလေအောင် မူးယစ်ဆေးဝါးကို စမ်းသပ်အသုံးမပြုမိရန်လိုပါသည်။ သုံးစွဲမိသူများသည် မသုံးရမနေနိုင်အောင်ဖြစ်ပြီး နောက်ဆုံးဆေးစွဲကာ လူညွှန့်တုံးဘဝသို့ ရောက်ရတတ်ပါသည်။

မူးယစ်ဆေးအစ ဆေးလိပ်စီးကရက်က

မူးယစ်ဆေးစွဲ လူငယ်တို့၏ မူးယစ်ဆေးအစမှာ နီကိုတင်းဓာတ်ပါဝင်သော ဆေးလိပ်စီးကရက်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများပင်ဖြစ်သည်။ နီကိုတင်းဓာတ်သည် စွဲလမ်းစေသော အာနိသင်ရှိရာ စမ်းသပ်သောက်သုံးသည့် လူငယ်များသည် ဆေးလိပ် စီးကရက်စွဲသူအဖြစ်သို့ ရောက်ရှိလာသည်။ ကမ္ဘာတစ်လွှားနှစ်စဉ် လူခြောက်သန်းခန့် သေဆုံးနေကြရခြင်းမှာ ဆေးလိပ် စီးကရက်တို့ကို ပြုလုပ်ရာတွင် အသုံးပြုသည့် ဆေးရွက်ကြီးကို သုံးစွဲခြင်းကြောင့်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆိုသည်။ ဆေးလိပ် စီးကရက်သောက်ခြင်းသည် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အခြေခံအကျဆုံး ရိုးရှင်းသည့် ပုံစံတစ်ခုဟု ဆိုနိုင်သည်။ မူးယစ်ဆေးဝါး၏ အစ ဖြစ်သော ဆေးလိပ် စီးကရက်သောက်ခြင်းကို ရှောင်ကြဉ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်၍ အသိပေး နှိုးဆော်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်လှုပ်ရှားမှုများ ပြုလုပ်ခဲ့ရာ ကွမ်းစားသူ ၆၀ ရာခိုင်နှုန်းအား ကွမ်းမစားရန် ထိရောက်စွာ တိုက်တွန်းနိုင်ခဲ့ကြောင်း ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတွင် ၂၀၁၉ ခုနှစ် ဧပြီလ ၄ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ လူထုလှုပ်ရှားမှုကို ဆိုရှယ်မီဒီယာတွင်လည်း hash tag အမှတ်အသားပါသည့် # StopBetelMyanmar ဆိုသော ဆောင်ပုဒ်ဖြင့် Facebook စာမျက်နှာပေါ်တွင် လူငယ်၊ လူရွယ်များနှင့် လူကြီးများအား ကွမ်းယာစားသုံးခြင်းကို ရပ်တန့်သွားရန် (သို့မဟုတ်) ထိုအကျင့်ဆိုးကို အသက်ငယ်ငယ် အရွယ်ကစပြီး မလုပ်ဆောင်မိစေရန် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (WHO FCTC) မှ ချမှတ်ထားသော မူဝါဒများနှင့် တစ်ပြေးညီ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဆုံးမလမ်းညွှန်ပြခဲ့

မူးယစ်၏ သားကောင်သည် လူသားဘဝမှာပင် မျက်နှာစာစုံ၊ ဘက်ပေါင်းစုံတွင် နိမ့်ကျဆုံးရှုံးကြရမည်ဖြစ်သကဲ့သို့ ပညာ၊ စီးပွား၊ လူမှု၊ အိမ်ထောင်ရေးဘဝ အဆင်မပြေမှုများ ဆက်တိုက်ဖိစီးထုထောင်းခံကြရမည်ဖြစ်သည်။ ထို့ကြောင့် အင်းဝခေတ် ရေးစာဆိုပညာရှင်ကြီး ရှင်မဟာရဋ္ဌသာရက “ သေရည်နှင့် အရက် စီးပွားပျက်ကို၊ တစ်စက်ကယ်မျှ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရည် ” ဟူ၍လည်းကောင်း၊ ဆားထုံဆရာတော်၏ ပုတ္တောဝါဒဆုံးမစာတွင် “ သောက်စားယစ်ဝ၊ လူ့ဗာလက၊ စသည့်လူတွင်၊ လူလေဖြင်နှင့်၊ ပျော်ရွှင်စကား၊ လူမိုက်များကို၊ ပေါင်းပြောရှုံခါ၊ နီးယှဉ်လာလည်း၊ ဝေးစွာသာလှ၊ ခွာနိုင်မှတည့် ” ဟူ၍လည်းကောင်း မူးယစ်ဆေး၏ ဒုက္ခပေးမှုကို လူငယ်များအပါအဝင် ပြည်သူလူထု သတိပြုရန် ဆုံးမလမ်းညွှန်ပြခဲ့သည်။

သမိုင်းမှတ်တမ်းများအရ ခရစ်တော်မပေါ်မီ ဘီစီ ၄၀၀၀ ခန့်က ဘိန်းကို စတင်စိုက်ပျိုးအသုံးပြုခဲ့ကြောင်း သိရသည်။ ထို့စဉ်က ဘိန်းကို နာကျင်မှုဝေဒနာ သက်သာလျော့ပါးစေရေးအတွက် ဆေးဝါးအဖြစ်သုံးစွဲခဲ့ကြသည်။ ဘိန်း၏ မူလဇာစ်မြစ်ကို ရှာကြည့်လျှင် အစောဆုံးတွေ့ရသည်မှာ ၁၀ ရာစုတစ်ဝိုက်ဖြစ်သည်။ အေဒီ ၁၀၃၇ ခုနှစ်တွင် အာရပ်လူမျိုးတို့သည် အိန္ဒိယနိုင်ငံကို တိုက်ခိုက်ရာ၌ စစ်တိုက်ရင်းအသုံးပြုရန်အတွက် ဘိန်းစေ့များကို ယူဆောင်သွားလေ့ရှိသည်။ ထို့နောက် ၁၅ ရာစုသို့ရောက်သောအခါ အာရပ်လူမျိုးတို့ ယူသွင်းလာခဲ့သော ဘိန်းစေ့များမှတစ်ဆင့် အိန္ဒိယနိုင်ငံတွင် ဘိန်းများစိုက်ပျိုးကာ ဆေးဝါးကုန်ကြမ်းအဖြစ်ရောင်းဝယ်ဖောက်ကားခဲ့ကြသည်။ ယင်းမှ တစ်စတစ်စကြာလာသောအခါ ဘိန်းကိုရှူရှိုက်သုံးစွဲသည့် ဓလေ့ပေါ်ပေါက်လာခဲ့ရာ မူးယစ်ဆေးဝါးသုံးစွဲမှု သမိုင်းအစသို့ ရောက်ရှိသွားခဲ့သည်။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်းဖြင့် ကြွယ်ဝချမ်းသာသူများ များပြားလာခဲ့သောကြောင့် မူးယစ်ဆေးဝါးကို စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် လုပ်ကိုင်လာခဲ့ကြသည်။ ၁၅၈၀ ပြည့်နှစ်၌ ပေါ်တူဂီကုန်သည်များနှင့် အီတလီလူမျိုး “ ဆီဖက်ဒရစ် ” ဆိုသူက ဘိန်းကို စတင်ရောင်းချခဲ့သည်။ ၁၆၃၀ ပြည့်နှစ်တွင် ဒတ်ချ် ကုမ္ပဏီ၏ မှတ်တမ်းများအရ မလက္ကာမြို့မှ နှစ်စဉ်ဘိန်းပေါင်ချိန် ၂၀၀ ကို ကုန်သည်များမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ယူဆောင်ရောင်းချခဲ့သည်။ ထို့စဉ်ကပင် ဘိန်းမှမော်ဖင်း၊ ဟီရိုးအင်း ခေါ် ဘိန်းဖြူ ထုတ်လုပ်မှုများကို ဂျာမနီနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့က တီထွင်ထုတ်လုပ်လာခဲ့ကြသည်။ ထို့မှတစ်ဆင့် မူးယစ်ဆေးဝါး ပြဿနာများ စတင်လာခဲ့သည်။

မူးယစ်ဆေးဝါးဆိုင်ရာ စာချုပ်

မူးယစ်ဆေးဝါးပြဿနာကို ရာစုနှစ်ပေါင်းများစွာကပင် ကျန်းမာရေးနှင့် လူမှုစီးပွားပြဿနာတစ်ခုအဖြစ် သတ်မှတ်ထားခဲ့ပြီး ကမ္ဘာ့မူးယစ်ဆေးဝါးအစည်းအဝေးများတွင် အဓိက အစီအစဉ်တစ်ခုအဖြစ် ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာစာချုပ်ကို ကမ္ဘာ့ကုလသမဂ္ဂတွင် လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၇၄ ခုနှစ် ဗီယက်နမ်နိုင်ငံ၌ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၇၄ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဥပဒေ၊ ၁၉၈၈ ခုနှစ် မတ်လ ၂၂ ရက်တွင် ၁၉၇၄ ခုနှစ် မူးယစ်ထုံတိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကိုပြင်ဆင်သည့် ဥပဒေ၊ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့၌ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၃ ဖြင့် အစားထိုးပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်တွင် ၂၀၁၈ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၆ ဖြစ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းခဲ့သည်။

ပြည်သူ့စကားဝိုင်းများ

ယခုအခါ အနာဂတ်ပန်းများဖြစ်သော လူငယ်ထု အတွင်းသို့ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ ထိုးဖောက်ဝင်ရောက်လျက်ရှိရာ မြန်မာနိုင်ငံတွင် ပြည်သူ့စကားဝိုင်းများ၌ မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။ ယင်းပြည်သူ့စကားဝိုင်းများက မူးယစ်နွံအတွင်း နစ်ဆင်းနေသည့် လူငယ်လူရွယ်ကို ကယ်ထုတ်ရန် ကြိုးပမ်းနေခြင်းပင်ဖြစ်သည်။ ယင်းဆွေးနွေးပွဲများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တရားလွှတ်တော် တရားသူကြီးများ၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ မူးယစ်အထူးပြု NGO နှင့် INGO အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲများသည် ဒီမိုကရေစီအင်္ဂါရပ်နှင့်အညီ လူငယ်လူရွယ် ကျောင်းသားကျောင်းသူများ၊ ပြည်သူလူထုနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခဲ့သည်။ အထူးသဖြင့် လူငယ်ထုနှင့် ပြည်သူတို့၏အသိစိတ်မှာ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ပိုမိုအထောက်အကူပြုပေးခဲ့သည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးကို ပြန်ကြည့်မည်ဆိုပါက မိမိတို့၏ အနာဂတ်လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးသာယာလှပအောင်အနာဂတ်၏ မျိုးဆက်သစ်များကို လူမှုအရင်းများ၊ ဉာဏအရင်းများကို အပြိုင်အဆိုင်စိုက်ထုတ်၍ ပြုစုပျိုးထောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုကဲ့သို့ ပြုစုပျိုးထောင်နေသကဲ့သို့ အခြားတစ်ဖက်မှာလည်း လူငယ်မျိုးဆက်သစ်များကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပူးသတ်ဖျက်ဆီးနေသော မူးယစ်ဆေးဝါးအန္တရာယ်ကလည်း စိန်ခေါ်လျက်ရှိသည်ကို မြင်ရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးသည် နိုင်ငံ၏အနာဂတ်လူငယ်ထု၏ အနာဂတ်ကို ဖျက်ဆီးရန်အတွက် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် စနစ်တကျ ဖျက်ဆီးနေပြီး တစ်နည်းအားဖြင့် လူငယ်ထုကို ပန်းကောင်းအညွန့်ချိုးဆိုသော အခြေအနေကို ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ပြည်သူ့စကားဝိုင်းတွင် မူးယစ်ဆေးဝါးကို တားဆီးကာကွယ်ရေးအတွက် ဆွေးနွေးကြခြင်းပင်ဖြစ်သည်။ လူငယ်ထုကို နေရာပေး၍ ပြည်သူ့စကားဝိုင်းတွင် ဆွေးနွေးအဖြေရှာခြင်းဖြင့် လူငယ်ထု၏ စိတ်ကိုပြောင်းလဲပေးခြင်းပင်ဖြစ်သည်။

အစွန်းနှစ်ဖက်ကို တွေ့ရှိခဲ့

လူငယ်ထုအတွင်း မူးယစ်ဆေးဝါးမည်သည့် အတွက်ကြောင့် စွဲသည်ကိုလေ့လာကြည့်ပါက အစွန်းနှစ်ဖက်ကို တွေ့ရှိခဲ့သည်။ တစ်ဖက်က ချမ်းသာလွန်းအားကြီးသော သူများသည် မူးယစ်ဆေးဝါးကို အလွယ်တကူဝယ်ယူသုံးစွဲနိုင်ကြသည်။ အချို့က မိဘအထိန်းအကွပ်နှင့် ချစ်ခြင်းမေတ္တာမရရှိ၍ စိတ်ပိုင်းဆိုင်ရာ လိုအပ်မှုများဖြစ်လာပြီး လိုအပ်မှုများ၊ လစ်ဟာမှုများကို ပေါပေါများများ သုံးစွဲနိုင်သည့် ငွေကြေးကို အသုံးချကာ ချစ်ခြင်းမေတ္တာ ကွက်လပ်နေရာကို အစားထိုးသောအနေဖြင့် သုံးစွဲနေကြသည်ကို တွေ့ရသည်။ အလားတူ အလွန်ဆင်းရဲသောသူများလည်း ၎င်းတို့တွင် ပညာမသင်နိုင်သည့်အတွက် အသိဉာဏ်နှင့် ဆင်ခြင်တုံတရားနည်းပါးကာ စိတ်ဆင်းရဲမှုများ၊ ပင်ပန်းနာကျင်မှုများ ပြေပျောက်ရန်အတွက် မူးယစ်ဆေးဝါးကို သုံးစွဲခဲ့သည်။ အချို့ကမူ မူးယစ်ဆေးဝါးကို စမ်းသပ်လိုသော စိတ်ဖြင့် သုံးစွဲကြသည်။ အမှန်စင်စစ် မူးယစ်ဆေးဝါးသည် သုံးစွဲသူလူငယ်ထုကိုကျွန်ပြုလိုက်ခြင်းပင် ဖြစ်သည်။ မူးယစ်ဆေးဝါး၏ ကျွန်ပြုခြင်းခံရပြီဆိုပါက မူးယစ်ဆေးဝါး၏စေစားရာအတိုင်း လုပ်ဆောင်ရမည်ဖြစ်သည်။ မူးယစ်ဆေးဝါး၏ လွှမ်းမိုးမှုခံရသည့်အတွက် လူငယ်တို့၏ ဘဝများမှာ တည်ငြိမ်မှု ကင်းမဲ့ပြီး မူးယစ်ဆေးဝါးမရှိပါက အသက်မရှင်နိုင်ဟူ၍ အတွေးများဝင်လာခဲ့သည်။

မူးယစ်ဆေးဝါးအန္တရာယ်ဝိုင်းဝန်းကာကွယ်

မူးယစ်ဆေးဝါးပြဿနာသည် လူငယ်ထုအတွင်းသို့ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ရောက်ရှိသုံးစွဲနေကြရာ မျိုးဆက်သစ်များအတွက် ကြီးမားသော အန္တရာယ်ဖြစ်နေသည်။ မူးယစ်ဆေးဝါး အန္တရာယ်သည် ကြီးမားပြီး အလွန်ကြောက်စရာ ကောင်းလှသဖြင့် ကမ္ဘာ့နိုင်ငံပေါင်းစုံက အသိရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို “အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ” သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ “ကျန်းမာရေးနှင့် တရားရေးမူးယစ်ကင်းဖို့ လက်တွဲစို့ ” ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားတစ်ဦးချင်းဆီမှသည် ကမ္ဘာကြီးအထိ ခြောက်လှန့်နေပြီဖြစ်၍ ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့မှ ချေမှုန်းတိုက်ဖျက်ပါမှ အနာဂတ်ပန်းများဖြစ်သော လူငယ်ထုတစ်ရပ်လုံး ထာဝရ ပွင့်လန်းနေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၇၊ တဆဆလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ဖောဟှုပ်ဟှုပ်နဲ့ ဖျားနာတဲ့အခါ ကူမင်းရှုက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်း ဆေးပက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင်အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

များနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် နေ့းနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လုပစေပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သံတွဲခရိုင်မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်(၆)ပြည်နယ်ရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	- ၂၆-၆-၂၀၁၉ရက်မှ ၄-၇-၂၀၁၉ရက်အထိ
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်	- နံနက် ၉ နာရီမှ ညနေ ၄း၃၀နာရီ(ရုံးချိန်အတွင်း)
တင်ဒါပုံစံလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်/အချိန်	- ၁၀-၇-၂၀၁၉ရက် ညနေ ၄း၃၀နာရီ(ရုံးချိန်အတွင်း)
တင်ဒါဖွင့်မည့်ရက်/အချိန်	- ၁၂-၇-၂၀၁၉ရက် နံနက် ၉း၃၀နာရီ
တင်ဒါဖွင့်မည့်နေရာ	- လ/ထညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သံတွဲခရိုင်၊ သံတွဲမြို့

တင်ဒါလျှောက်လွှာပုံစံများကိုလက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ သံတွဲခရိုင်၊ သံတွဲမြို့တွင်ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၃၂၀၆၅၀၅၅

မိဘအမည်မှန်

ဦးစိန်ဟန်-ဒေါ်ခင်ငြိမ်းတို့၏သား သံဖြူဇရပ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ဘုန်းမြတ်မင်း၏ မိဘအမည်မှန်မှာ ဦးဆန်းမြင့်ဇော် ၈/စလန(နိုင်) ၀၉၉၉၀၂ နှင့် ဒေါ်ပွင့်ဖြူနှင်း ၁၀/သဖရ (နိုင်) ၀၉၁၅၉၃ ဖြစ်ပါကြောင်း။ **ဦးဆန်းမြင့်ဇော်-ဒေါ်ပွင့်ဖြူနှင်း**

ဖခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ ကရပ္ပိကျေးရွာ အထက အဌမတန်းမှ မအေးဖြူ၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုး ၁၀/သဖရ (နိုင်) ၁၉၁၈၀၄ ဖြစ်ပါကြောင်း။ **ဦးဇော်မိုး**

ဖခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ ကရပ္ပိကျေးရွာ အထက အဌမတန်းမှ မောင်စိုင်းနွန်၏ ဖခင်အမည်မှန်မှာ ဦးအောင်ချမ်း ၁၀/သဖရ (နိုင်) ၀၇၆၀၅၁ ဖြစ်ပါကြောင်း။ **ဦးအောင်ချမ်း**

ဖခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ ကရပ္ပိကျေးရွာ အထက နဝမတန်းမှ မတင်မိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးကွန်ချမ်း ၁၀/သဖရ(နိုင်)၀၉၈၇၆၇ ဖြစ်ပါကြောင်း။ **ဦးကွန်ချမ်း**

ဖခင်အမည်မှန်

တောင်သာမြို့၊ တစ်မိုက်သာ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ဖြိုးထက်နှင့် ကန်ရွာ အလက(ခွဲ)ဆဌမတန်းမှ မောင်ဝင်းမင်းဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၉/တသန(နိုင်)၀၉၇၂၇၆ ဖြစ်ပါကြောင်း။ **ဦးမောင်မြင့်**

ဖခင်အမည်မှန်

ပေါက်မြို့နယ်၊ သရက်တောရွာ အထက(ခွဲ)မှ အဌမတန်းမှ မဖြိုးအိသွယ်၏ ဖခင်အမည်မှန်မှာ ဦးစန်းယု ၈/ပမန(နိုင်)၀၁၁၅၂၅ ဖြစ်ပါကြောင်း။ **ဦးစန်းယု**

ဖခင်အမည်မှန်

ကျောက်ဆည်မြို့၊ unity (ယူနတီ) ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အာကာထက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးတင်မောင်အေး ၉/ကဆန(နိုင်)၀၆၉၅၃၄ ဖြစ်ပါကြောင်း။ **ဦးတင်မောင်အေး**

ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ နန်းမြင့် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မခင်ဇာနည်၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်ဦး ၉/တသန(နိုင်) ၀၉၃၈၅၄ ဖြစ်ပါကြောင်း။ **ဦးထွန်းနိုင်ဦး**

အမည်မှန်

ဦးဝင်းမင်းသန့် (ခ) ဦးဂျစ်တူး ၉/သပက(နိုင်)၀၆၀၉၀၈ ၏ သမီး တကောင်းမြို့ တကောင်း(အထက) သတ္တမတန်း ဖြေဆိုအောင်မြင်ခဲ့သော မအိုးကြယ်လင်း၏ အမည်မှန်မှာ မအိမ့်ရတီသန့် ဖြစ်ပါကြောင်း။ **မအိမ့်ရတီသန့်**

ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ နန်းမြင့် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်မင်းရာမိုး၏ဖခင်အမည်မှန်မှာ ဦးမြသောင်း ၉/တသန(နိုင်) ၁၅၅၉၆၅ ဖြစ်ပါကြောင်း။ **ဦးမြသောင်း**

ဖခင်အမည်မှန်

စဉ့်ကူးမြို့နယ်၊ နွယ်ရုံ(အထက-ခွဲ)အဌမတန်း(B)မှ မခိုင်ဇင်သော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ၉/မတရ (နိုင်) ၁၁၅၉၀၆ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်**

မိခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(ဖိုးကို) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ကိုလင်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ဝန်းဝင်း ၈/ရနခ(နိုင်) ၁၆၃၈၀၄ ဖြစ်ပါကြောင်း။ **ဒေါ်ခင်ဝန်းဝင်း**

တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်

စဉ့်ကူးမြို့နယ်၊ နွယ်ရုံ (အထက-ခွဲ) နဝမတန်း(B)မှ မမီမီကျော်နှင့် မအေးမီမီကျော်မှာ တစ်ဦးတည်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ၉/မတရ(နိုင်) ၁၁၅၉၀၆ ဖြစ်ပါကြောင်း။

ဥတုရာသီ တောကိုမှီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၆၃၆၊ မြေကွက်တည်နေရာအမှတ်(၆၃၆)၊ နဝရတ်လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးကျင်ဖေ MYG-၁၀၅၁၆၇အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် ဦးကျင်ဖေ(ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်လှလှဝေ ၁၂/ဥကတ(နိုင်)၀၉၂၆၆၁မှ ဂရန်မူရင်း၊ နိုင်ကတ်၊ အိမ်ထောင်စုစာရင်း၊ ခင်ပွန်း၏ သေစာရင်းသွင်းမိတ္တူမှန်၊ တစ်ဦးတည်းသောဇနီးဖြစ်သည်မှာ မှန်ကန်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ကျမ်းကျိန်ဆိုသူ အရာရှိရှေ့တွင် ပြုလုပ်ထားသည့် (၁၆-၁၁-၁၈)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်စဉ်(၁၁/၁၂၈၆)၊ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်တို့တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းသိရှိကြောင်း ဒေါ်လှလှဝေ ၁၂/ဥကတ(နိုင်)၀၉၂၆၆၁မှ လက်မှတ် ရေးထိုးထားပါသည်။ သို့ပါ၍ ဒေါ်လှလှဝေ ၁၂/ဥကတ(နိုင်)၀၉၂၆၆၁၏ ပိုင်ဆိုင်+အရောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျို့လက်ာ ခက်ဆစ် အတိဓာန်သစ်
အရှင်ရေဝတ(သာသနာ့ပျိုးခင်း)
ပျိုးခင်းစာပေ
၀၉ ၂၅၀၉၀၁၉၆၉
၀၉ ၆၉၀၆၀၉၆၁
၀၉ ၇၀၁၄၄၉၉၁၂
ပဒိုးမပဒိုလည်း နဒိုးစံရဝဓပဗ်နှင့် ဓမ္မရေးရာဆောင်းပါးများ
အရှင်ရေဝတ(သာသနာ့ပျိုးခင်း)

သင့်ရင်သွေးနာမည်လှလှရွေးလိုက်ကြ
ရာဇာဇော်ဝင်း(LL.B.)နှင့်သာဆက်သွယ်ပါ
(WIPO.DL-101 Switzerland)

ရွေးမှုမပျက်ခေတ်မှီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက် အခမဲ့မင်္ဂလာမော်ကွန်းဇာတာဂဏန်းဗေဒင် အဟောများနက္ခတ်အဟောများမိဘအမည်တွဲ သုံးပုံလမ်းညွှန်တစ်သက်တာဟောစာတမ်းများနာမည်ပေးပါရဂူဆရာကြီးနှင့် ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန် အာမခံသည် ရင်သွေးငယ်၏အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်နယ်သို့စာတိုက်မှပို့မည်လူကြီးများလိုရာမေးကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။
အမှတ်(၉)ဒုထပ်ဂဇလမ်းမင်္ဂလာတောင်ညွန့်ရန်ကုန်မြို့
☎01-394727,01-399426,09-73009994,09-5152521

ဆိုင်ခန်းကျယ်အမြန်ငှားမည်

နေပြည်တော်-ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ အမှတ် ၇/၁၊ ဆင်ရတနာ-မြင်းရတနာအနီး၊ လူစည်ကားပြီး အချက် အချာကျသောနေရာ၌ ၂၀ပေ×၅၀ပေ မှန်လုံအဲယား ကွန်းများ တပ်ဆင်ပြီး ဆိုင်ဖွင့်ရန်အသင့် (မြေညီအပါအဝင်နှစ်ထပ်) ဆိုင်ခန်းကျယ် အမြန်ငှားမည်။
ဖုန်း-၀၉၅၀၀၀၆၇၃၊ ၀၉-၅၁၅၁၅၇၆၊ ၀၉-၅၁၅၄၁၆၄

ဖခင်အမည်မှန်

ပေါက်မြို့နယ်၊ နံ့သာကျေးရွာ အထကမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သောမောင်ဇင်ကိုလင်းနှင့် တက္ကသိုလ်ဝင်တန်းကျောင်းသူ မသဥ္ဇာနွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဘို ၈/ပမန(နိုင်)၁၄၇၂၃၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ အထက (ရေပြာ) ၂၀၁၉-၂၀၂၀ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမှ မဖြူဖွေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် ၈/ပမန(နိုင်)၀၁၇၁၀၃ ဖြစ်ပါကြောင်း။ **ဦးဝင်းမြင့်**

ဖခင်အမည်မှန်

ချောက်မြို့၊ အထက(၄) အေးစေတီကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိအိမိုး၏ ဖခင်အမည်မှန်မှာ ဦးဆန်းမင်းအောင် ၈/ခမန(နိုင်)၁၂၀၇၇၀ ဖြစ်ပါကြောင်း။ **ဦးဆန်းမင်းအောင်**

ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ ဒီဂရီကောလိပ်ကျောင်း ဘောဂဗေဒ (ဒုတိယနှစ်) အဝေးသင်မှ မခင်ရတနာဦး၈/ဆဖန(နိုင်) ၀၉၅၁၂၂၏ဖခင်အမည်မှန်မှာ ဦးအောင်ငွေးဝင်း၈/ဆဖန(နိုင်)၀၅၆၈၃၆ ဖြစ်ပါကြောင်း။ **ဦးအောင်ငွေးဝင်း**

ဖခင်အမည်မှန်

ပင်လည်ဘူးမြို့နယ်၊ အထက မိချောင်းအင်း တက္ကသိုလ်ဝင်တန်းမှ မောင်မြင့်ဇော်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးတင်ချို ၅/ကလန(နိုင်)၀၃၈၂၅၂ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့၊ အထက(ခွဲ)ဗိုလ်မင်းရောင်တွင် လယ်/ပြ တာဝန်ထမ်းဆောင်နေသော ဒေါ်တင်အေးခိုင် ၉/တကန(နိုင်)၀၁၁၅၄၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၈-၁၉၆၀ ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/1809၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ် (၅၂)၊ ကင်မလင်းကျွန်း အကွက်၊ ဦးပိုင်အမှတ် (L-၅၈)၊ ဧရိယာ ၀ဒသမ ၀၈၃ဧကရှိ မြေကို ဒေါ်ခင်မိုးကြူ အမည်ဖြင့် မြေပေးမိန့် ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အကျိုးအကြောင်း ဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်-၆၈/စီနေ ဒေါ်သဇင်ကျော်ထွန်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၁၂/ကမရ(နိုင်)၀၂၇၈၉၄ ဝယ်ယူထားသော တော်ဝင်မိသားစု ကုမ္ပဏီ၏ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ သီရိရိပ်သာအဆင့်မြင့်အိမ်ရာ တိုက်ခန်းအမှတ်- D-1020 ၏ (၁၄. ၁၀. ၂၀၀၂)ရက်စွဲပါ တိုက်ခန်းရောင်းချခြင်း သဘောတူညီချက်စာချုပ် မူရင်း ပျောက်ဆုံးသွားကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်ဆို လွှာများနှင့်အတူ တိုက်ခန်းအမှတ်- D-1020အား လွှဲပြောင်းရောင်းချ မည်ဖြစ်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာ ကြော်ငြာပါပြီး (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သဇင်ကျော်ထွန်း	ဒေါ်လဲ့လဲ့ဝင်း LL.B
၁၂/ကမရ(နိုင်)၀၂၇၈၉၄	တရားလွှတ်တော်ရှေ့နေ
	စဉ်-၅၇၁၄ (၁၀. ၈. ၈၈)

အမှတ်-၉၉၁ အောင်သုခလမ်း ၆ရပ်ကွက် မရမ်းကုန်းမြို့နယ်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/7853 Mit,De.Lica sk 82 TM P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသိန်း ၇/ဇကန(နိုင်) ၀၁၁၆၁၈ကက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၇၆၄)၊ မြေကွက်တည်နေရာအမှတ်(၇၆၄)၊(၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်ခင်ခင်လှိုင်(၁၂/ပဘတ(နိုင်)၀၂၂၂၀၂)(CD-၀၂၄၅၅၇)၊ အမည်ပေါက်ထံမှ(၂၄-၁၂-၂၀၁၁)ရက်စွဲပါအရပ်စာချုပ်ဖြင့်ပိုင်ဆိုင်သူဦးမောင်မောင်ကို(၁၂/သဃက(နိုင်)၀၅၉၈၁၃) မှလည်းကောင်း၊ ဦးမောင်မောင်ကိုထံမှ(၂၆-၁၂-၂၀၁၁)ရက်စွဲပါအရပ်စာချုပ်ဖြင့်ပိုင်ဆိုင်သူဦးဝင်းတင်(၁၂/ဥကတ(နိုင်)၀၈၀၇၄၀)မှလည်းကောင်း၊ ဦးဝင်းတင်၊ ဒေါ်ခင်သူနှင့်ရှိထံမှ(၂၈-၇-၂၀၁၃)ရက်စွဲပါအရပ်စာချုပ်ဖြင့် ပိုင်ဆိုင်သူဦးဇော်ထူး(၁၂/ပဘတ(နိုင်)၀၁၂၆၈၉)၊ ဦးကျော်ဝင်း(၁၂/ပဘတ(နိုင်)၀၁၃၆၇၁)တို့မှလည်းကောင်း၊ ဖစ်ဖန်ဦးဇော်ထူး ဦးကျော်ဝင်းတို့ထံမှ(၁၅-၅-၂၀၁၄)ရက်စွဲပါအရောင်းအဝယ်အရပ်စာချုပ်ဖြင့်ပိုင်ဆိုင်သူ ဒေါ်သီတာထွဋ်(၁၂/ဗတထ(နိုင်)၀၁၁၄၉၄)မှပါမစ်မူရင်းတင်ပြ(မပြည့်စုံ)၊ဓါတ်ပုံမှတ်တမ်း(မူရင်း)၊ရွှေ့ပြောင်းသူများ၏ရာဇဝင်အကျဉ်းချုပ်(မူရင်း)၊အိမ်ရာဆောက်လုပ်နေထိုင်ခွင့်(မူရင်း)တို့တင်ပြ၍မိခိုသူများစာရင်းတို့မပါရှိဘဲဂရန်သစ်လျှောက်ထားလာခြင်းအားကွင်းဆင်းစစ်ဆေးရာ(၂)ထပ်တိုက်(၁)လုံးရှိပြီးအိမ်ငှားဒေါ်ဝင်းဝင်းမိသားစုနေထိုင်ပါသည်။အိမ်ငှားနေထိုင်ခြင်းအတွက်ဝင်စာ-၃၉၅၄/၈-၅-၂၀၁၉ဖြင့်ပြသရာ တစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်းဝန်ခံကတိပြုတင်ပြလာပါသည်။သို့ဖြစ်ပါ၍ဒေါ်သီတာထွဋ်ပါမစ်မစုံဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာချက်

၁။ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၁)လမ်း၊အမှတ်(၁၂)တွင် (၅)ထပ်တိုက်(၂)လုံးအဆောက်အဦဆောက်လုပ်ရန် မြေရှင် ဦးမြဝင်း၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်ခင်မိုးမိုးခိုင်(LC-1143)၊ လိုင်စင်ရအင်ဂျင်နီယာ ဒေါ်ဝင်းနန္ဒာဆွေ(LS-1622)တို့ဖြင့် ဤဌာနမှ (၂၆-၅-၂၀၁၅) ရက်စွဲပါစာအမှတ်၊ ၈၄၂/၈၄၁/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ (၅)ထပ်တိုက် (၂)လုံးအား မူလလိုင်စင်ရကန်ထရိုက်တာဒေါ်ခင်မိုးမိုးခိုင်(LC-1143)အစား လိုင်စင်ရကန်ထရိုက်တာ ဒေါ်ဥမ္မာ(LC-605)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ(၂)ဦးတို့မှ ဌာနသို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၆)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်-B/10 နေ ဦးသိန်းမြင့်-ဒေါ်ခင်သက်ဝင်းတို့၏သား မောင်ချစ်ကိုကို(ခ)ကိုဘေလား ၁၄/ပသန(နိုင်)၂၅၉၆၁၂ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘနှင့် ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသိန်းမြင့်-ဒေါ်ခင်သက်ဝင်း

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ဝဲချောင်းရွာ တက္ကသိုလ်ဝင်တန်း (B)မှ မနန္ဒာခိုင်၏ ဖခင်အမည်မှန် ဦးဇော်လွင်စိုး ၁၄/ဘကလ(နိုင်)၂၉၆၇၆၂ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးသက်ဇော် ၈/မဘန(နိုင်)၀၇၉၆၇၀ ၏သား မင်းဘူးမြို့၊ (၃)ရပ်ကွက်၊ မြောက်ရပ်(အမက) တတိယတန်းမှ မောင်သူရိန်လင်းအား မောင်ဟန်ထူးသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟန်ထူးသန့်**

ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(G)မှ မဆွေယုမွန် ၅/ရဘန(နိုင်)၂၄၃၄၄၁၏ ဖခင်အမည်မှန်မှာ ဦးမွတ္တား(ခ) ဦးငွေးအောင် SBO-၁၀၉၄၈၈ ဖြစ်ပါကြောင်း။ **ဦးငွေးအောင်**

ဖခင်အမည်မှန်

ဂန့်ဂေါမြို့နယ် ရှုံးရှိ အထက တက္ကသိုလ်ဝင်တန်းမှ ကျောင်းဝင်အမှတ်(၁၂၈၇၇)မမျိုးမျိုးအေး၏ ဖခင်အမည်မှန်မှာ ဦးဟန်မြိုင် ၈/ထလန(နိုင်)၀၃၆၆၀၇ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နောင်ဘိုကျေးရွာ၊ ရေပြွန်ပိုင်းနေ ဦးသိန်းဇံ၏သမီး ဒေါ်မြင့်သိန်း၁၀/သထန(နိုင်)၀၅၈၉၆၇နှင့်ဒေါ်စန်းစန်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်မြင့်သိန်း(ခ)ဒေါ်စန်းစန်းမြင့်**

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မောင်းစမ်း(အထက)မှ မခင်နှင်းမွှေး တက္ကသိုလ်ဝင်တန်းအောင်၏ဖခင် ဦးမောင်ကြိုင်(ခ)ဦးမျိုးမောင် ၅/ဟမလ(နိုင်) ၀၇၃၄၆၉မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးမောင်ကြိုင်(ခ)ဦးမျိုးမောင်**

ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အထက (၃) တက္ကသိုလ်ဝင်တန်း (B)မှ မဥမ္မာထွေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းပို ၅/စကန (နိုင်) ၁၅၄၁၀၆ဖြစ်ပါကြောင်း။ **ဦးဝင်းပို**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/6394 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ (၁)ရပ်ကွက်၊ ဥယျာဉ်စုနေ ဦးစန်းအေး-ဒေါ်ကျင်အေး(ခ) ဒေါ်နီတွတ်တို့၏သား၊ မောင်ဝေလင်းထွန်း ၁၄/ကကထ(နိုင်) ၁၉၉၇၉၇သည် အတူနေမိဘနှစ်ပါးနှင့်ညီငယ်တို့အား ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘများဆိုဆုံးမခြင်းအားနာခံမှုမရှိခြင်း၊ မိဘများသဘောမတူသည့်ကိစ္စ ပြုလုပ်သည့်အတွက်ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ၎င်း၏တာဝန်သာ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစန်းအေး ၁၄/ကကထ(နိုင်)၁၄၁၇၂၈
ဒေါ်ကျင်အေး (ခ) ဒေါ်နီတွတ် ၁၄/ပသရ(နိုင်)၀၇၄၈၉၃

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ ဦးဝင်းသိန်း (ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ကြည်ကြည်သန်း (ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)တို့၏သား၊ မဇင်နှင်းထက် (B.E,Electronic) ၏အစ်ကို

မောင်ဖြိုးဇော်သိန်း

B.E(Electrical Power)
Sub-Assistant Engineer
Yangon Electricity Supply Corporation, Taikkyi Township

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဦးမောင်မြ (မြို့နယ်မန်နေဂျာ-ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)-(ဒေါ်စိန်ရင်) တို့၏သမီး၊ မမေသီတာဦး (B.A,English) ၏အစ်မ

မမေသန္တာဦး

B.E(Electrical Power)
Assistant Engineer
Yangon Electricity Supply Corporation, Oakkan Township

တို့၏ အမှတ် ၁၆၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်ရှိ မင်းကွန်းတိပိဋကနိကာယ ရွှေရတုခန်းမ၌ ၂၃-၆-၂၀၁၉ရက်တွင် ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများကို ဆင်မြန်းချီးမြှင့်ပေးခဲ့ပါသော ဗိုလ်ချုပ်မိုးဟိန်း(ငြိမ်း)၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး(ငြိမ်း)နှင့်ဇနီး ဒေါ်သန့်စင်မြင့်၊ မင်္ဂလာအောင်လက်ထပ် လက်စွပ်ရတနာများကို သိဒ္ဓိတင်ကာဆင်မြန်းချီးမြှင့်ပေးခဲ့ပါသော ဗိုလ်မှူးကြီးထွန်းထွန်းဆွေ(ငြိမ်း)၊ ဒါရိုက်တာအဖွဲ့ဝင်(၁)၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့်ဇနီး ဒေါ်မော်မော်အေးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်ဆွေ၊ ဆရာသမား၊ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးအသီးသီးမှ မင်္ဂလာလက်ဖွဲ့များပေးပို့ကြသည့် ဆွေမျိုးမိတ်ဆွေ၊ ဆရာသမား၊ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးဇော်သိန်း-မမေသန္တာဦး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်(ဖြည့်စွက်)ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာနိုင်ငံလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအဆိုပြုလွှာနှင့် တည်ဆောက်ရေးပစ္စည်းစာရင်း စည်းကမ်းချက်အသေးစိတ်တို့ကို ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့တွင် ၁-၇-၂၀၁၉ရက်မှ ၇-၇-၂၀၁၉ရက်ထိ တင်ဒါအဆိုပြုလွှာများကို ရောင်းချပေးမည်ဖြစ်ပါသဖြင့် ဖုန်း-၀၉-၄၅၀၅၄၂၂၀၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၁။ **တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၁၁-၇-၂၀၁၉ ရက် နံနက် ၁၀ နာရီ
၂။ **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၁-၇-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီ
၃။ **တင်ဒါအဆိုပြုလွှာစိစစ်ရွေးချယ်မည့်နေရာ** - ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့

ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ အထက ကုန်းဇောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သော မောင်ဇေယျာဝင်းနှင့် ရွာသာညွန့် (အလက-ခွဲ) စတုတ္ထတန်းမှ မောင်ဖြိုးသူဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းနိုင် ၈/ပဖန(နိုင်)၀၇၃၉၃၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ အထက ရှောက်တောကျောင်း တက္ကသိုလ်ဝင်တန်း(D)မှ မဟေမာန်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိန်မောင် ၈/ပဖန(နိုင်)၀၃၃၈၄၀ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဇလွန်မြို့၊ အထက ပျဉ်းမကုန်း၊ ၂၀၁၉ခုနှစ် တက္ကသိုလ်ဝင်တန်းမှ အ.ဇ.ပ-၁၃ ဖြင့် အောင်မြင်ခဲ့သော မောင်စည်သူဖြိုး၏ဖခင် ဦးအောင်ကျော်စိုးနှင့် ဦးကျော်လွင် ၁၄/ဇလန(နိုင်)၀၄၉၆၈၀ မှာ တစ်ဦးတည်းဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရာဇာ ၉/လဝန(နိုင်)၁၇၆၄၃၃၏ ပတ်စပို့စ်နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၅၅၁၃၀၂၅

မိခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ ကျုံကန် အထက(ခွဲ) အဋ္ဌမတန်းမှ မောင်စစ်နိုင်ဖြိုး၏မိခင်အမည်မှန်မှာ ဒေါ်စု ၁၂/ကတန(နိုင်)၁၂၄၅၇၃ ဖြစ်ပါကြောင်း။ **ဒေါ်စု**

မြေစာရင်းပုံစံ ၁၀၅/၁၀၆ ပျောက်ဆုံးကြောင်း

သံဖြူဇရပ်မြို့နယ်၊ ပဒဲင်ကျေးရွာနေ ဦးဆန်းမြင့် ၁၀/သဖရ(နိုင်)၀၁၉၂၅၇ အမည်ပေါက် ပဒိုင်ကျေးရွာကွင်းအမှတ်(၉၁၂) အကွက်(၂) ကတာင်ကွင်း ဦးပိုင်အမှတ်(၅) ဧရိယာ ၀၂၁၆ ၏ မြေစာရင်းပုံစံ ၁၀၅/၁၀၆ ပျောက်ဆုံးသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

ဦးဆန်းမြင့်

မိဘအမည်မှန်

ပေါင်မြို့၊ အထက ပေါင်ကျောင်း အဋ္ဌမတန်းမှ မိအိဖြိုးမွန်၏ မိဘအမည်မှန်မှာ ဦးဇာနီမင်း ၇/ထတပ(နိုင်)၀၅၆၃၄၇နှင့်ဒေါ်ခင်ချိုမွန် ၁၀/ပမန(နိုင်)၁၃၂၁၁၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပေါင်မြို့၊ အထက ပေါင်ကျောင်း သတ္တမတန်းမှ မလှသဇင်၏ ဖခင်အမည်မှန်မှာ ဦးလှဖုန်း ၁၀/သထန(နိုင်)၁၀၂၀၇၅ ဖြစ်ပါကြောင်း။

မိဘအမည်မှန်

ပေါင်မြို့၊ အထကပေါင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မိဆုမြတ်မွန်၏ မိဘအမည်မှန်မှာ မင်းအောင်ဆန်းဦး ၁၀/ပမန(နိုင်)၀၉၈၉၄၀နှင့် မိတင်တင်မွန် ၁၀/ပမန(နိုင်)၀၀၂၁၃၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပေါင်မြို့၊ အထက ပေါင်ကျောင်း အဋ္ဌမတန်းမှ မနွေးနွေးအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွေး ၁၀/ပမန(နိုင်)၁၁၈၈၂၅ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ပေါင်မြို့၊ အထက ပေါင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မိသွယ်သွယ်စိုး၏ မိခင်အမည်မှန်မှာ ဒေါ်စမ်းစမ်းမွန် ၁၀/ပမန(နိုင်) ၁၇၂ ၉၅၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဝန်းသိုမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မသဇင်ထွန်း၏ ဖခင်အမည်မှန်မှာ မောင်ငြိမ်း(ခ) မောင်ငြိမ်းအောင် ၅/ပလဘ(နိုင်)၀၀၀၂၅၄ ဖြစ်ပါကြောင်း။

ဝေါမြို့နယ်အသင်း(ရန်ကုန်)

သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးပွဲ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရန်နှိုးဆော်ခြင်း။

ဝေါမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးပွဲ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ ကို ၁၃၈၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁)ရက်၊ (၂၉-၉-၂၀၁၉) ရက်နေ့ (တနင်္ဂနွေနေ့) နံနက် (၈း၃၀) နာရီတွင် အသင်းတည်ရှိရာ စမ်းချောင်းမြို့နယ်၊ ကိုးထပ်ကြီးဘုရားဝင်းအတွင်းရှိ ရွှေတောင်တိုက်သစ် ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ကြောင်း အသင်းသူ/ အသင်းသားများ၊ ဝေါမြို့နယ်သူ/ ဝေါမြို့နယ်သားများအား ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်မြို့၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ဝေါမြို့နယ်ဖွား ကျောင်းသား/ကျောင်းသူများ၊ ရန်ကုန်မြို့၌နေထိုင်သူ အသက် (၇၅) နှစ်အထက်ဝေါမြို့နယ်ဖွား အဘိုး/အဘွားများ အမည်စာရင်း ကို (၁၀-၉-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ အသင်းဝင်လိုသူများ နှင့် လှူဒါန်းလိုသူများ အနေဖြင့်လည်းကောင်း၊ အောက်ဖော်ပြပါ အမှုဆောင်များထံဆက်သွယ်စာရင်း ပေးပို့လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်လှူဒါန်းရန် -
ဦးဝေလင်း (၀၉-၇၇၅၅၀၂၉၁၀)၊ ဦးမြင့်လွင် (၀၉-၅၀၆၅၇၆၂)၊ ဦးရင်ထွေး (၀၉-၅၀၂၆၁၁၅)၊ ဦးစိုးဝင်း(၀၉-၅၁၅၂၃၄၀)၊ ဦးခင်ဇော်ဦး(၀၉-၇၉၉၉၈၆၈၅၁၁)၊ ဒေါ်တင်တင်ဦး(၀၉-၅၄၀၇၈၈၇)

အမှုဆောင်အဖွဲ့၊ ဝေါမြို့နယ်အသင်း (ရန်ကုန်)
ရွှေတောင်တိုက်သစ်၊ ပရိယတ္တိစာသင်တိုက်၊ ဗားကရာတိုက်၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

MiCo Group of Companies တွင်

ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်ဒေသများတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) **Marketing Manager** (ကျား/မ) (၁)ဦး ရန်ကုန်
- (က) လုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့်အထက် အိမ်ထောင်မရှိသူဖြစ်ရမည်။
- (ခ) ကွန်ပျူတာ Word/Excel ကျွမ်းကျင်ပြီး Internet & Email အသုံးပြုနိုင်သူဖြစ်ရပါမည်။
- (ဂ) အင်္ဂလိပ်စကားပြောနိုင်ရမည်။ မြန်မာပြည်အနှံ့ ခရီးသွားနိုင်ရမည်။

(၂) **Finance Manager** (ကျား/မ) (၁)ဦး ရန်ကုန်
- (က) လုပ်ငန်းအတွေ့အကြုံ ၃နှစ်နှင့်အထက် Management Level အတွေ့အကြုံရှိရမည်။
- (ခ) Bachelor's Degree in Finance/Accounting Field and CPA,ACCA ရှိရပါမည်။
- (ဂ) Computer, Internet & Email အသုံးပြုနိုင်ရပါမည်။ ၃လတစ်ကြိမ် ခရီးထွက်နိုင်ရမည်။

(၃) **Hotel Manager** (ကျား/မ) (၂)ဦး ရန်ကုန်/ပြင်ဦးလွင်
- (က) Hotel တာဝန်ခံအဖြစ် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့်အထက်ရှိရမည်။
- (ခ) ကွန်ပျူတာအခြေခံနားလည်ပြီး Internet & Email အသုံးပြုနိုင်ရမည်။
- (ဂ) အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူ ဦးစားပေးခန့်ထားပါမည်။

(၄) **Sale Executive** (ကျား/မ) (၆)ဦး ရန်ကုန်/မန္တလေး
- (က) အရောင်းဝါသနာပါသူဖြစ်ပြီး နေရာဒေသမရွေး ခရီးသွားလာနိုင်ရမည်။
- (ခ) အိမ်ထောင်မရှိသူ လူလွတ်ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၂)နှစ် အနည်းဆုံးရှိရမည်။

လျှောက်ထားရန် -
Email : mico.tmy@gmail.com
Yangon : 291, Sat Mhu 5th St, Tar Mwe Tsp.01-430916, 09-5141086, 09-788817862
Mandalay : Ya-1/159, 73rd Road, Pyigyi Ta Khon , 02-80181,09-896800559, 09-979442166

AWS(Myanmar)Co.,Ltd. နှင့် လုပ်ငန်းဆက်စပ်၊ ပတ်သက်သူများအား မေတ္တာရပ်ခံချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ သီရိရတနာဈေးဝင်း၊ အခန်းအမှတ်(K-17/18)တွင် တည်ရှိသော AWS(Myanmar)Co.,Ltd. ၏ ဒါရိုက်တာအဖွဲ့မှ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

AWS(Myanmar)Co.,Ltd. နှင့် လုပ်ငန်းကိစ္စများ လုပ်ကိုင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနအကြီးအကဲမှ တရားဝင် တာဝန်ပေးထားသော ဝန်ထမ်းများ ဟုတ်/မဟုတ် သေချာစွာစိစစ်ပြီးမှ ဆောင်ရွက်ကြပါရန်နှင့် လိုအပ်ပါက ကုမ္ပဏီသို့ တိုက်ရိုက်ဆက်သွယ်၍ အတည်ပြုချက်ရယူပြီးမှသာ လုပ်ငန်းများအား စိတ်ချလက်ချဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မေတ္တာရပ်ခံချက်အတိုင်း ဆောင်ရွက်ခြင်းမရှိ၍ တစ်စုံတစ်ရာ နစ်နာဆုံးရှုံးခဲ့ပါက ကုမ္ပဏီအနေဖြင့် ဖြေရှင်းပေးခြင်း ပြုလုပ်မည်မဟုတ်ပါကြောင်း အသိပေးကြေညာပါသည်။

ကုမ္ပဏီမှ တရားဝင် တာဝန်ပေးအပ်ထားခြင်းမရှိဘဲ ကုမ္ပဏီအမည်အား အလွဲသုံးစားပြု၍ လုပ်ငန်းဆောင်ရွက်သူများရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူတရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ထွန်းမင်း
(B.Sc;H.G.P,Dip in Business Law)
အထက်တန်းရှေ့နေ (စဉ်-၁၉၂၈၁)
AWS(Myanmar)Co.,Ltd. ၏ ဥပဒေအကြံပေး

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြရပ်ကွက်၊ ဘားလားစံပြကျေးရွာသစ်၊ ကွင်းအမှတ်(၄၉၅-အေ)အတွင်းမှ-

မြေကွက်အမှတ်(၅၁၄) ဧရိယာ(၁၀၀ ပေ x ၁၂၀ ပေ)ရှိသည့် ဦးသောင်းကြည်(အိုင်ချ်ဂျီယူ-၀၃၃၁၁၇)အမည်ပေါက်မြေကွက် နှင့်

မြေကွက်အမှတ်(၇၃၅)၊ ဧရိယာ(၁၀၀ ပေ x ၁၂၀ ပေ)ရှိသည့် ဦးတင်အမည်ပေါက်မြေကွက်တို့ကို

အရောင်းအဝယ်ကတိစာချုပ်အရ ပိုင်ဆိုင်ထားသူ ဦးနိုင်ဝင်းအောင်(၁၂/ဥကမ(နိုင်)၁၈၁၇၅၀)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းရှင်းစွာ လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသောင်းထွန်းဝင်း(၁၂/ဗဟန(နိုင်)၀၀၃၁၀၈)ကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနိုင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄)
Ph-09-4200 73685

အမှတ်(၅၀) ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖခင်အမည်မှန်

မှန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်(ရွာသစ်)နေ ဒေါ်အေးသိန်း၏တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်တွင် ဖခင်အမည်မှာ ဦးစာဟွေးဖြစ်နေပါသဖြင့် အမည်မှန်မှာ ဦးစံဟွေး၁၀/ရမန(နိုင်)၀၅၂၆၃၂ ဖြစ်ပါကြောင်း။

ဦးစံဟွေး

ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ နော်ဆေးဝါး၏ ဖခင်အမည်မှန်မှာ ဦးဒွေကွေ့ ၁၀/သထန(နိုင်)၂၀၆၃၃၁ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း(F)မှ မစန္ဒာခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းမော် ၁၀/ဘလန(နိုင်)၁၂၆၆၈၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ပညာဘဏ် ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(A_1)မှ မောင်ယုလီ(ခ)ဂျော်စီ၏ ဖခင်အမည်မှန်မှာ ဦးအားခီ ၁/မကန(နိုင်)၀၀၅၂၂၁ ဖြစ်ပါကြောင်း။

အမည်မှန်

ဦးငွါးဆီး၏သား မြစ်ကြီးနားမြို့၊ ပညာဘဏ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(B_8)မှ မောင်လာတာ၏ အမည်မှန်မှာ မောင်ငွါးတား ဖြစ်ပါကြောင်း။

အမည်မှန်

ဦးလာယွန်း၏သမီး မြစ်ကြီးနားမြို့၊ အထက(၉) နဝမတန်း(A_1)မှ မအိပုံ(ခ)လုထွယ်၏ အမည်မှန်မှာ မလုထွယ် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဝိုင်းမော်မြို့နယ်၊ အထက(ခွဲ)စန်းကား၊ အဋ္ဌမတန်းမှ မနော်ဆာနာနှင့် ဆဋ္ဌမတန်းမှ မောင်နော်ဆာဒီးတို့၏ ဖခင်အမည်မှန်မှာ ဦးအားခီ ၁/ဆလန(နိုင်)၀၀၂၂၁၇ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

သထုံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(F)မှ မမေမြတ်သင်း၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးခင် ၁၀/သထန(နိုင်)၁၆၃၄၅၈ ဖြစ်ပါကြောင်း။ **ဒေါ်အေးအေးခင်**

မိဘအမည်မှန်

ကော့ကရိတ်မြို့၊ အထက တောင်ကြာအင်းကျောင်း(Grade-6)မှ မန်းတင်ငွေအောင်၏ မိဘအမည်မှန်မှာ မန်းခွန်ဆာ ၃/ကကရ(နိုင်)၁၃၅၅၇၂ နှင့် နန်းဝင်းဇာခြည် ၃/ကကရ(နိုင်)၂၂၁၄၉၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကော့ကရိတ်မြို့၊ အထက တောင်ကြာအင်းကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းစပယ်ခိုင်၏ဖခင် ဦးတင်မြင့်၏ အမည်မှန်မှာ ဦးအောင်နိုင်ဦး ၃/ကကရ(နိုင်)၂၅၈၂၇၅ ဖြစ်ပါကြောင်း။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၉၆၆နေ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဒေါ်နီလာမြင့် ၁၂/ဥကတ(နိုင်)၁၃၉၅၁၁၊ ဒေါ်ဥမ္မာမြင့် ၁၂/ ဥကတ(နိုင်)၁၂၅၇၇၄တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၉၆၆ တည်ရှိရာ မြေအကျယ်အဝန်း(ပေ၄၀ X ပေ ၆၀)ရှိသော မြေကွက်နှင့် အိမ်တို့နှင့်စပ်လျဉ်းပြီး ကျွန်ုပ်မိတ်ဆွေများက ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၅၅၈/၂၀၁၈ ဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၄၂အရ တောင်ဥက္ကလာပမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၄၅/၂၀၁၄တွင် (၂၁-၁-၂၀၁၈)ရက်က ချမှတ်သော စီရင်ချက်နှင့် ဒီကရီသည် တရားလိုများအပေါ် စည်းနှောင်အားမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို စွဲဆိုထားသဖြင့် အဆိုပါအမှုမပြီးဆုံးမီအတောအတွင်း အထက်ပါမြေနှင့် အိမ်ကို မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ပြုလုပ်လာပါက ပြုလုပ်သူတို့၏တာဝန်သာ ဖြစ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်နီလာမြင့်
၁၂/ဥကတ(နိုင်)၁၃၉၅၁၁
ဒေါ်ဥမ္မာမြင့်
၁၂/ဥကတ(နိုင်)၁၂၅၇၇၄

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှမြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၂)
အမှတ်(၁၆၁/A3)၊ မြေညီထပ်
ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၅၀၆၅

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၃/၁-ခ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် ၁၀၇၊ မြေဧရိယာ ၀ဒသမ ၂၉၇၈ကေရှိ မြေကွက်အား ဒေါ်ခန်းမာလု ၁/မကန(နိုင်)၁၀၄၇၁၉ အမည်ဖြင့် အမှုတွဲအမှတ် ၂၅၂/V(၁၉၉၆-၁၉၉၇)အရ (၁၅-၁-၂၀၁၃)ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိထားပြီး ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဦးပိုင်အမှတ် ၁၀၇ အား (၁၀၇/က)နှင့် (၁၀၇/ခ)ဟူ၍ ခွဲထွက်ပြီး အမှုတွဲအမှတ် ၈၀၀(၃)/(၂၀၀၄-၂၀၀၅)အရ (၃-၉-၂၀၀၄)ရက်မှ(၂-၉-၂၀၁၄)ရက်အထိ ဦးယော်ယိန်းအမည်ဖြင့် မြေငှားဂရန်ထွက်ရှိခဲ့ပြီး ကျန်ရှိသည့် ဦးပိုင်အမှတ်(၁၀၇/က)အား ဒေါ်ခန်းမာလု အမည်ဖြင့် ဦးပိုင်ခွဲ/ဧရိယာလျှော့လျှောက်ထားရန်အတွက်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် (၁-က)ရေးသွင်းထားမှုမရှိသဖြင့် (၁-က)ရေးသွင်းစေပြီး မြေငှားဂရန် ဦးပိုင်ခွဲ/ဧရိယာလျှော့ လျှောက်ထားခွင့်ပြုနိုင်ပါရန် ဦးလထွယ်မှ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
လက်ကိုင်ဖုန်းဟန်းဆက်(Handset)များအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချစေရေးကိစ္စ

* ပြည်တွင်းအခွန်များဦးစီးဌာနသည် လက်ကိုင်ဖုန်းဟန်းဆက်(Handset) များနှင့် ဆက်စပ်ပစ္စည်းများရောင်းချသည့် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်းလုပ်ငန်းစဉ်ကို ၁-၆-၂၀၁၉ရက်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။
* ၃၀-၅-၂၀၁၉ရက်တွင် ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်-၄၆၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော ညှိနှိုင်းအစည်းအဝေးတွင် လက်ကိုင်ဖုန်းလုပ်ငန်းရှင်များအသင်း၏ တင်ပြချက်အရ ၁-၇-၂၀၁၉ ရက်မှစ၍ လက်ကိုင်ဖုန်းဟန်းဆက်(Handset)များအပေါ်တွင် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
* လက်ကိုင်ဖုန်းဟန်းဆက်များအား တင်သွင်းရောင်းချသူ/ဖြန့်ချိသူများမှ အမှန်တကယ်သုံးစွဲသူများထံသို့ ရောင်းချသည့်ဈေးနှုန်းအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသည့် အခွန်အမှတ်တံဆိပ်များအား လက်ကိုင်ဖုန်းဟန်းဆက်များအပေါ်တွင် အပြည့်အဝကပ်နှိပ်ရောင်းချခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
* သို့ပါ၍ လက်ကိုင်ဖုန်းဟန်းဆက်တင်သွင်းရောင်းချသူ/ဖြန့်ချိသူ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့တင်သွင်း/ဖြန့်ချိရောင်းချမည့်လက်ကိုင်ဖုန်းဟန်းဆက်များအပေါ်တွင် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသောအခွန်အမှတ်တံဆိပ်များကိုအပြည့်အဝ(မပျက်မကွက်) ကပ်နှိပ်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။
* လက်လီရောင်းချသော လက်ကိုင်ဖုန်းဟန်းဆက်အရောင်းဆိုင်များအနေဖြင့်လည်း မိမိတို့ဆိုင်တွင် ရောင်းချမည့်လက်ကိုင်ဖုန်းဟန်းဆက်များအပေါ်တွင် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ အပြည့်အဝ ကပ်နှိပ်ထားခြင်းမရှိသော လက်ကိုင်ဖုန်းဟန်းဆက်များအား ရောင်းချခြင်းမပြုကြရန် ဖြစ်ပါသည်။
* ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များအပြည့်အဝကပ်နှိပ်ထားခြင်းမရှိသော လက်ကိုင်ဖုန်းဟန်းဆက်များအား ရောင်းချကြောင်း စိစစ်တွေ့ရှိပါက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများအရလည်းကောင်း၊ အကောက်ခွန်ဥပဒေများအရလည်းကောင်း အရေးယူသွားမည်ဖြစ်ပါသည်။
* လက်ကိုင်ဖုန်းဟန်းဆက်ဝယ်ယူအသုံးပြုမည့် ပြည်သူများအနေဖြင့်လည်း မိမိဝယ်ယူမည့် လက်ကိုင်ဖုန်းဟန်းဆက်များအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များအပြည့်အဝ (မပျက်မကွက်) ကပ်နှိပ်ထားခြင်းမရှိသော လက်ကိုင်ဖုန်းဟန်းဆက်များအား ဝယ်ယူခြင်းမပြုကြပါရန် အသိပေးအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ပုသိမ်မြို့၊ ယခင်အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း
(ပိုးကရင်ကျောင်း)
(၁၉၆၂-၁၉၉၁) ကျောင်းသား/သူ ဟောင်းများ၏
ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

၁၉၆၂-၁၉၉၁ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ၂၈ရက် (စနေနေ့) မွန်းတည့် ၁၂:၀၀ နာရီတွင် အောင်ဆန်းခန်းမ အထက(ခွဲ) လ-၂ (ယခင်ပိုးကရင်အထက်တန်းကျောင်း) မင်းကြီးလမ်း ပုသိမ်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများမှ မိမိတို့၏ ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့နိုင်ရန် အောက်ပါကျောင်းသား၊ ကျောင်းသူများထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဒေါက်တာမောင်မောင်သန်း	**ဦးဝင်းကြည် (ဦးအကောက်)**
ဖုန်း-၀၉-၅၂၀၃၂၅၀	**ဖုန်း-၀၉-၄၅၁၂၃၁၀၅၀**
ဦးကျင်ဆိုင်(သစ်ဆန်း-ဆောက်လုပ်ရေး)	**ဦးအောင်မြင့် (ရွှေမြင့်မိုရ်)**
ဖုန်း-၀၉-၇၉၈၅၈၃၁၁၁	**ဖုန်း-၀၉-၇၆၇၀၉၃၃၇၈**
ဦးကိုကို	**ဦးသက်လှိုင်**
ဖုန်း-၀၉-၇၈၂၁၃၆၀၀၃	**ဖုန်း-၀၉-၄၅၁၂၃၅၀၆၃**
ဒေါက်တာသန့်ဇင်(ရန်ကုန်)	**ဒေါ်ကျင်အေး**
ဖုန်း-၀၉-၅၁၉၆၁၀၆	**ဖုန်း-၀၉-၄၂၃၅၃၉၂၆၆**
ဒေါ်ခင်သန်းမြင့်(ရန်ကုန်)	**ဦးရဲထွဋ်**
ဖုန်း-၀၁-၂၄၃၇၈၉	**ဖုန်း-၀၉-၂၅၄၂၉၁၃၄**

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သံလမ်း၊ ကျောင်းကုန်း(၃)လမ်း၊ (၄)လွှာ၊ အမှတ် ၈၂၁/ဘီ နေ ဦးရှိန်း(ဘ)ဦးကိုကိုနိုင် ၁၂/ဥကမ(နိုင်)၂၁၆၃၇၈ သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၄/၂၀၄၃၇/၂၀၁၉ဖြင့် ၂၄-၅-၂၀၁၉ရက်တွင် တစ်ဦးတည်းမူပိုင်အမှတ် တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

LEGENDARY BURMA

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြု၍ ယောကျ်ားဝတ်အမျိုးမျိုး၊ မိန်းမဝတ်အမျိုးမျိုး၊ ကလေးဝတ်အမျိုးမျိုးနှင့်အဝတ်အထည်အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ချိ၊ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါတံဆိပ်အမည်အမှတ်အသားကို မူရင်းအတိုင်းသော်လည်းကောင်း၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးသော်လည်းကောင်း၊ ပြောင်းလဲ၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ ပဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာ ဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet, E-mail, Website, Facebook လူမှုကွန်ရက်အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားပြုလုပ်၍ဖြစ်စေ၊ မမှန်မကန် တုပသုံးစွဲနေခြင်းမပြုလုပ်ကြပါရန်နှင့်အကယ်၍ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိမ့်ဇာဦး(စဉ်-၃၄၇၈၂)အထက်တန်းရှေ့နေ
အမှတ် ၁၁၂၈၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၀၄၈

မွေးသက္ကရာဇ်အမှန်
ဝါးခယ်မမြို့နယ် မူလွန် (ဆင်ကူး-၂) သတ္တမတန်းမှ မောင်အောင်မျိုးဆွေ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၆-၇-၂၀၀၆) နှစ်ထောင့်ခြောက်ခုနှစ် ဇူလိုင်လတစ်ဆယ့်ခြောက်ရက် ဖြစ်ပါကြောင်း။

မိခင်အမည်မှန်
ဝါးခယ်မမြို့နယ်၊ အထက(ခွဲ) အလက(၁)အဌမတန်းမှ မဟန်နီစိုး၏ မိခင်အမည်မှန်မှာ ဒေါ်ထွေးလှ ၁၄/ဝခမ(နိုင်)၀၁၉၅၇၄ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း
အင်္ဂပူမြို့နယ်၊ ဝက်သေကျေးရွာအုပ်စု၊ ဇီးပင်ကွင်း(အနောက်)ကျေးရွာနေ ဦးတင်စိုး၏သား ဦးညိုဝင်းနှင့် ဦးညွှန့်ဝင်း ၁၄/အဂပ(နိုင်)၀၃၅၅၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးညိုဝင်း(ခ)ဦးညွှန့်ဝင်း

ဖခင်အမည်မှန်
အင်္ဂပူမြို့နယ်၊ ထူးကြီး (အထက) တက္ကသိုလ်ဝင်တန်းမှ မသိမ့်သိမ့်၏ ဖခင်အမည်မှန်မှာ ဦးရဲဇော်လတ် ၁၄/အဂပ(နိုင်)၁၆၆၆၂၈ ဖြစ်ပါကြောင်း။
ဦးရဲဇော်လတ်

ဖခင်အမည်မှန်
ရန်ကုန်မြို့၊ အထက(၁)စမ်းချောင်း၊ အဌမတန်းမှ မောင်နေပိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးထွန်း ၁၂/ရပသ(နိုင်)၀၄၅၂၁၄ ဖြစ်ပါကြောင်း။ **ဦးကျော်မျိုးထွန်း**

ဖခင်အမည်မှန်
အင်္ဂပူမြို့နယ်၊ မှန်ကုန်း(အထက) တက္ကသိုလ်ဝင်တန်းမှ မောင်ရှိုင်းမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးမင်း ၁၄/အဂပ(နိုင်)၂၀၆၇၄၆ ဖြစ်ပါကြောင်း။ **ဦးကျော်စိုးမင်း**

ဖခင်အမည်မှန်
မုဒုံမြို့၊ အလက(ခွဲ)ဒုံကနီ၊ အဌမတန်းမှ မသိန်းအေးလှိုင်၏ဖခင်အမည်မှန်မှာ ဦးမောင်ဆန်း ၁၀/မဒန(နိုင်)၀၅၂၇၄၀ ဖြစ်ပါကြောင်း။
ဦးမောင်ဆန်း

အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဒေါနလမ်း၊ အမှတ်(၂)တွင်နေထိုင်ခဲ့သော ကွယ်လွန်သူဒေါက်တာဒေါ်မြသင်၏ သေတမ်းစာ အတည်ပြုလက်မှတ်စာရရှိသူ ဒေါ်ခင်မာစီ သည် အင်းစိန်မြို့နယ်၊ မြေတိုင်းအမှတ် ၃၉၉/က၊ အကွက်အမှတ် ၆၄၊ ရွာမအရှေ့ရပ်ကွက်၊ ဖော့ကန်၊ မြေအမျိုးအစား လ/န-၃(ခ)၊ မြေပိုင်မြေ၊ မြေအကျယ်(၁၀ဒသမ၁၀)ဧကနှင့် အင်းစိန်မြို့နယ်၊ မြေတိုင်းအမှတ် ၃၉၉/က၊ အကွက်အမှတ် ၆၅၊ ရွာမအရှေ့ရပ်ကွက်၊ ဖော့ကန်၊ မြေအမျိုးအစား လ/န-၃(ခ)၊ မြေပိုင်မြေ မြေအကျယ် ၁၀ ဒသမ ၉၄ ဧက၊ နှစ်ကွက်ပေါင်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၏ ၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၄၊ ထုံးပုံကျအပြီးသတ်အမိန့်၊ အမွေဆက်ခံခြင်း ဥပဒေပုဒ်မ-၂၀၇အရ တရားဝင်မွေဆက်ခံစီမံခန့်ခွဲ ဆောင်ရွက်လုပ်ကိုင်ခွင့်ရရှိသူဖြစ်၍ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထား ခြင်း၊ မေတ္တာနှင့်ပေးကမ်းထားခြင်းတို့မရှိသည့်အပြင် အထက်ပါမြေကွက်(၂)ကွက်ပေါ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်၍ နေအိမ်ဆောက်လုပ်ခြင်းများမပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ အထက်ပါမြေကွက်ပေါ်တွင် ကျူးကျော်၍ နေအိမ်ဆောက်လုပ်ခြင်းများပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆိုသွား မည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေစီမံခန့်ခွဲခွင့်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာစာမှတ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာစီထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်ခင်မာစီ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမင်းသက် (တရားလွှတ်တော်ရှေ့နေ) စဉ်-၁၂၄၅၂ (၂၇-၄-၂၀၁၇)
အမှတ် ၂၂၆/ခ၊ မင်းရဲကျော်စွာ(၈)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၀၁၀၇၇၁၁၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃ (သမိုင်း)၊ မြေကွက်အမှတ် (၅/စ၉)၊ အိမ်အမှတ်(5D)၊ မြေဧရိယာ ၀ ဒသမ ၄၉၉ ဧကရှိ မြေကွက်မှ အနောက်ဘက်အစိတ်အပိုင်းဖြစ်သော အေအမှတ် (၆) မြေဧရိယာ ၀ ဒသမ ၂၅ ဧက၊ အလျား(၆၀)ပေ၊ အနံ(၁၈၅) ပေရှိ မြေကွက်နှင့်အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အား လက်ရှိပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလင်ထိုက်ကျိန်(ခ)ဦးကျော်မောင် ၁၂/လမန(နိုင်)၁၁၈၉၂၃ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းချသည့် မြေကွက်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ရဲမင်းသူ LL.B အထက်တန်းရှေ့နေ (စဉ်-၄၇၉၇၃)
အမှတ်-၂၃၁၊ ၄-ဘီ၊ သမိုင်းဘူတာရုံလမ်း၊ (၂)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၂၁၅၆၀၀၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ လူနေရပ်ကွက်အမှတ် ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၃၀၀၊ အရပ်ခေါ်အမှတ် (၃၀၀)၊ အနော်ရထာလမ်း၊ ရွှေပေါက်ကံ(၂၀)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ အကျယ်အဝန်း(ပေ၄၀×ပေ၆၀)၊ (၂၄၀၀)စတုရန်းပေရှိ ဦးခင်မောင် ၁၂/လကန(နိုင်)၀၁၃၀၆၉ အမည်ပေါက် နှစ်၆၀ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဂျာနော် ၁/ဝမန(နိုင်)၀၃၈၀၀၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စိုးက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၀ရက်အတွင်း တိကျ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးကျော်မျိုးထွန်း LL.B,WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၇၁)
အမှတ် ၂၄၉/ဂ၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၁၀၆၀၆၆၄

ဖခင်အမည်မှန်

ဒီးမော့ဆိုမြို့နယ်၊ အထက (ဒေါ်ဆွေး)၊ ၂၀၁၈-၂၀၁၉ ပညာသင် နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင် ခဲ့သော မကိုးမယ်၏ ဖခင်အမည်မှန်မှာ ဦးကျေးရယ် ၂/ဒမဆ(နိုင်)၀၁၇၂၆၆ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၄ယ/၇၅၆၂ ဟွန်ဒါ ယာဉ်လက်ဝယ်ရှိသူ ဦးစိုး ဝင်းထွဋ် ၁၃/တကန(နိုင်)၂၄၄၂၉၁ က (ကဖ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/4358 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/3069 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ရူပလမ်း၊ အမှတ်(၈/၃၇)၊ ပထမထပ်(၂-လွှာ)ရှိ တိုက်ခန်းအား တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဦးမောင်သန်း ISN-551216 မှ ကျွန်မ ဒေါ်အေး ယုသန္တာ ၇/အဖန(ပြု)၀၀၀၀၂၁ အား ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်မမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက် စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်- အမှတ် (၁၂/၈၁)၊ မြေညီထပ်၊ စံချိန်သစ်လမ်း၊
(င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၉၆၆၄၇၀၀၀၀၊ ၀၉-၄၂၃၄၅၀၀၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၉၊ မြေကွက်အမှတ် ၁၉၈၊ မြေကွက်တည်နေရာအမှတ် (၁၉၈)၊ (၈၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒေါ်ခိုင် သဇင် ၁၂/သကတ(နိုင်)၁၄၈၃၄၃ အမည်ပေါက်ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဒေါ်ခိုင် သဇင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ၃-၃-၂၀၁၁ ရက်တွင် ဒေါ်ရန်ယုံလီ ၁၃/လရန(နိုင်)၁၀၆၅၇၄ မှ ဝယ်ယူ၍လည်းကောင်း၊ ဒေါ်ရန်ယုံလီထံမှ အရပ်ကတိစာချုပ်ဖြင့် ၃-၄-၂၀၁၉ ရက်တွင် R.OASIS LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၉၁၈၅၅၄၁၈)မှ ဝယ်ယူ၍ R.OASIS LIMITED ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးအေးမြင့် ၁၂/မဂတ(နိုင်)၀၄၅၅၀၀ မှ ပါမစ် မူရင်း၊ စာချုပ်တို့တင်ပြ၍ နှစ်၆၀မြေငှားဂရန်လျှောက်ထားလာခြင်းဖြစ်ပါသည်။ တင်ပြပါမစ် မူရင်းတွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများစာရင်းစာရွက်တွင် မြေနေရာချထားပေးခံရသူ၏ လက်မှတ်မပါရှိခြင်းအား ရှင်းရန်အတွက် အကြောင်းကြားခဲ့ရာ ပါမစ်တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း စာရွက်တွင် မြေနေရာချထားပေးခံရသူ ဒေါ်ခိုင်သဇင်၏လက်မှတ်များမပါရှိကြောင်းကို ဌာနမှ အကြောင်းကြားမှ သိရှိခဲ့ကြောင်း ဝယ်ယူစဉ်ကတည်းက ပါမစ်တွင်မြေနေရာချထားပေးခံရသူ ဒေါ်ခိုင်သဇင်လက်မှတ် မပါခြင်းဖြစ်ကြောင်း အဆိုပါမြေကွက်အား လက်ရောက်ရရှိပြီး ပါမစ် မူရင်းမှာလည်း လက်ဝယ်ရှိပါသဖြင့် ဖြစ်ပေါ်လာမည့်ကိစ္စအဝဝကို တာဝန်ယူကြောင်း မင်္ဂလာ တောင်ညွန့်မြို့နယ် ကျမ်းသစ္စာပေးသူအရာရှိရှေ့မှောက်၌ ကျမ်းကျိန်ဆိုခဲ့သော ကျမ်းကိုန်လွှာ အမှတ် ၅/၂၄၆၅(၂၄-၅-၂၀၁၉)ပူးတွဲ၍ ဝင်စာဖြင့် ဝန်ခံကတိပြု ရှင်းလင်းတင်ပြလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် (၄၀'×၆၀')ရှိပြီး ကျောက်တိုင်ဆူးကြိုးကာရံထားပါသည်။ သို့ဖြစ်ပါ၍ ပါမစ်မြေအမည်ပါ ဒေါ်ခိုင်သဇင်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ R.OASIS LIMITED ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးအေးမြင့်မှ ပါမစ်မူရင်း (အိမ်ရာ ဆောက်လုပ်ခွင့်နှင့် မှီခိုသူများစာရင်းစာရွက်တွင် မြေနေရာချထားပေးခံရသူ လက်မှတ်မပါပါ) တင်ပြ၍ နှစ် ၆၀မြေငှားဂရန်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈E၊ မြေကွက်အမှတ် ၁၁၄/၁၄E၊ မြေကွက်တည်နေရာအမှတ် ၂၆၅၊ ပြည်လမ်းနှင့် ဗားကရာလမ်း ထောင့်၊ ကျွန်းတော/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် ဦးမောင်မောင်အမည် ပေါက် မြေပိုင်မြေကွက်အား ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၁၉၂/၃-၄-၁၉၈၄ ဖြင့် ဒေါ်သန်းရီမှ ပိုင်ဆိုင်ခဲ့ပြီး ၄င်းထံမှ ယင်းမြေကွက်၏ တရားဝင်မခွဲစိတ် ရသေးသည့် မြေကွက်၏ အနောက်တောင်ဘက်ခြမ်းအား အပိုင်ပေးစာချုပ်အမှတ် ၄၀၈/၃-၃-၁၉၉၅ ဖြင့် ဦးကြီးမောင်၊ ဒေါ်ခင်မိတို့မှ လက်ခံရရှိပြီး ဦးကြီးမောင် ကွယ်လွန်၍ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၆၁၁၇/၁-၁၀-၂၀၁၄ ဖြင့် ဒေါ်ခင်မိမှရရှိခဲ့ပြီး၊ (မိခင်)ဒေါ်ခင်မိသည် ၅-၄-၂၀၁၇ ရက်၊ (ဖခင်)ဦးကြီးမောင် သည် ၂၀-၂-၁၉၈၈ ရက်တွင် ကွယ်လွန်သဖြင့် ၄င်းတို့သားသမီးများဖြစ်သော (၁)ဒေါ်ခင်မြင့်မြင့် ၁၂/ကမတ(နိုင်)၀၁၇၈၂၈၊ (၂)ဒေါ်ခင်ခင်ကြီး ၁၂/ဥကတ(နိုင်) ၁၁၄၁၆၅၊ (၃)ဦးသန်းဇော် ၁၂/စခန(နိုင်)၀၂၅၅၄၃၊ (၄)ဒေါ်ချိုချိုဝင်း ၁၂/ စခန(နိုင်)၀၂၅၉၁၆၊ (၅)ဒေါ်တင်တင်နွဲ့ ၁၂/စခန(နိုင်)၀၂၅၉၃၆၊ (၆) ဒေါ်အေး မြင့်ကြူ ၁၂/စခန(နိုင်)၀၂၅၅၅၀ တို့မှ သားသမီးများတော်စပ်ကြောင်း၊ ၄င်းတို့မှ လွဲ၍ အခြားအမွေစားအမွေခံသားသမီးများမရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၏ ၁၄-၉-၂၀၁၈ ရက်တွင်ပြုလုပ်သော ကျမ်းကျိန်လွှာအမှတ်စဉ် (၉/၁၀၅၄)၊ ကျမ်းကျိန်လွှာနှင့် မြေကွက်၏အရှေ့မြောက်ဘက်ခြမ်းအား (မိခင်) ဒေါ်သန်းရီသည် ၂၆-၈-၂၀၀၁ရက်၊ (ဖခင်)ဦးမောင်မောင်သည် ၈-၁၁-၁၉၈၁ ရက်တွင်လည်းကောင်း၊ ၄င်းတို့၏သားသမီး(၅)ဦးအနက် ဦးလှပြုံးသည် ၂၀-၁၀- ၂၀၁၃ ရက်တွင် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဒေါ်မြင့်မြင့်သည် ၆-၁၀- ၂၀၁၀ ရက်တွင် အပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဦးသန်းညွန့်သည် ၂၀-၆- ၁၉၉၈ ရက်တွင် အသီးသီးကွယ်လွန်သဖြင့် ဦးသန်းညွန့်နှင့် ဇနီးဒေါ်ငြိမ်းတင် တို့မှမွေးဖွားသော တစ်ဦးတည်းသောအမွေမမီမြေး ဒေါ်ဇင်မာသူ ၁၂/စခန (နိုင်)၀၆၁၇၁၉ နှင့် ကျန်သားသမီးများဖြစ်သော ဦးအောင်ခင် ၁၂/ကမတ(နိုင်) ၀၄၇၈၉၀၊ ဒေါ်ခင်ထွေးမြင့် ၁၂/ကမတ(နိုင်)၀၃၂၁၅၈ တို့မှ သားသမီးမြေး တော်စပ်ကြောင်း ၄င်းတို့မှလွဲ၍ အခြားအမွေစားအမွေခံသားသမီးများမရှိကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ၂၈-၁၂-၂၀၁၈ ရက်တွင် ပြုလုပ်သော ကျမ်းကျိန်လွှာအမှတ်စဉ် (၁၂/၂၄၄၂)၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ပိုင်ဆိုင်ကြောင်းစာချုပ်၊ အပိုင်ပေးစာချုပ်တို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

တာချီလိတ်မြို့နယ် ဥပဒေအရာရှိ ဒေါက်တာဖေယုကို၏ ဖခင် ဦးဝင်းကို အသက် (၇၁)နှစ်သည် ၂၂-၆-၂၀၁၉ ရက် တွင် အလ္လာအဿုဉ်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရ သဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရှမ်းပြည်နယ်ဥပဒေချုပ်နှင့်
ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးရှိ ဥပဒေအရာရှိများ

ဦးမောင်မြင့်

လ/ထမန်နေဂျာ (စာရင်း)၊ ကပရ (ငြိမ်း)
အသက်(၆၉)နှစ်

မိတ္ထီလာမြို့၊ ပြည်သာယာ(တောင်)ရပ်ကွက်၊ (၄)လမ်းနှင့် (၅)လမ်း ကြားနေ ဦးဖြိုးဝေမြင့်-မနုနုဝင်း(Highland Prize Co., Ltd) နှင့် ဦးဇင်ဘိုမင်း (ကက.၃- Myanmar Digital News) - ဒေါ်ဖြိုးစန္ဒာမြင့် (စာတည်း- Myanmar Digital News) တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ ဒေါ်ခင်မမ ရုံးအုပ်၊ ကပရ (ငြိမ်း) ၏ ခင်ပွန်းသည် ၂၄-၆-၂၀၁၉ ရက်(တနင်္လာနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေး/ရပ်နီးမှ မိတ်ဆွေများအား အကြောင်း ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

"အင်္ဂလိပ်စာ ဘာသာပြန်ဆိုနိုင်သူတစ်ဦး အလိုရှိသည်"

အင်္ဂလိပ်-မြန်မာ ရုံးသုံးဘာသာ ပြန်ဆိုနိုင်၍ ကွန်ပျူတာကို အသုံးပြုနိုင်သူ ဖြစ်ရမည်။ အင်္ဂလိပ်ဘာသာဖြင့် ဘွဲ့ရသူ ဦးစားပေးမည်။ (လစာညှိနှိုင်း)

ဆက်သွယ်ရန် - ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၅၀၁၁၁၉၀၁၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၀၄၃၊ မြေဧရိယာ ၂၄၀၀ စတုရန်းပေ၊ အတိုင်းအတာ ပေ(၄၀'×၆၀')၊ မြေကွက် တည်နေရာအမှတ် ၁၀၄၃၊ ရန်ပြေ (၁၈)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတ မြို့နယ် ဦးစိန်ရီ ၁၂/သကတ(နိုင်)၀၄၄၇၅၃၊ ဒေါ်မြင့်သန်း(TKA-၀၃၇၃၂၄) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်များထံမှ ပိုင်ဆိုင်စာချုပ်အမှတ် ၁၂၀၈/၂၀၀၉(၂၇-၄-၂၀၀၉)အရ ပိုင်ဆိုင်သူ ဦးစိုးမင်းဦး ၁၂/သကတ(နိုင်) ၀၀၂၀၂၂ ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၁၅၃၃/၂၀၀၉(၂၈-၅-၂၀၀၉) အရ ဧရိယာ ၂၄၀၀ စတုရန်းပေရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ကြီး၏ ခြေရင်းခြမ်းဧရိယာ (၂၀'×၆၀')အား ဝယ်ယူသူ ဦးလှထွန်း ၁၂/မဂတ(နိုင်)၀၄၈၉၁၀ မှ ဦးစိန်ရီ၊ ဒေါ်မြင့်သန်းအမည်ပေါက် နှစ် ၆၀ဂရန် မူရင်း၊ ဦးလှထွန်းနှင့် ဦးစိုးမင်းဦး နှစ်ဦးပေါင်းလျှောက်ရမည်ဖြစ်သော်လည်း ဦးစိုးမင်းဦးပိုင်ဆိုင်သော ဧရိယာ (၂၀'×၆၀')အား ဦးစိုးမင်းဦးမှ အရပ်ကတိ စာချုပ်ဖြင့် ဧရိယာ (၁၀'×၆၀') (၁၀'×၆၀')နှင့် ပိုင်း၍ ရောင်းချခဲ့ပါသဖြင့် ၄င်းတို့နှင့်တွဲ၍ လျှောက်ရန်မဖြစ်နိုင်သဖြင့် တစ်ဖက်သတ်လျှောက်ထားခွင့်ပြု ပါရန် ၂၆-၄-၂၀၁၉ ရက်စွဲပါ ရက်စွဲပါဝင်စာတင်ပြ၍ တစ်ဖက်သတ်မြေကွက် ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၉၊ မြေကွက်အမှတ်- ၁၈၃၊ မြေကွက်တည်နေရာအမှတ် (၁၈၃)၊ (၈၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဦးတင်ဝင်း(HLG-၀၃၈၆၄၀)အမည်ပေါက်ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးတင်ဝင်း ထံမှ အရပ်ကတိစာချုပ်ဖြင့် ၃-၃-၂၀၁၁ ရက်တွင် ဒေါ်ရန်ယုံလီ ၁၃/လရန(နိုင်)၁၀၆၅၇၄ မှ ဝယ်ယူ၍လည်းကောင်း၊ ဒေါ်ရန်ယုံလီထံမှ အရပ်ကတိစာချုပ်ဖြင့် ၃-၄-၂၀၁၉ရက်တွင် R.OASIS LIMITED(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၉၁၈၅၅၄၁၈)မှဝယ်ယူ၍ R.OASIS LIMITED ကိုယ်စား မန်နေဂျင်းဒါရိုက်တာဦးအေးမြင့် ၁၂/မဂတ(နိုင်)၀၄၅၅၀၀ မှ ပါမစ် မူရင်း၊ စာချုပ်တို့တင်ပြ၍ နှစ်၆၀မြေငှား(ဂရန်)လျှောက်ထားလာခြင်းဖြစ်ပါသည်။ တင်ပြ ပါမစ်မူရင်းတွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများစာရင်း စာရွက်တွင် မြေနေရာချထားပေးခံရသူ၏ လက်မှတ်မပါရှိခြင်းအား ရှင်းလင်းရန်အတွက် အကြောင်းကြားခဲ့ရာ ပါမစ်တွင်အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေး ခံရသူများ၏ မှီခိုသူများစာရင်းစာရွက်တွင် မြေနေရာချထားပေးခံရသူ ဦးတင်ဝင်း၏ လက်မှတ်များမပါရှိကြောင်းကို ဌာနမှ အကြောင်းကြားမှ သိရှိခဲ့ကြောင်း ဝယ်ယူစဉ် ကတည်းက ပါမစ်တွင် မြေနေရာချထားပေးခံရသူ ဦးတင်ဝင်းလက်မှတ် မပါခြင်းဖြစ် ကြောင်း အဆိုပါမြေကွက်အား လက်ရောက်ရရှိပြီး၊ ပါမစ်မူရင်းမှာလည်းလက်ဝယ်ရှိပါ သဖြင့် ဖြစ်ပေါ်လာမည့်ကိစ္စအဝဝကို တာဝန်ယူကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကျမ်းသစ္စာပေးသူအရာရှိရှေ့မှောက်၌ ကျမ်းကျိန်ဆိုခဲ့သော ကျမ်းကျိန်လွှာအမှတ်-၅/၂၄၆၄ (၂၄-၅-၂၀၁၉)ပူးတွဲ၍ ဝင်စာဖြင့် ဝန်ခံကတိပြုရှင်းလင်းတင်ပြလာပါသည်။ မြေပြင် ကွင်းဆင်းစစ်ဆေးရာတွင် (၄၀'×၆၀')ရှိပြီး ကျောက်တိုင်ဆူးကြိုးကာရံထားပါသည်။ သို့ဖြစ်ပါ၍ ပါမစ်မြေအမည်ပါ ဦးတင်ဝင်းထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ R.OASIS LIMITED ကိုယ်စား မန်နေဂျင်းဒါရိုက်တာဦးအေးမြင့်မှ ပါမစ်မူရင်း (အိမ်ရာ ဆောက်လုပ်ခွင့်နှင့်မှီခိုသူများစာရင်းစာရွက်တွင် မြေနေရာချထားပေးခံရသူလက်မှတ်မပါ ပါ) တင်ပြ၍ နှစ်၆၀မြေငှား(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၉၊ မြေကွက်အမှတ်- ၁၉၆၊ မြေကွက်တည်နေရာအမှတ် (၁၉၆)၊ (၈၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒေါ်ဝင့်ရည်အောင် ၁၂/ဒဂမ(နိုင်)၀၀၆၅၈၄ အမည်ပေါက်ပါမစ်မြေအား ပါမစ်မြေအမည် ပေါက် ဒေါ်ဝင့်ရည်အောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ၃-၃-၂၀၁၁ရက်တွင် ဒေါ်ရန်ယုံလီ ၁၃/လရန(နိုင်)၁၀၆၅၇၄ မှ ဝယ်ယူ၍လည်းကောင်း၊ ဒေါ်ရန်ယုံလီထံမှအရပ်ကတိစာ ချုပ်ဖြင့် ၃-၄-၂၀၁၉ ရက်တွင် R.OASIS LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၉၁၈၅၅၄၁၈)မှ ဝယ်ယူ၍ R.OASIS LIMITED ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးအေးမြင့် ၁၂/မဂတ(နိုင်)၀၄၅၅၀၀ မှ ပါမစ်မူရင်း၊ စာချုပ်တို့တင်ပြ၍ နှစ်၆၀မြေငှား (ဂရန်)လျှောက်ထားလာခြင်းဖြစ်ပါသည်။ တင်ပြပါမစ်မူရင်းတွင် အိမ်ရာဆောက်လုပ် နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများစာရင်းစာရွက်တွင် မြေနေရာချထားပေး ခံရသူ၏ လက်မှတ်မပါရှိခြင်းအား ရှင်းရန်အတွက် အကြောင်းကြားခဲ့ရာ ပါမစ်တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း စာရွက်တွင် မြေနေရာချထားပေးခံရသူ ဒေါ်ဝင့်ရည်အောင်၏လက်မှတ်များ မပါရှိ ကြောင်းကို ဌာနမှအကြောင်းကြားမှသိရှိခဲ့ကြောင်း ဝယ်ယူစဉ်ကတည်းက ပါမစ်တွင် မြေနေရာချထားပေးခံရသူ ဒေါ်ဝင့်ရည်အောင်လက်မှတ်မပါခြင်းဖြစ်ကြောင်း အဆိုပါ မြေကွက်အား လက်ရောက်ရရှိပြီး၊ ပါမစ်မူရင်းမှာလည်း လက်ဝယ်ရှိပါသဖြင့် ဖြစ်ပေါ်လာမည့် ကိစ္စအဝဝကို တာဝန်ယူကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကျမ်းသစ္စာပေးသူအရာရှိ ရှေ့မှောက်၌ ကျမ်းကျိန်ဆိုခဲ့သော ကျမ်းကျိန်လွှာအမှတ်-၅/၂၄၆၃(၂၄-၅-၂၀၁၉)ပူးတွဲ၍ ဝင်စာဖြင့် ဝန်ခံကတိပြုရှင်းလင်းတင်ပြလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် (၄၀'×၆၀')ရှိပြီး ကျောက်တိုင်ဆူးကြိုးကာရံထားပါသည်။ သို့ဖြစ်ပါ၍ ပါမစ်မြေအမည်ပေါက်ပါ ဒေါ်ဝင့်ရည်အောင်ထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ R.OASIS LIMITED ကိုယ်စား မန်နေဂျင်းဒါရိုက်တာဦးအေးမြင့်မှ ပါမစ်မူရင်း(အိမ်ရာဆောက်လုပ်ခွင့်နှင့် မှီခို သူများစာရင်းစာရွက်တွင် မြေနေရာချထားပေးခံရသူလက်မှတ်မပါပါ)တင်ပြ၍ နှစ်၆၀ မြေငှား(ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိ ပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်နီနီ(ခ)ဒေါ်နှင်းရည်

BA(မြန်မာစာ)၊ မန္တလေးတက္ကသိုလ်

အသက်(၇၅)နှစ်

ပခုက္ကူမြို့နေ သမာဓိမြို့ဝန်(ဦးသူတော်-ဒေါ်ဖွားယူ၊ဒေါ်တင်ဥ)တို့၏မြေး၊ (ဦးထွန်းရွှေ)-ဒေါ်မြသန်းတို့၏သမီး၊ ဦးအေးကို-(ဒေါ်မြင့်မြင့်ခင်)တို့၏ညီမ၊ ဦးပဉ္စင်းဦးဇဝန(ပခုက္ကူ)၊ ဦးအောင်မြင့်-ဒေါ်ရီရီ၊ (ဦးလှဆွေ)-ဒေါ်သီသီ၊ ဦးခင်မောင်ထူး-ဒေါ်သင်းသင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသိင်္ဂီလမ်း၊ တိုက် ၅၁၃၊ အခန်း ၄၀၁/၄၀၂နေ (ဗိုလ်မှူးမြင့်သိန်း)(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးမောင်ကြိုင်-ဒေါက်တာအေးအေးသန့်၊ ဒေါ်သီရိ၊ ဦးအောင်စည်ဟိန်း-ဒေါ်ဇင်မင်းသိန်း၊ ဦးရဲကျော်စွာ-ဒေါက်တာအေးမြထွန်းတို့၏မိခင်သည် ၂၅-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသန်းဖေ (မြန်မာ့ပုလဲ ငြိမ်း) အသက်(၇၂)နှစ်

မြိတ်မြို့၊မြစ်မရပ်နေ(ဦးဘရှိန်-ဒေါ်မြတင်) တို့၏သား၊ ရန်ကုန်မြို့နေ (ဦးစိန်-ဒေါ်နုနု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဒဂုံရပ်ကွက်၊ (၁၈-ဒီ)၊ သီရိလမ်း၊ အမှတ် ၁၁၉၉နေ ဒေါ်ခင်သန်းထွေး(မြန်မာ့ပုလဲ ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်ဇေယျ-ဒေါ်ဇင်မာဦး၊ ဒေါ်ခင်ဝေလွင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၅-၆-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်၌သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁-၇-၂၀၁၉ ရက်(တနင်္လာနေ့) နံနက် ၆ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အနိစ္စ

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်လှိုင်

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ မြေညီထပ်၊ အမှတ် ၂၈၆နေ (ဦးခင်ကြီး-ဒေါ်ငွေတင့်)တို့၏သား၊ (ဦးကျော်အုန်း-ဒေါ်ကလဲရာကျော်အုန်း)တို့၏သားသမက်၊ (ဒေါ်တိုးတိုး)၏ခင်ပွန်း၊ ဦးအုန်းကျော်မြင့်-ဒေါ်ခင်ခင်ထွန်း၊ဦးသက်လှိုင်တိုး-ဒေါ်မူမူခင်၊ ဦးကျော်နိုင်ဦး-ဒေါ်ခင်ခင်စုလှိုင်၊ ဦးအေးမင်းလတ်-ဒေါ်သူဇာလှိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၄-၆-၂၀၁၉ ရက် ည ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်၇း၃၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ခင်စောမိုး

Chief Financial Officer

Concrete King Concrete Manufacturing Co., Ltd

[B.Com, CPA (Batch-93)]

အသက်(၄၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ သပြေတောင်ရွာနေ (ဦးကျော်မြ-ဒေါ်ရွှေကြည်)တို့၏သမီး၊ ပြည်မြို့နေ ဦးမြင့်ဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)-ဒေါ်မိမိကျော်၊ သပြေတောင်ရွာနေ ဦးပြည်စိုး-ဒေါ်သန်းဝင်း၊ ဒေါ်အေးအေးကျော် (B.Sc,Chem)၊ မိတ္ထီလာမြို့နေ ဒေါက်တာဆန်းထွန်းကျော် (နနလ-အထူးကုသမားတော်(ကြီး)-ဒေါက်တာနုနုခိုင်မြင့်(ကထိက၊ ရူပဗေဒဌာန)တို့၏ညီမ၊ ဒေါ်ယဉ်မင်းထွန်း(ကထိက၊ ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး)၊ ဦးတင်မင်းထွန်း(B.Sc,Chem) တို့၏အစ်မ၊ ကိုကျော်နိုင်ဝင်း၊ ဗိုလ်ကြီးဝေယံစိုး (D.S.A-52)၊ ဒေါက်တာခိုင်လင်းသန့်(ပြည်သူ့ဆေးရုံ၊ မြောင်းမြ)၊ ဒေါက်တာ ရန်ရှင်း(ခုတင်-၃၀၀၊ မန္တလေးဆေးရုံ)၊ မောင်ဖြိုးမင်းသန့် (B.E,Civil)၊ မတင်ဇာထွန်း (Final year, U.I.T)၊ မောင်အောင်(Third MB, ဆေးတက္ကသိုလ်၊ မန္တလေး)၊ မအေးအေးဖွေး၊ မဆန်းရွှေမုံ၊ တူ/တူမ ကိုးယောက်တို့၏အဒေါ်သည် ၂၄-၆-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင် (တောင်)ရပ်ကွက်၊ ၄ ပါလမ်း၊ အမှတ် ၈၂(လေးလွှာ၊ ဘီ)နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သဒ္ဓမ္မဝံသာရုံကျောင်းတိုက်၊ နှင်းဆီလမ်းထိပ်၊ အလုံခန်းမအနီး၊ အလုံမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်စောမိုး

အသက်(၄၉)နှစ်

Concrete King Concrete Manufacturing Co., Ltd.မှ ဒေါ်ခင်စောမိုး(Chief Financial Officer)သည် ၂၄-၆-၂၀၁၉ရက် (တနင်္လာနေ့)ညနေ ၅း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Concrete King Concrete Manufacturing Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသောင်းရွှေ

အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အမှတ်(C-7)နေ ဒေါ်ခင်ခင်၏ခင်ပွန်း၊ ဦးဇော်မင်း(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)-ဒေါ်ခင်မိမိ၊ ဦးဇော်ဝင်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ကြည်ကြည်ဦး၊ ဦးဇော်ဗိုလ်(အင်ဂျင်နီယာ)-ဒေါ်မာလာအေး၊ (ဦးထွန်းဆန်း)-ဒေါ်ရွှေ ဇင်ဦးတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၄-၆-၂၀၁၉ရက် (တနင်္လာနေ့)နံနက် ၆း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဝဏ္ဏကျော်ထင် ဦးသိန်းစိန်

ဒုတိယဝန်ကြီး(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ လာဘ်မိုးဆွေလမ်း၊ အမှတ်(၂၅)နေ အဘဦးသိန်းစိန်သည် ၂၃-၆-၂၀၁၉ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

ရခိုင်ပြည်နယ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမောင်ချစ် (ကျောက်တွေ)

လုပ်ငန်းအရာရှိ၊ ပန်းထိမ်ဆရာကြီး၊ ကျောက်မျက်(ငြိမ်း)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ အမှတ် ၃၀၆နေ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ ဦးမျိုးလွင်(လ/ထ ညွှန်မှူး-ငြိမ်း၊ ရေကြောင်းဦးစီးဌာန)-ဒေါ်နုနုခင်(ဒု-ဦးစီးမှူး-ငြိမ်း၊ ဆည‌န)၊ဦးမြတ်သူ (Senior Program Manager-Mercy-Corps)-ဒေါ်နှင်းမေထူး၊ ဦးမြတ်ဆွေ၊ ဦးအောင်ဆွေ(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်ဝင်းမာထွန်း၊ (ဒေါ်မြင့်မြင့်သန်း)၊ ဒေါ်မြင့်မြင့်ကြည် (မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)တို့၏ဖခင်၊ Mr.Kong Swee Peng -ဒေါ်မျိုးသက်ထား(ခေတ္တ-စင်ကာပူ)၊ ဦးကျော်သူ (Sky Net)-ဒေါ်မျိုးဆုမွန်(Columbus Travels & Tours)၊ ဒေါ်အိသစ်သစ်လွင်(အမက-၃၊ လှိုင်သာယာ)၊ မောင်ဘုန်းမြတ်သူ(ဒုတိယနှစ်၊ နိုင်ငံ ရေးသိပ္ပံ၊ ရန်ကုန်တက္ကသိုလ်)၊မောင်ဇေယျာရဲထွဋ်(နဝမတန်း၊ ရွှေပင်ရွှေထီး ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မအိမ့်ဟေသူမျိုး(အမက-၁၈၊ တာမွေ)၊ မောင်ခန့်ကိုကိုသူတို့၏အဘိုးသည် ၂၄-၆-၂၀၁၉ရက် (တနင်္လာနေ့)ညနေ ၅း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ကျော်ဝင်း

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေ ဦးသိန်း-(ဒေါ်တင်ဝင်း)တို့၏သား၊ ဒေါ်နီနီဝင်း၏မောင်၊ ဦးအောင်မျိုးသိန်း-ဒေါ်နီနီသန်းတို့၏ညီ၊ ဒေါ်မိမိခိုင်၊ ဒေါ်သီတာထွေးတို့၏အစ်ကို၊ မခိုင်အိအိသိန်း၊ မောင်သိန်းသန်းထွဋ်၊ မောင်ထွဋ်ညီသိန်းတို့၏ဦးလေးသည် ၃-၆-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုများမှဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မျိုးသိန်း-ဒေါ်နီနီသန်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ဝင်းသိန်း

Executive Director

Open Society Myanmar

အသက်(၃၅)နှစ်

ညီမောင် အရင်း တစ်ယောက်ကဲ့သို့ ချစ်ခင်လေးစားရပါသော ဒေါက်တာဝင်းသိန်း ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ဦးမောင်မောင်ကျော်(MyGevernance -EU Project)-**

ဒေါ်သန်းသန်းနွဲ့မောင် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ဝင်းသိန်း

Executive Director

Open Society Myanmar

အသက်(၃၅)နှစ်

ကျေးဇူးရှင် ဆရာ ဒေါက်တာဝင်းသိန်း ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာစည်သူထင်အောင်(Open Society Myanmar)-

ဒေါ်Rain လွှမ်းရည်-သမီး မြပိုးအိမ်စည် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

မဝင့်ရတီခိန့်

အသက်(၃နှစ်၇လ)

ကရင်ပြည်နယ်လွှတ်တော်ရုံး ဒေါက်တာသက်ဇော်ဦး (ညွှန်ကြားရေးမှူး)နှင့် ဒေါ်မြတ်မြတ်ဦးတို့၏သမီး မဝင့်ရတီခိန့်သည် ၂၃-၆-၂၀၁၉ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊

ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ရုံးဝန်ထမ်းများ

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်လှပု (ပဲခူး) အသက်(၈၇)နှစ်

ပဲခူးမြို့နေ (ဦးမောင်မြိုင်-ဒေါ်အုံးမြ)တို့၏သမီး၊ (ဦးဆိုင်း-ဒေါ်ချောစိန်)တို့၏သမီးချွေးမ၊ (ဦးထွန်း)၏ဇနီး၊ ပဲခူးမြို့နေ (ဦးစိုးမောင်-ဒေါ်သန်းရွှေ)တို့၏ညီမ၊ (ဦးတင့်-ဒေါ်ထွေး)၊ (ဦးကံညွှန့်-ဒေါ်တင်ရီ)၊ ဦးစိုးတင့်-ဒေါ်သောင်းလှ၊ (ဦးတင်ငွေ)-ဒေါ်မြင့်ရီတို့၏အစ်မ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ မိုးမခလမ်း၊ ဆက်သွယ်ရေးအရာထမ်းအိမ်ရာ၊ တိုက်(၂)၊ အခန်း(၃)နေ ဦးဇော်မင်း(အင်ဂျင်နီယာချုပ်၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်ချိုမာလွင်(ဒုတိယညွှန်ကြားရေးမှူး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ DRI)တို့၏မိခင်၊ မရွှေရည်မင်း၊ မသစ်လွင်လွင်စံတို့၏အဘွားသည် ၂၅-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှပု

အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ ဦးဇော်မင်း(အင်ဂျင်နီယာချုပ်၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ မြန်မာ့ဆက် သွယ်ရေးလုပ်ငန်း)-ဒေါ်ချိုမာလွင်(ဒုတိယညွှန်ကြားရေးမှူး၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန)တို့၏မိခင် ဒေါ်လှပုသည် ၂၅-၆-၂၀၁၉ရက် နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အရာထမ်းအမှုထမ်းများ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်ချစ် အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်(၂၀၅)၊ အခန်း(၁၆)နေ ဦးထွန်းလှိုင် (လ/ထ အင်ဂျင်နီယာ-ငြိမ်း)၏ဇနီး၊ သားသမီးရှစ်ယောက်တို့၏မိခင်၊ မြေး ၂၀ယောက်တို့၏အဘွားသည် ၂၃-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိန်ဝင်း

လ/ထ အထွေထွေမန်နေဂျာ(ငြိမ်း)(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ တိုက် ၉၇၊ အခန်း(၁)၊ မီးဒုံး(၄)လမ်းနေ (ဦးကျော်-ဒေါ်မြခင်) တို့၏သား၊ (ဦးစလဲတင်-ဒေါ်လှမြင့်)တို့၏သားသမက်၊ ဦးစိုးမြင့်-ဒေါ်မာမာအောင်၊ ဦးစိုးတင့်-ဒေါ်အိတို့၏ညီ/မောင်၊ ဦးညွှန့်အောင်-ဒေါ်ချိုတူး၊ ဦးကိုကိုမြင့်-ဒေါ်ချိုချိုဦးတို့၏အစ်ကို၊ တူ/တူမ ၂၀ယောက်တို့၏ဦးလေး၊ ကိုမျိုးမင်းဦး-မယဉ်မြင့်မြတ်(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၊ မမီမီထွန်း(The First Tharaphusan Co.,Ltd)တို့၏ဖခင်၊ မောင်ဘုန်းသိခ်၏အဘိုး၊ ဒေါ်ညွှန့်ရီ(အထက၊ သုဝဏ္ဏ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၉ရက် (ကြာသ ပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၇-၂၀၁၉ရက် (တနင်္လာနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မေမာအေး

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ် ၁၀၄ နေ (ဦးအေးဖေ-ဒေါ်ခင်ခင်အေး)၊ (ဦးမောင်မောင်စိန့်-ဒေါ်ခင်ချိုစိန့်)တို့၏သမီးချွေးမ၊ ဦးတင်မောင်ထွန်း-ဒေါ်တင်မော်အေး၊ ဦးကျော်ငွေး-ဒေါ်မူမူအေးတို့၏ညီမ၊ ဦးစည်သူစိန့်၊ ဦးဝဏ္ဏစိန့်-ဒေါ်ရိုစီသန္တာအောင်တို့၏မိခင်၊ မောင်ဟန်သာစိန့်၏အဘွား၊ ဦးဥက္ကာထွန်း၊ ဒေါက်တာခင်ကြေးမုံတို့၏အဒေါ်၊ ဦးအောင်ကျော်စိန့်(ရဲမှူး-CID-ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၂၅-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်သန်းချို

အထက(၄)လှိုင်(အလပြ-ငြိမ်း)

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ ပဒေသာလမ်း၊ အမှတ်-၃၅နေ(ဦးမောင်မောင်-ဒေါ်လှမြင့်)တို့၏သမီး၊ (ဒေါ်သန်းသန်းမြင့်)၊ (ဦးသန်းအောင်)-ဒေါ်နွယ်နွယ်ဦး၊ ဦးမျိုးသန့်ဇော်-ဒေါ်အေးအေးမြင့်တို့၏ညီမ၊ ဦးခင်မောင်ဝင်း(အကောက်ခွန်)-ဒေါ်နီနီလွင်တို့၏အစ်မ၊ လှိုင်မြို့နယ်၊ သုခ ၅၁လမ်း၊ အမှတ်(၄၂)နေ ဦးမြင့်ဆွေ၏ချစ်လှစွာသောဇနီး၊ တူ/တူမခြောက်ယောက်တို့၏အဒေါ်သည် ၂၄-၆-၂၀၁၉ရက်(တနင်္လာနေ့) ည ၇း၄၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက် ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်(တာချီလိတ်) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (တာချီလိတ်) ဖွင့်ပွဲအခမ်းအနားကျင်းပ

တာချီလိတ် ဇွန် ၂၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဖေမြင့်၊ ဒေါက်တာ မျိုးသိမ်းကြီးနှင့် နိုင်သက်လွင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစံွဆိုင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်နှင့် ထူးချွန်ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ကျောင်းခန်းမ၌ ဆက်လက် ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော် Theme Song သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်က အမှာစကားပြောကြားရာတွင် ယနေ့သည် တာချီလိတ်မြို့ရှိ

စာမျက်နှာ ၇ ကော်လံ ၁ ❖

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း အာရှ ယူ-၁၉ ပြိုင်ပွဲတွင် ရလဒ်ကောင်းရန် ပြင်ဆင်မည်

ရန်ကုန် ဇွန် ၂၅

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ရလဒ်ကောင်းရန် ပြင်ဆင်သွားမည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာနှင့် ဩစတြေးလျအသင်း ယှဉ်ပြိုင်နေစဉ်။

ဓာတ်ပုံ-စိုးညွန့်

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ပြီးကတည်းက လေ့ကျင့်မှုရပ်နားထားပြီး နောက်ဆုံးအဆင့်အတွက် ဇူလိုင် ၁ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် အာရှထိပ်သီးအသင်းများနှင့် တွေ့ဆုံမည်ဖြစ်သော်လည်း အချိန်ယူပြင်ဆင်ကာ ရလဒ်ကောင်းများ ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနည်းပြချုပ် ဒေါ်သက်သက်ဝင်းသည် ယင်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၃၀ ရွေးချယ်ထားပြီး

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

ရန်ကုန်မြို့မှာပေါ်ထွက်လာဖို့ရှိနေတဲ့ အသေးစားစက်မှုဥယျာဉ်စီမံကိန်း (မလစ်)

မိုးမြင့်လင်းလက်

အကျယ်အဝန်းဧက ၅၀၀ ခန့်ရှိတဲ့ ဒလဘန်းစက်မှု ဥယျာဉ်ကိုလည်း ဖော်ဆောင်နိုင်ရေး ကြိုးစားနေသလို အကျယ်အဝန်း ဧက ၅၀၀ ခန့်ရှိတဲ့ ရှမ်းတဲကြီး အကြီးစားစက်မှုဇုန် စီမံကိန်းတွေကိုလည်း ဖော်ဆောင်နိုင်ရေး ရန်ကုန်တိုင်းဒေသကြီး အစိုးရက ကြိုးစားစီစဉ်နေပါတယ်။

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံတစ်ဝန်းက လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်တဲ့ မြို့ကြီးတစ်မြို့အဖြစ်လည်း ရပ်တည်နေပါတယ်။ အဲဒီလို အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်တာကလည်း ရန်ကုန်မြို့ကို အဓိကဝိုင်းရံထားသလို တည်ရှိနေတဲ့ စက်မှုဇုန်တွေနဲ့ သီလဝါအထူးစီးပွားရေးဇုန်ကြောင့်ပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ စက်မှုဇုန် ၂၉ ဇုန်ရှိနေပြီး လုပ်ငန်းတွေ လည်ပတ်နေသလို စက်မှုဇုန်အသစ်နဲ့ အသေးစားစက်မှု ဥယျာဉ်တွေကိုလည်း ထပ်မံထွက်ပေါ်လာဖို့ ကြိုးစားနေချိန်မှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်မလစ်ရွာ အနီးမှာ မြို့တော်သစ်အသေးစားစက်မှုဥယျာဉ်စီမံကိန်း (မလစ်)ကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။

အဲဒီအသေးစားစက်မှုဥယျာဉ်စီမံကိန်း (မလစ်) ကို မလစ်ကျေးရွာ အနီးမှာရှိတဲ့ မြေဧကအကျယ်အဝန်း ဧက ၅၅၀ ခန့် အကောင်အထည်ဖော်နိုင်ဖို့အတွက် အခြေခံဆောင်ရွက်မှုတွေအဖြစ် ပြည်သူလူထုကို ချပြဖို့ ဆောင်ရွက်ခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဇွန် ၂၂ ရက်မှာတော့ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် သစ်ဆိမ်ခမ္ဗရိပ်သာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံမှာ အဲဒီစီမံကိန်းနဲ့ ပတ်သက်ပြီး ပြည်သူလူထုကို တွေ့ဆုံချပြဆွေးနွေးခဲ့ကြပါတယ်။

လူထုနဲ့ တွေ့ဆုံတဲ့အခါ အသေးစားစက်မှုဥယျာဉ်စီမံကိန်း (မလစ်)နဲ့ ပတ်သက်ပြီး အကောင်အထည်ဖော်လုပ်ဆောင်မယ့် စီမံကိန်းဆိုင်ရာ အချက်အလက်တွေ၊ စီမံကိန်းဆောင်ရွက်တဲ့အခါ သက်ရောက်မှုရှိမယ့် ဧရိယာတစ်ခုလုံးကို စစ်တမ်းကောက်ယူခြင်း လုပ်ငန်းတွေ၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းတွေကို ပြည်သူလူထုနဲ့တွေ့ဆုံပြီး ရှင်းလင်းတင်ပြခဲ့ခြင်း ဖြစ်ပါတယ်။

မလစ်ရွာအနီးမှာ အကောင်အထည်ဖော်မယ့် အသေးစား စက်မှုဥယျာဉ်စီမံကိန်း (မလစ်)ကို New City Development Public ကုမ္ပဏီလီမိတက်က ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ **အချပ်ပို (ဃ) သို့**

အချပ်ပို (ဃ) သို့

ဗားကရာချောက်အတွင်းနှင့် အောက်ကြည့်မြင်တိုင်လမ်းတစ်လျှောက် ယာဉ်ကြောကျပ်တည်းမှုမြင်ကွင်း။

ယာဉ်ကြောကျပ်တည်းမှု ဖြေရှင်းနိုင်ရေး တစ်နေရာ

● သျှင်ဝင်းသျှင်၊ ဓာတ်ပုံ-တင်ဝင်းတင် ●

စာရေးသူ တို့နေထိုင်ရာ ရန်ကုန်မြို့ကြီးက တစ်နေ့တခြား ယာဉ်ကြောကျပ်တည်းမှုက ပိုပိုလာတယ်လို့ ဆိုရမှာပါ။

ကူးစက်ရောဂါတစ်ခုလို ပထမတော့ မြို့ထဲပိုင်း နောက်တဖြည်းဖြည်း နှစ်တွေကြာလာတာနဲ့အမျှ မြို့ပြင် မြို့နယ် အတော်များများမှာပါ ရောဂါတစ်ခုအသွင်ပမာ ဖြစ်ပေါ် လာခဲ့ပါတယ်။

ရှေ့အစိုးရလက်ထက်ကတည်းက တည်ဆောက်ခဲ့တဲ့ ပြည်သူ့ရင်ပြင်ထဲက ကွန်ထရိုးစင်တာကြီးကလည်း ဒီကနေ့တိုင် အထောက်အကူပြည့်စုံစွာ မရနိုင်သေးပါဘူး။ ပြီးခဲ့တဲ့လပိုင်းက စမ်းသပ်မှုတွေ ပြုခဲ့ကြပေမယ့် လိုအပ်ချက်တွေ ရှိနေသေးတယ်လို့ သိရပြန်ပါတယ်။

တစ်ထောင့်တစ်နေရာ

တစ်မြို့လုံးနီးပါး မဟုတ်ပေမယ့် ယာဉ်ကြောကျပ်တည်းမှုကို ခေါင်းကိုက်နေတဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရကို အကြံတစ်ခု လောက် ပေးချင်ပါတယ်။ တစ်ထောင့်တစ်နေရာအတွက် အုတ်တစ်ချပ် သဲတစ်ပွင့် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

တစ်နေရာတည်းဟု ဆိုသော်လည်း ထိုတစ်နေရာတည်းက အကျပ်အတည်း၊ စောင့်ဆိုင်းကြန့်ကြာနေမှုဟာ အဆင်ပြေ ချောမွေ့သွားမယ်ဆိုရင် အဲဒီလမ်းကြောမှ တစ်ဆက်တည်း နောက်တစ်နေရာအတွက်ပါ အထောက်အကူဖြစ်လာနိုင်မယ်လို့ လည်း မျှော်လင့်မိပါတယ်။

အဲဒါက ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမကြီးတစ်လျှောက် ညနေပိုင်း ယာဉ်ကြောကျပ်တည်းမှုဟာ လွန်ခဲ့တဲ့ သုံးလေးနှစ်က စတင်လာခဲ့တယ်လို့ မှတ်မိနေပါသေးတယ်။ အခု မကြာခဏဆိုသလိုပဲ နေ့လယ်ပိုင်း၊ နံနက်ပိုင်းအချိန်တွေပါ ယာဉ်ကြောက ကျပ်ကျပ်လာပါပြီ။

အဲဒီ ကြည့်မြင်တိုင်အောက်လမ်းမကြီးပေါ်မှာ ယနေ့ ခရီးသည်တင် လိုင်းကားကြီးများဖြစ်တဲ့ YBS ၂၂၊ ၄၁၊ ၃၀၊ ၅၉၊ ၉၄၊ ၉၈၊ ၈၀ တို့က နေ့စဉ်ပြေးဆွဲပေးလျက် ရှိနေပါတယ်။

အခြားကိုယ်ပိုင်ယာဉ်ကြီး၊ ယာဉ်ငယ်တွေ၊ အငှားတက္ကဆီယာဉ်တွေက စက္ကန့်မလပ် မောင်းနှင်နေကြပါတယ်။ ဗားကရာ မီးပွိုင့် တစ်ကြိမ်မိလိုက်တာနဲ့ ယာဉ်ကြောဟာ ဗားကရာမီးပွိုင့် ကစလို့ ဟုမ်းလမ်းလမ်းဆုံအထိ တစ်ခါတစ်ရံ အလုံ၊ ကြည့်မြင်တိုင် ထိစပ်နယ်မြေ၊ မီးရထားသံလမ်းအထိ တန်းရှည်ကြီး ဖြစ်သွားတတ်ပါတယ်။

စောင့်ဆိုင်းမောင်းနှင်နေကြရ

မော်တော်ယာဉ်တစ်စီးအနေနဲ့ မီးပွိုင့်စမိလိုက်တာနဲ့ ရှေ့ဆုံးက ယာဉ်တွေက တစ်ကြိမ်နဲ့ လွတ်ပေမယ့် နောက်ဆက်တွဲယာဉ်တွေကတော့ နှစ်ကြိမ်ကနေ သုံးကြိမ်အထိ စောင့်ဆိုင်းမောင်းနှင်နေကြရပါတယ်။

အောက်ကြည့်မြင်တိုင်လမ်းဘက်မှ အဝင်လမ်း။

ဗားကရာချောက်အပေါ်မှာက အင်္ဂလိပ်လက်ထက်က သံပေါင်တံတားနှစ်စင်း ထိုးထားခဲ့ဖူးပါတယ်။ တစ်စင်းက ရထားသွားဖို့ဖြစ်ပြီး နောက်တစ်စင်းက ဘူတာဝင်းပစ္စည်းသိုလှောင်ရုံကနေ ကုန်ပစ္စည်းများ သယ်/ပို့ရန် ကားကြီးများ မောင်းဝင်နိုင်တဲ့ ဆက်စပ်မြေလမ်းဖြစ်ပါတယ်။

အဲဒီလမ်းကို အလုံမြို့နယ်ဘက်ကနေ အောက်ကြည့်မြင်တိုင်လမ်းအတိုင်း မောင်းလာမယ်ဆိုပါက တိုင်းဒေသကြီး ပညာရေးမှူးရုံးအကျော် ဘောဂရပ်ကွက် တော်ဝင်လမ်းအလွန်ကနေ ဝင်နိုင်ပြီး ဗားကရာချောက်ကို ဖြတ်ကျော်လို့ အထက်ကြည့်မြင်တိုင်လမ်းမကြီးဆီကို ဝင်သွားနိုင်မှာဖြစ်ပါတယ်။ မြေသားလမ်းအကျယ်က ပေ ၅၀ ကျော်ရှိပြီး ယာဉ်ငယ်နှစ်စီး ချောင်ချောင်ချိချိ မောင်းနှင်နိုင်တဲ့ အနေအထားပါ။

ဒီကနေ့ အနေအထားက အလုံမြို့နယ်ဘက်ဆီက လာတဲ့ ကားကြီးများ၊ လိုင်းကားကြီးများအနေနဲ့ အထက်ကြည့်မြင်တိုင်လမ်းမဆီကို သွားမယ်ဆိုပါက ဗားကရာချောက်ကို အတည့်ဖြတ်မောင်းနိုင်ကြပြီး စမ်းချောင်း၊ မြေနီကုန်းဘက်ကိုသွားမယ်ဆိုရင် ဗားကရာချောက် ရထားလမ်းအောက်က ဝင်ပြီး မောင်းနှင်ကြရပါတယ်။

အစိုးရအနေနဲ့ ချင့်တွက်ရမယ့်ကိစ္စ

အောက်ကြည့်မြင်တိုင် လမ်းကြောတစ်လျှောက် ယာဉ်ကြောကျပ်တည်းမှုကို အမှန်တကယ်ဖြေရှင်းချင်တယ်ဆိုပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေနဲ့ ချင့်တွက်ရမယ့်ကိစ္စတွေ ရှိပါတယ်။

ဟိုးအရင်က ဖျက်သိမ်းခဲ့တဲ့တံတားကို ပထမ ပြန်ဆောက်ဖို့လိုပါတယ်။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနအောက်မှာရှိတဲ့ မြန်မာ့မီးရထားဌာနနဲ့ ညှိနှိုင်းပေါင်းစပ်ရမှာ ဖြစ်ပါတယ်။ နှစ်ကြာမြင့်ခဲ့ပြီဖြစ်တဲ့ ဗားကရာမြေထိန်းနံရံကို ပုံစံမပျက် လိုအပ်တဲ့ အားဖြည့်မှုတွေ၊ ပြုပြင်မှုတွေ လိုအပ်မှာဖြစ်ပါတယ်။

အချုပ်ပို(ဃ)သို့

ဗားကရာချောက်အပေါ်မှာက အင်္ဂလိပ်လက်ထက်က သံပေါင်တံတားနှစ်စင်း ထိုးထားခဲ့ဖူးပါတယ်။ တစ်စင်းက ရထားသွားဖို့ဖြစ်ပြီး နောက်တစ်စင်းက ဘူတာဝင်း ပစ္စည်းသိုလှောင်ရုံကနေ ကုန်ပစ္စည်းများ သယ်/ပို့ရန် ကားကြီးများ မောင်းဝင်နိုင်တဲ့ ဆက်စပ်မြေလမ်း ဖြစ်ပါတယ်။

အဲဒီလမ်းကို အလုံမြို့နယ်ဘက်ကနေ အောက်ကြည့်မြင်တိုင် လမ်းအတိုင်း မောင်းလာမယ်ဆိုပါက တိုင်းဒေသကြီး ပညာရေးမှူးရုံးအကျော် ဘောဂရပ်ကွက် တော်ဝင်လမ်းအလွန်ကနေ ဝင်နိုင်ပြီး ဗားကရာချောက်ကို ဖြတ်ကျော်လို့ အထက်ကြည့်မြင်တိုင် လမ်းမကြီးဆီကို ဝင်သွားနိုင်မှာဖြစ်ပါတယ်။ မြေသားလမ်း အကျယ်က ပေ ၅၀ ကျော်ရှိပြီး ယာဉ်ငယ် နှစ်စီး ချောင်ချောင်ချိချိ မောင်းနှင်နိုင်တဲ့ အနေအထားပါ။

မြို့တော်ရန်ကုန်နှင့် စာနယ်ဇင်းရှင်းလင်းပွဲများ

ရှင်နော်၊ ဓာတ်ပုံ - လင်းညွန့်

လွတ်လပ်မှု ၊ ပွင့်လင်းမှုများနဲ့ တဖြည်းဖြည်း ထိတွေ့ခွင့်ရလာနေတဲ့ ရန်ကုန်မြို့တော်ကြီးမှာ ယခုအခါ စာနယ်ဇင်းရှင်းလင်းပွဲများလည်း များပြားလာခဲ့ပါတယ်။ တစ်ဦးတစ်ယောက်ကို မကျေနပ်၍ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကို မကျေနပ်၍ဖြစ်စေ သို့တည်းမဟုတ် မိမိသိစေလိုသောအကြောင်းအရာကို အခြားသူများအား သိစေလို၍ဖြစ်စေ စာနယ်ဇင်းရှင်းလင်းပွဲများကို ရန်ကုန်အနှံ့ အချိန်အခါလိုက်၍ ကျင်းပလာလျက်ရှိပါသည်။

ရန်ကုန်မြို့၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲတစ်ခုကို တွေ့ရစဉ်။

လွတ်လပ်ပွင့်လင်းစွာ တင်ပြပြောဆိုနိုင်

Facebook လို့ခေါ်တဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်က ရေးသားတင်ပြခြင်းဟာ မိမိနဲ့ မိတ်ဆွေဖြစ်ထားသူများသာ သိခွင့်ရပြီး အခြားသူများအနေဖြင့် သိခွင့်မရတဲ့အတွက်ကြောင့် တရားဝင်သတင်းမီဒီယာကြီးများသိစေဖို့အတွက် စာနယ်ဇင်းရှင်းလင်းပွဲ ခေါ် သတင်းစာရှင်းလင်းပွဲများဟာ ယနေ့အခါမှာ ခေတ်စားလာခဲ့ရပါသည်။ တစ်ခေတ်တစ်ခါက မပြောရဲမဆိုရဲ ဘဝများနှင့် နေခဲ့ရသော်လည်း ယခုအခါမှာ လွတ်လပ်ပွင့်လင်းစွာ အများပြည်သူကို တင်ပြပြောဆိုနိုင်တဲ့ အခြေအနေတစ်ခုကို ရန်ကုန်မြို့တော်သူ မြို့တော်သားများ ခံစားနေရပြီဖြစ်ပါသည်။

သတင်းစာရှင်းလင်းပွဲများပြုလုပ်လာ

တစ်ချိန်က သတင်းသမားကို မလိုလားသော တချို့အဖွဲ့အစည်းများပင်သည်လျှင် ယခုအခါ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်လာလျက်ရှိပါသည်။ ရန်ကုန်မြို့တော်ကြီးမှာ အစိုးရအဖွဲ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲများ၊ အချို့သောဌာနဆိုင်ရာများကပြုလုပ်သော သတင်းစာရှင်းလင်းပွဲများ၊ ကုန်ပစ္စည်းကြော်ငြာသတင်းစာရှင်းလင်းပွဲများ၊ လူမှုရေးအသင်းအဖွဲ့များက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲများစသည်ဖြင့် အမျိုးမျိုးသော သတင်းစာရှင်းလင်းပွဲများ ကျင်းပကြလျက်ရှိပါသည်။

သတင်းစာရှင်းလင်းပွဲများ ပြုလုပ်သည့်အခါတွင် သတင်းသမားများအနေဖြင့် အဓိကလိုရင်းအချက်များဖြစ်သည့် နောက်ခံအကြောင်းရင်း၊ လက်ရှိ သတင်းဖြစ်ပေါ်နေသော ပြဿနာနှင့် ရှေ့ဆက်မည့်အစီအစဉ် ထိုအကြောင်းအရာများကို အဓိကထား လိုက်လံမှတ်သားကြရပါသည်။ မိမိတင်ပြလိုသည့် ပြဿနာနှင့်ပတ်သက်၍ တင်ပြလိုသူကလည်း ထိုအချက်များကို အဓိကထားတင်ပြရန် အရေးကြီးပါသည်။ အဆိုပါ နောက်ခံအကြောင်းရင်း၊ လက်ရှိအခြေအနေနှင့် ရှေ့ဆက်အစီအစဉ်များကို ခေါင်းစဉ်တစ်ခုအတွက် အချိန် သုံးမိနစ်မှ ငါးမိနစ်အတွင်း တင်ပြနိုင်လျှင် ပိုမိုကောင်းမွန်ပါသည်။

အချိန်များစွာယူ၍ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲများ

သတင်းရေးသားသူ သတင်းထောက်များအနေဖြင့် စာနယ်ဇင်းရှင်းလင်းသူ၏ အသံဖိုင်ကို လုံးကောက်ဖြေခြင်း၊ သတင်းပြန်လည်ရေးသားခြင်း၊ ရေးသားပြီးသတင်းကို ပြန်လည်ချောမောအောင်ပြင်ဆင်ခြင်း၊ မိမိသတင်းဌာနသို့ ပေးပို့ခြင်း စသော ရှေ့ဆက်လုပ်ကိုင်ရန် လုပ်ငန်းများစွာ ကျန်ရှိနေသေးသည့်အတွက် အချိန်များစွာယူ၍ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲများသည် အဆင်မပြေဖြစ်တတ်သည်။ သတင်းထောက်များသတင်းရေးသားရာတွင် အဓိပ္ပာယ်ကောက်လွဲခြင်းသည် စာနယ်ဇင်းရှင်းလင်းသူ၏ ဝေ့လည်ကြောင်ပတ် ပြောဆိုမှုများကြောင့် ဖြစ်တတ်သည်။

သတင်းထောက်များ ကောက်ချက်ဆွဲရာတွင် လွဲချော်

စာနယ်ဇင်းရှင်းလင်းသူ၏ တိုက်ရိုက်စကားပြော ကိုးကားချက်များကို သတင်းတွင် ထည့်လိုပါက ရှင်းရှင်းလင်းလင်းပြောဆိုထားခြင်းမရှိလျှင် သတင်းထောက်နှင့် အယ်ဒီတာတို့အကြား ဗျာများရတတ်သည်။ စာနယ်ဇင်းရှင်းလင်းချိန်တွင် အသံဖမ်းစက်ဖွင့်ထား၍ အာရုံစိုက်နားထောင်နေသော်လည်း ရှင်းလင်းသူက ဥပမာပေးများနေခြင်း၊ လိုရင်းအချက်ကို တိုက်ရိုက်မပြောဘဲ စကားဝေ့နေခြင်း၊ မြန်မာစကားကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း ပြောဆိုမှုမရှိခြင်း၊ အင်္ဂလိပ်စာလုံးများညှပ်၍ ပြောနေခြင်း၊ ဘာသာရပ်ဆိုင်ရာစကားလုံးများ သုံးနှုန်းပြောဆိုနေခြင်းတို့ကြောင့် သတင်းထောက်များ ကောက်ချက်ဆွဲရာတွင် လွဲချော်ကြလေ့ရှိသည်။

မည်သူတက်ရောက်မည်ကို ကြိုတင်သိလိုကြ

သတင်းထောက်များအတွက် အရေးကြီးသော အချက်တစ်ချက်မှာ အချိန်ဖြစ်သည်။ သတင်းထောက်အတော်များများသည် သတင်းရယူရန်နေရာများဖြစ်သောနေရာ၊ အခမ်းအနားများကို စော၍ ရောက်ချင်တတ်ကြသည်။ အခမ်းအနားမစတင်မီ လူတွေ့မေးမြန်းခြင်းနှင့် အခမ်းအနားအစီအစဉ်အကြောင်းကို သိချင်ကြသည်။ ဝန်ကြီးချုပ်တက်ရောက်မည်၊ ဝန်ကြီးတက်ရောက်မည်၊ ဌာနဆိုင်ရာအကြီးအကဲ မည်သူတက်ရောက်မည်ကို ကြိုတင်သိလိုကြသည်။ ထိုသို့သိရှိပြီး ထိုသူနှင့်သက်ဆိုင်သော ဆင့်ပွားသတင်းများကို မေးမြန်းရယူလိုကြသည်။ လိုအပ်သော သတင်းရယူပြီးသည်နှင့် အခြားသတင်းနေရာတစ်ခုသို့ အချိန်မီသွားရောက်လိုကြသည်။ သတင်းအပုဒ်အရေအတွက်ပေါ်မူတည်ကာ စာမူခရကြ၍ တစ်နေရာတည်းတွင် အချိန်မဖြုန်းလိုကြပေ။ ရရှိပြီးသော သတင်းများကို အထက်ကဆိုခဲ့သည့်အတိုင်း အသံဖိုင်ဖြေ၊ သတင်းရေး၊ သတင်းတင် စသော လုပ်ဆောင်စရာများကို ဆက်လက်လုပ်ဆောင်ကြရသည်။

သတင်းစာရှင်းလင်းပွဲများ ပြုလုပ်သည့်အခါတွင် သတင်းသမားများအနေဖြင့် အဓိကလိုရင်းအချက်များဖြစ်သည့် နောက်ခံအကြောင်းရင်း၊ လက်ရှိသတင်းဖြစ်ပေါ်နေသော ပြဿနာနှင့် ရှေ့ဆက်မည့်အစီအစဉ် ထိုအကြောင်းအရာများကို အဓိကထား လိုက်လံမှတ်သားကြရပါသည်။ မိမိတင်ပြလိုသည့် ပြဿနာနှင့်ပတ်သက်၍ တင်ပြလိုသူကလည်း ထိုအချက်များကို အဓိကထားတင်ပြရန် အရေးကြီးပါသည်။ အဆိုပါ နောက်ခံအကြောင်းရင်း၊ လက်ရှိအခြေအနေနှင့် ရှေ့ဆက်အစီအစဉ်များကို ခေါင်းစဉ်တစ်ခုအတွက် အချိန်သုံးမိနစ်မှ ငါးမိနစ်အတွင်း တင်ပြနိုင်လျှင် ပိုမိုကောင်းမွန်

မရှင်းလင်းသည့် အကြောင်းအရာများကို ပြန်လည်မေးမြန်း

တစ်နေကုန်သတင်းလိုက်၊ သတင်းရေး၊ သတင်းတင် လုပ်ပြီးရုံမျှဖြင့် သတင်းထောက်တစ်ယောက်အဖို့ တစ်နေ့တာ အလုပ်ပြီးပြီဟု မဆိုသာပေ။ အယ်ဒီတာအဖွဲ့အဆင့်ဆင့်က သတင်းဖတ်ပြီးလျှင် မရှင်းလင်းသည့် အကြောင်းအရာများကို သတင်းထောက်ထံ ပြန်လည်မေးမြန်းကြသည်။ ထိုအချိန်တွင် ကွန်ပျူတာပြန်ဖွင့် အသံဖိုင်ပြန်ရှာ၊ လုံးကောက်ဖြေထားသည့် ဖိုင်ပြန်ရှာ စသည်ဖြင့် ရှင်းလင်းအောင်ပြန်ရေး သို့တည်းမဟုတ် သတင်းဓာတ်ပုံ ကောင်းမကောင်း စသဖြင့် အလုပ်များကြရသည်။ ထိုထိုသမျှသော ပြဿနာအကြောင်းအရာအမျိုးမျိုးကို ဖြေရှင်းပြီးချိန်တွင် အချိန်က ည ၁၂ နာရီ။ စိတ်မောလူမော ဖြစ်နေ၍ အိပ်မပျော်သော်လည်း မနက် ၅ နာရီထ၍ လိုက်ရမည့် သတင်းအတွက် ဇွတ်အတင်းကြိတ်မှိတ်အိပ်ကြရသည်။

အချို့အချို့သော ပညာရှင်ပေါင်းများစွာက သတင်းထောက်အပေါ် အထူးအခွင့်အရေးတောင်းဆိုတတ်ကြသည်။ "သတင်းရေးပြီး ပြပါဦး။ ခင်ဗျားတို့ရေးတာမှားမှာစိုးလို့။ မလိုတာတွေလည်း ပါသွားဦးမယ်" စသည်ဖြင့် တောင်းဆိုတတ်ကြသည်။ ထိုတောင်းဆိုမှုများက ယခင်ခေတ်လက်ကျန် ပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံတွင် အတော်ဆုံး၊ အတတ်ဆုံးဟု မိမိကိုယ်မိမိ ယူဆထားသူများပါဝင်သည်။ ထိုသို့ ညှိနှိုင်းမှုများနှင့် ကြုံတွေ့ရလျှင် သတင်းထောက်များ စိတ်ဆင်းရဲရတတ်သည်။ သတင်းထောက်တစ်ဦးအနေဖြင့် မိမိရေးသားထားသောသတင်းကို ပြန်လည်ပြသရန် တာဝန်မရှိပေ။ ထိုအချက်ကို စာနယ်ဇင်းသမားမှလွဲလျှင် ကျန်သူတိုင်း သိရှိထားသင့်သည်။ ရေးသားပြီးသော သတင်းကို ပြန်လည်ပြသရန် အခွင့်အရေးကို သတင်းထောက်ထံ မတောင်းဆိုသင့်ပေ။

သတင်းအဓိပ္ပာယ် ကောက်လွဲစေနိုင်သော အခက်အခဲများ

အမြဲလိုလို စာနယ်ဇင်းရှင်းလင်းပွဲ လုပ်လေ့လုပ်ထရှိသော နေရာများ၊ စားသောက်ဆိုင်များ၊ အခမ်းအနားပွဲကြီးများကို တာဝန်ယူကျင်းပလေ့ရှိသော ဟိုတယ်ကြီးများသည် အမြဲလိုလို သတင်းသမားနှင့် ထိတွေ့နေရသည့်အတွက် သတင်းသမား၏ အထာကို သိသည်။ သတင်းသမားများ မည်သည့်နေရာမှ သတင်းယူမည်၊ အသံဖမ်းစက်ကိုမည်သည့်နေရာတွင် ထားမည်ကို သိသည်။ သို့အတွက်ကြောင့် သတင်းသမားများအတွက် ပစ္စည်းတင်ရန်ခုံနှင့် အသံအနိမ့်အမြင့်ကို ချိန်ညှိပေးတတ်ကြသည်။ ရုံဖန်ရံခါသာ ကျင်းပလေ့ရှိသောနေရာများ၊ သို့တည်းမဟုတ် သတင်းသမားကို ဦးစားမပေးသောနေရာများတွင် သတင်းသွားရောက်ရယူရပါက အခက်အခဲဖြစ်ကြရသည်။ စပီကာနှင့် အသံဖမ်းစက်ထားရန်နေရာမှာ အလွန်ဝေးကွာလွန်းခြင်း၊ တွေ့ဆုံမေးမြန်းခွင့်မပြုခြင်းတို့သည် သတင်းအဓိပ္ပာယ်ကောက်လွဲစေနိုင်သော အခက်အခဲများပင်ဖြစ်သည်။

သတင်းရေးသားပေးပို့ရန်သာ တာဝန်ရှိ

အချို့သောအဖွဲ့အစည်း၊ ကုမ္ပဏီများက သတင်းတာဝန်ခံများ ထားတတ်ကြသည်။ ပြန်ကြားရေးအရာရှိများ ထားတတ်ကြသည်။ အချို့က သတင်းသမားများအား ဖိတ်ကြားကြိုဆိုရေး တာဝန်ခံများအဖြစ် လုပ်ကိုင်ကြသည်။ အဖွဲ့အစည်း၊ ကုမ္ပဏီနှင့် သတင်းသမားများအကြား သတင်းတာဝန်ခံများမှတစ်ဆင့် ဆက်သွယ်ကြရသည်။ ပြန်ကြားရေးအရာရှိများမှတစ်ဆင့် ဆက်သွယ်ကြရသည်။ လွန်ခဲ့သောလပိုင်းက လူမှုအခြေပြုအဖွဲ့အစည်းတစ်ခုမှ ပြန်ကြားရေးအရာရှိတစ်ဦးက စာရေးသူအား မေးဖူးသည်။ "ရှင်သတင်းကို ဘယ်တော့ရေးမှာလဲ၊ ဘယ်နေ့ပါမှာလဲ" ဟူ၍ဖြစ်သည်။ အမှန်မှာ သတင်းကရေး၍ သတင်းစာတွင် ပါသွားပြီးဖြစ်သည်။ သတင်းထောက်၏ တာဝန်မှာသတင်းရေးသားပေးပို့ရန်သာ တာဝန်ရှိသည်။ သတင်းစာတွင် ထည့်သွင်းခြင်း၊ မထည့်သွင်းခြင်းမှာ အယ်ဒီတာတို့၏ တာဝန်ဖြစ်သည်။ မိမိသတင်း မဖြစ်မနေသတင်းစာတွင်ပါရန် လိုလားပါက ကြော်ငြာကဏ္ဍတွင် သွားရောက်ထည့်သွင်းသင့်သည်။ စာမျက်နှာကော်လံကြေးပေးသွင်းပြီးဖြစ်၍ မိမိသတင်းမပါမည်ကို စိုးရိမ်စရာ မလိုတော့ပေ။

အထက်ပါစာအဖွဲ့အစည်းကို အဆုံးသတ်ရသော် စာနယ်ဇင်းရှင်းလင်းမည့်သူသည် မိမိရှင်းလင်းမည့်အကြောင်းအရာကို တိုတိုနှင့်လိုရင်း ရှင်းလင်းရမည်သာ၊ သတင်းသမားများ အခက်အခဲဖြစ်စေမည့် ဘာသာရပ်ဆိုင်ရာ စကားလုံးများ၊ အင်္ဂလိပ်စာလုံးများ၊ ဥပမာများ ထည့်သွင်းပြောဆိုခြင်းကို ရှောင်ရှားပေးရမည်။ ဆောင်းဘောက်ခေါ် စပီကာများကို သတင်းထောက်များ အသံဖမ်းနိုင်ရန် အနီးအနားတွင် ထားရှိပေးခြင်းဖြင့် ရန်ကုန်မြို့တော်၌ ကျင်းပမည့်သတင်းစာရှင်းလင်းပွဲများတွင် လုပ်ဆောင်ပေးသင့်ပါကြောင်း . . .။ ။

အချပ်ပို (က) မှ

ဒီစီမံကိန်းဟာ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နဲ့ အနီးဝန်းကျင်က ဒေသခံလူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ထွက်ပေါ်လာစေမှာပဲ ဖြစ်ပါတယ်။

လုပ်ငန်းတွေအကောင်အထည်ဖော်ဖို့စတင်နေ

တကယ်တော့ ရန်ကုန်မြို့ဆင်ခြေဖုံးမြို့နယ်တွေမှာ အကျယ်အဝန်း ဧက ၁၀၀၀ ခန့်ရှိတဲ့ စက်မှုဇုန်တွေ တည်ဆောက်အကောင်အထည်ဖော်နိုင်ဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ကြိုးစားနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဧက ၇၀၀ ခန့် အကျယ်အဝန်းမှာ အကောင်အထည်ဖော်မယ့် ဇရပ်ကွင်းစက်မှုဥယျာဉ်စီမံကိန်းကလည်း လုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ စတင်နေပြီဖြစ်ပါတယ်။

ဒါ့အပြင် အကျယ်အဝန်းဧက ၅၀၀ ခန့်ရှိတဲ့ ဒလဘန်းစက်မှုဥယျာဉ်ကိုလည်း ဖော်ဆောင်နိုင်ရေးကြိုးစားနေသလို အကျယ်အဝန်း ဧက ၅၀၀ ခန့်ရှိတဲ့ ရှမ်းတဲကြီး အကြီးစားစက်မှုဇုန်စီမံကိန်းတွေကိုလည်း ဖော်ဆောင်နိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရက ကြိုးစားစီစဉ်နေပါတယ်။

ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု အများဆုံးတည်ရှိရာဖြစ်တဲ့ ရန်ကုန်မြို့ဟာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်များပြားလာတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ များများထွက်ပေါ်လာတာမို့ လူငယ်တွေအတွက် မျှော်လင့်ချက်ရှင်သန်စရာ မြို့ကြီးတစ်မြို့အဖြစ် ရပ်တည်လာနိုင်မှာဖြစ်ပါတယ်။

ရန်ကုန်စီမံကိန်းဘဏ်မှာ ထည့်သွင်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရဟာ ဒဂုံမြို့သစ်အရှေ့ပိုင်းမှာ အရှေ့ဒဂုံခေတ်မီစက်မှုဇုန်(၁)နှင့် (၂)တို့ကို အကောင်အထည်ဖော်ဖို့ အစီအစဉ်ရှိနေပါတယ်။ အဲဒီစက်မှုဇုန်(၁)မှာ ထည့်သွင်းလုပ်ဆောင်မှာကတော့ အသေးစားစက်မှုလုပ်ငန်းနဲ့ စီးပွားရေးဇုန် တည်ဆောက်ဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ရန်ကုန်စီမံကိန်းဘဏ်မှာ ထည့်သွင်းထားတာဖြစ်ပါတယ်။

ဈေးကွက်အထိလွယ်ကူလျင်မြန်စွာချိတ်ဆက်

အရှေ့ဒဂုံ ခေတ်မီစက်မှုဇုန်(၁)မှာ မြေအကျယ်အဝန်းဧက ၂၈၅၀ ခန့် ပါဝင်နေပါတယ်။ အဲဒီဇုန် (၁)မှာ အသေးစားစက်မှုလုပ်ငန်းများနဲ့ စီးပွားရေးဇုန်တည်ဆောက်ဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက အစီအစဉ်ရှိနေပါတယ်။ ကုန်သွယ်မှုနဲ့ ကုန်ထုတ်လုပ်မှုတွေ ပေါင်းစပ်နိုင်အောင် စီစဉ်ထားတာဖြစ်ပြီး ထုတ်ကုန်တွေကို သယ်ယူပို့ဆောင်နိုင်ရေးနဲ့ ဈေးကွက်အထိ လွယ်ကူလျင်မြန်စွာ ချိတ်ဆက်နိုင်ရေးအထိပါ မျှော်မှန်းထားတာ ဖြစ်ပါတယ်။

> “ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးဧရိယာပတ်လည်မှာ စက်မှုဇုန်၊ စက်မှုဥယျာဉ်၊ အထူးစီးပွားရေးဇုန်တွေ တိုးတက်ဖြစ်ထွန်းအောင် ဖော်ဆောင်ဖို့ ကြိုးစားနေတာဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမောင်းနှင်အားကို ပိုမို တွန်းအားပေး ဖြည့်ဆည်းနိုင်ဖို့ဖြစ်ပါတယ်။ ဒါ့အပြင် လူငယ်တွေ၊ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ပေါ်ထွက်လာပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံသစ်တွေ၊ စိတ်ကူးအကြံဉာဏ်သစ်တွေ ထွက်ပေါ်စေမှာပဲ ဖြစ်ပါတယ် ”

ဒဂုံမြို့သစ်(အရှေ့ပိုင်း) ခေတ်မီစက်မှုဇုန်(၂)ကတော့ မြေဧက ၆၅၀၀ ကျော်မှာ ဆောင်ရွက်ဖို့အစီအစဉ်ရှိနေပြီး အဲဒီနေရာမှာ စက်မှုဇုန်ရော၊ စီးပွားရေးဇုန်တွေပါ တည်ထောင်နိုင်ဖို့ဖြစ်သလို လူနေအိမ်ရာတွေပါ ထည့်သွင်းဖော်ဆောင်နိုင်ရေး မျှော်မှန်းထားတာဖြစ်ပါတယ်။ ဒဂုံမြို့သစ်အရှေ့ပိုင်းမှာ ဆောင်ရွက်ဖို့ စီစဉ်ထားတဲ့ အဲဒီစက်မှုဇုန်(၁) နဲ့ (၂)တွေအတွက် စီမံကိန်းအကြိုလေ့လာမှုတွေ ပြုလုပ်ခဲ့ပြီးဖြစ်တယ်လို့ ဆိုပါတယ်။ အရှေ့ဒဂုံခေတ်မီစက်မှုဇုန်(၁)နဲ့ (၂) စီမံကိန်းကို ရန်ကုန်စီမံကိန်းဘဏ်မှာ ထည့်သွင်းဖော်ပြထားပါတယ်။

စိတ်ကူးအကြံဉာဏ်သစ်တွေ ထွက်ပေါ်

ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးဧရိယာပတ်လည်မှာ စက်မှုဇုန်၊ စက်မှုဥယျာဉ်၊ အထူးစီးပွားရေးဇုန်တွေ တိုးတက်ဖြစ်ထွန်းအောင် ဖော်ဆောင်ဖို့ ကြိုးစားနေတာဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမောင်းနှင်အားကို ပိုမိုတွန်းအားပေးဖြည့်ဆည်းနိုင်ဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် လူငယ်တွေ၊ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ပေါ်ထွက်လာပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံသစ်တွေ၊ စိတ်ကူးအကြံဉာဏ်သစ်တွေ ထွက်ပေါ်စေမှာပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့စီးပွားရေးမြို့တော်

ဒါကြောင့်မို့ အခုလိုပြည်သူလူထုကို ချပြဆွေးနွေးနေပြီဖြစ်တဲ့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မလစ်ရွာအနီးမှာ ဖော်ဆောင်ဖို့ ကြိုးစားနေတဲ့ အသေးစားစက်မှုဥယျာဉ်စီမံကိန်း (မလစ်)ဟာ အကောင်အထည်ပေါ်လာခဲ့ရင်တော့ ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်အဖြစ် ပီပြင်စေမယ့် ပုံရိပ်တစ်ခုဖြစ်ထွန်းလာဦးမှာ အမှန်ပါပဲ။ ။

အချပ်ပို (ခ) မှ

တံတားပေါ်မှ အဆင်ပြေပြေမောင်းနှင်နိုင်

အဲဒီလို ဆောင်ရွက်နိုင်မယ်ဆိုရင် အလုံဘက်ဆီကနေ အထက်ကြည့်မြင်တိုင်လမ်းမဆီကို သွားလိုတဲ့ YBS ကဲ့သို့ ယာဉ်ကြီးတွေကလွဲလို့ ယာဉ်ငယ်အများစုက မီးပွိုင့်ကို အချိန်ပေးစောင့်ဆိုင်းစရာမလိုဘဲ တံတားပေါ်မှ အဆင်ပြေပြေမောင်းနှင်နိုင်ကြမှာဖြစ်ပါတယ်။

စမ်းချောင်း၊ မြေနီကုန်းဘက်ကို သွားလိုတဲ့ ယာဉ်ကြီး၊ ယာဉ်ငယ်အားလုံးက မူလအတိုင်း ဗားကရာချောက်အောက်က မောင်းနှင်ကြရမှာဖြစ်ပါတယ်။

လက်တွေ့ကျကျဖြေရှင်း

အဲဒီအခါမှာ ရလာမယ့်အကျိုးက မော်တော်ယာဉ်အများအပြားက ဗားကရာချောက်မီးပွိုင့်မှာ အချိန်ကုန်ခံစောင့်ဆိုင်းနေမှုများက လွတ်ကင်းနိုင်ကြမှာ အမှန်ပဲဖြစ်ပါတယ်။ အစိုးရအနေနဲ့ ယာဉ်ကြောကျပ်တည်းမှု လက်တွေ့ကျကျဖြေရှင်းပေးနိုင်မယ့် နည်းတစ်ခုဖြစ်ပါတယ်။

ကျပ်တည်းနေသော ယာဉ်ကြောတစ်ခုကို ရှင်းလင်းနိုင်ပါက နောက်ဆက်တွဲ အခြားယာဉ်ကြောတစ်ခုအတွက်ပါ ဆက်စပ်အကျိုးရှိလာနိုင်မယ်လို့လည်း ယုံကြည်မိပါတယ်။

ယာဉ်ကြောကျပ်တည်းမှု ပြေလည်စေရေး

သည့်အတွက် ရန်ကုန်မြို့က မြို့နယ်တစ်ခုဖြစ်တဲ့ ကြည့်မြင်တိုင်မြို့နယ်က ယာဉ်ကြောအကျပ်အတည်းမှသည် ဆက်စပ်အခြားမြို့နယ်များ ယာဉ်ကြောကျပ်တည်းမှု ပြေလည်စေရေးအတွက် အကြံပြုရေးသားလိုက်ရပါတယ်။ ။